ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 29 October 2017 (၉၀၉၂)

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ-UPDJC အတွင်းရေးမှူးအဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန( NRPC)၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁) ကိစ္စ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးကိစ္စ၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်နှင့် လုပ်ငန်းလမ်းညွှန်များ ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲခြင်းကိစ္စ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးတွင် ဆွေးနွေးမည့်အကြောင်းအရာများ သတ်မှတ်ခြင်းကိစ္စ၊ UPDJC ၏ Proposal ရေးဆွဲရေးကိစ္စနှင့် ဆက်ဆံရေးရုံးများ၏ လုပ်ငန်းလမ်းညွှန်ပါ UPDJC ဆိုင်ရာကိစ္စ(Lo ToR)များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေးနှင့်စပ်လျဉ်း၍ အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာလျန်မှုန်းဆာခေါင်းက "ဒီနေ့ အစည်းအဝေးကတော့ UPDJC အစည်းအဝေးအတွက် ပြင်ဆင်မှုတွေလုပ်ပေးတဲ့ အစည်းအဝေးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီမှာပြင်ဆင်ပြီးရင် ဘာတွေလုပ်သင့်တယ်ဆိုတာကို UPDJC ကို တင်ပြပြီးတော့ ဆုံးဖြတ်ချက်ချတဲ့အခါ ပိုပြီးအဆင်ပြေအောင် ဆောင်ရွက်တာပဲဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးတာတွေကို ကြည့်ရင်တော့ ပြီးခဲ့တဲ့ NCA နှစ်ပတ်လည်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ဒီနှစ်မကုန်ခင်မှာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

ရသစာပေ ကျဆုံးတယ်ဆိုတာ ရသစာပေရေးတဲ့သူ မရှိလို့ပါ။ လူသားတွေကို အကျိုးပြုတဲ့စာပေတွေ ရေးကြပါလို့ လူငယ်စာရေးဆရာတွေကို ပြောချင်ပါတယ်

စာမျက်နှာ - ၇

မူးယစ်နွံအတွင်း နစ်ဆင်းနေတဲ့ လူငယ်လူရွယ်တွေကို အားလုံးက ကယ်ထုတ်ဖို့ ကြိုးပမ်းကြရမှာဖြစ်သလို တစ်ဖက်ကလည်း မူးယစ်ဆေးဝါးတွေကို အမြစ်ပါမကျန် တွန်းလှန်ဖယ်ရှားပေးကြဖို့ အားလုံးမှာတာဝန်ရှိနေ

စာမျက်နှာ - ၈

ကြေးမုံ

စာ - ၁၆၊ ၁၇



မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ Police Band ၏ တီးခတ်ဖျော်ဖြေမှုကို တွေ့ရစဉ်။

# ပြည်သူလူထုနှင့် ရဲတပ်ဖွဲ့ဝင်များ ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန် ရည်ရွယ်၍ (၂၂)ကြိမ်မြောက် World Police Band Concert ဖျော်ဖြေပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံ၌ အိမ်ရှင်အနေဖြင့် လက်ခံကျင်းပသည့် (၂၂)ကြိမ်မြောက် World Police Band Concert ဖျော်ဖြေပွဲကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းအတိုင်း ကမ်းနားလမ်းမှ ဗိုလ်ချုပ်လမ်းအထိ အောက်တိုဘာ ၂၈ ရက်နံနက် ၈ နာရီမှ ၉ နာရီခွဲထိ စုပေါင်းလမ်းလျှောက်တီးခတ်ဖျော်ဖြေတင်ဆက်မှုဖြင့် ကျင်းပရာ **(အပေါ်ပုံ)** ပြည်သူများက တစ်ခဲနက်လာရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့တော်၌ ပထမဦးဆုံးအကြိမ် ကျင်းပသည့် အဆိုပါ (၂၂)ကြိမ်မြောက် World Police Band Concert ဖျော်ဖြေပွဲကျင်းပရခြင်းရည်ရွယ်ချက်မှာ အာရှဒေသအတွင်းရှိ နိုင်ငံများမှ ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြင့်မားစေရန်၊ စည်းလုံးညီညွတ်စေရန်၊ ဆက်သွယ်ဆောင်ရွက်ကြစေရန်၊ ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ပြသရန် ရည်ရွယ်ချက်များဖြင့် မြန်မာ၊ စင်ကာပူ၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံများမှ Police Band အဖွဲ့များက စုပေါင်းလမ်းလျှောက်တီးခတ်ဖျော်ဖြေခဲ့ကြခြင်းဖြစ်ပြီး အိမ်ရှင်နိုင်ငံ၏ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးအမှတ်သင်္ကေတအား ဖော်ဆောင်ရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြားနိုင်ငံတကာရဲတပ်ဖွဲ့၏ အနုပညာနှင့် ယဉ်ကျေးမှု အတူတကွပူးပေါင်းဖလှယ်ပြီး ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန်နှင့် ပြည်သူလူထုနှင့် ရဲတပ်ဖွဲ့ဝင်များ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ရန်ကုန်မြို့၌ ပထမဆုံးအကြိမ် ခမ်းနားစွာ ကျင်းပခဲ့ခြင်းလည်းဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၂ သို့ ○**



# ကြေးမုံ

## ဖွံ့ဖြိုးတိုးတက်မှ တည်ငြိမ်အေးချမ်း

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူမှုဒုက္ခများ၊ ပဋိပက္ခများ ပိုမိုကြီးထွားခဲ့ရခြင်းသည် ဆင်းရဲနွမ်းပါးခြင်း၊ အသိပညာနည်းပါးခြင်းတို့၏ အကြောင်းအရင်းများလည်းပါဝင်သည်။ ဆင်းရဲနွမ်းပါးပြီး အသိပညာ အားနည်းပါက မလိုလားအပ်သည့် ဆိုးကျိုးများ အလွယ်တကူ ဖြစ်ပေါ်လာနိုင်သည်။ ရခိုင်ပြည်နယ်အတွင်း နေရပ်မှစွန့်ခွာသွားကြသည်မှာ ဆင်းရဲနွမ်းပါးခြင်း၏ အဓိကအချက်ဖြစ်သည့် အလုပ်အကိုင်ရှားပါးခြင်း ကြောင့်ဖြစ်သည်ဟု ဆိုနိုင်သည်။ နေရပ်မှ စွန့်ခွာကြခြင်းသည် အကြမ်းဖက် တိုက်ခိုက်မှုကြောင့် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးကြသော ဘာသာခြားများသာမဟုတ်၊အလုပ်အကိုင်ရှားပါးမှုကြောင့် ရေကြည်ရာမြက်နုရာအရပ်များသို့ ပြောင်းရွှေ့သွားသောဒေသခံတိုင်းရင်းသားများလည်း ပါဝင်သည်။

ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ ရခိုင်ပြည်နယ်၏ လိုအပ်ချက်များကို အမြန်ဆုံးအကောင်အထည်ပေါ်လာနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။သို့သော် နတ်ရေကန်ထဲ ပစ်ချလိုက်သကဲ့သို့ ချက်ချင်းအကောင်အထည်ပေါ်လာမည် မဟုတ်။ ရေတို၊ ရေရှည် စီမံကိန်းများဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမှသာ အမြန်ဆုံးအကောင်အထည်ပေါ်မည်ဖြစ်၍ မကြာသေးမီက ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များစုပေါင်း၍ ရခိုင်ပြည်နယ်အတွက် အားတက်သရော လှူဒါန်းသကဲ့သို့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်အောင် အားလုံးပါဝင်ရင်းနှီးမြှုပ်နှံမှုပြုကြရန် လိုအပ်မည်ဖြစ်သည်။

ရခိုင်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ပြီး ရေမြေသဘာဝအထူးကောင်းမွန်သည်မှာ လက်တွေ့လေ့လာကြည့်လျှင် သိမြင်နိုင်ပါသည်။ ရခိုင်ပြည်နယ်ရှိ မြို့ရွာများမှ ပင်လယ်ကမ်းခြေများအထိ လေ့လာကြည့်မည်ဆိုလျှင် မြစ်ချောင်းအင်းအိုင်များနှင့် ပြန့်ပြူးသော လွင်ပြင်များမှာတစ်မျှော်တစ်ခေါ် ဖြစ်သည်။ နေရာဒေသတိုင်းတွင် စိုက်ပျိုးနိုင်ပြီး မြစ်ချောင်းအင်းအိုင်ပင်လယ်ကမ်းနီး၊ ကမ်းဝေးဒေသတို့တွင် ရေထွက်ကုန်များကို အလွယ်တကူ ရှာဖွေနိုင်သည်။ သဘာဝအရင်းအမြစ်များ ထိုသို့ပေါများလှသလို လုပ်သားအင်အားများမှာလည်း မရေမတွက်နိုင်အောင် များပြားလှသည်။ သို့သော် ဒေသစီးပွားရေးလုပ်ငန်းများအတွက် အရင်းအနှီးမရှိခြင်း၊ ဒေသတည်ငြိမ်အေးချမ်းမှုမရှိခြင်းတို့ကြောင့် အရင်းအမြစ်များရှိသော်လည်း အလုပ်မဖြစ်ဘဲ အဆိုးသံသရာတွင် လည်နေကြရသည်။

ပြီးခဲ့သည့်ရက်ပိုင်းက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထူထောင်ထားသော အများပိုင်ကုမ္ပဏီများဖြစ်သည့် မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဒေသများ၌ လယ်ယာကဏ္ဍ၊ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးနှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားမည်ဟု သိရသည်။ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ငွေကျပ်ဘီလီယံ ၅၀ ခန့် အသုံးပြုမည်ဖြစ်သည်။

လယ်ယာကဏ္ဍ၊ ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဘူးသီးတောင်မြို့နယ်တွင် မြေဧက ၅၀၀ ပေါ်၌ အစားအစာသီးနှံဥယျာဉ်ကြီး ထူထောင်သွားမည်ဖြစ်ရာ ဆန်စပါးနှင့် စိုက်ပျိုးရေး အခြေခံထွက်ကုန် ကုန်ကြမ်းများကို ကုန်ချောအဖြစ် ထုတ်လုပ်သည့် စားသောက်ကုန်လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းတို့ကို စီစဉ်သွားမည်ဖြစ်သည်။ ထို့အပြင် အခြားဒေသများ၌လည်း စပါးအခြောက်ခံစက်များ တပ်ဆင်ပေးခြင်း၊ ခေတ်မီဆန်စက်များ ပြောင်းလဲပေးခြင်း၊ သိုလှောင်ရုံများ၊ အဆင့်မြင့်ပေါင်းဆန်စက်များ တည်ထောင်ရင်းနှီးမြှုပ်နှံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများ စတင်လုပ်ဆောင်နေပြီး ဒေသလုံခြုံရေးကို နိုင်ငံတော်မှ တာဝန်ယူဆောင်ရွက်ပေးနေပြီဖြစ်၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ကျန်စီးပွားရေးလုပ်ငန်းများတွင် ယုံကြည်စိတ်ချစွာဖြင့် ပါဝင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

## တောင်သူနစ်နာမှုထောက်ပံ့ကြေးငွေနှင့် သီးနှံလျော်ကြေးငွေများ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် နေပြည်တော် စည်ပင်သာယာရေး ကော်မတီပိုင်အဖြစ် လွှဲပြောင်း အသုံးပြုခွင့်ရရှိခဲ့သော မြေနေရာအတွက် ယခင်စိုက်ပျိုးလုပ်ကိုင်ခဲ့သည့် တောင်သူများထံ နစ်နာမှုထောက်ပံ့ကြေးနှင့် သီးနှံလျော်ကြေးငွေများ ပေးအပ်မှုကို အောက်တိုဘာ ၂၇ ရက်က နေပြည်တော် စည်ပင်သာယာရေး ကော်မတီရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရွှေကြာပင်လမ်း အကျဉ်းဦးစီးဌာန (က)အဆင့် အကျဉ်းထောင်မြေနေရာနှင့် ဇေယျာအောင်မြေလမ်းအတွင်းရှိ ယခင်သစ်တောစိုက်ပျိုးမြေ ၃၈ ဒသမ ၄၄ ဧကတွင် စိုက်ပျိုးလုပ်ကိုင်ခဲ့သည့် တောင်သူ ၁၄ ဦးကို နစ်နာမှုထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင် တက်ရောက်၍ ထောက်ပံ့ကြေးငွေနှင့် လျော်ကြေးငွေများ ပေးအပ်သည်။

နေပြည်တော် စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာန ဌာနမှူး ဦးစိုးနိုင်က နစ်နာမှု ထောက်ပံ့ကြေးငွေများ ထုတ်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်၊ နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်၊ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်နှင့် ကော်မတီဝင် ဦးမင်းသူတို့က တောင်သူများအား နစ်နာမှု ထောက်ပံ့ကြေးငွေများနှင့် သီးနှံလျော်ကြေးငွေများအား ပေးအပ်ခဲ့ကြသည်။

လက်ရှိ အစိုးရလက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ်မှ နေပြည်တော် စည်ပင်သာယာရေး ကော်မတီပိုင်မြေအဖြစ် အသုံးပြုခွင့်ရရှိပြီးဖြစ်သော ယခင်သစ်တောစိုက်ပျိုးမြေ ၂၀၂ ဒသမ ၆၀ ဧကအတွက် နစ်နာမှု ထောက်ပံ့ကြေး ငွေကျပ် ၂၁၂ ဒသမ ၁၁၄ သန်း၊ ဒက္ခိဏသီရိမြို့နယ်မှ ယခင်သစ်တောစိုက်ပျိုးမြေ ၆၉၉ ဒသမ ၆၇ ဧကအတွက် နစ်နာမှု ထောက်ပံ့ကြေးငွေကျပ် ၇၃၃ ဒသမ ၀၃၅ သန်း စုစုပေါင်းမြေ ၉၀၂ ဒသမ ၂၇ ဧကအတွက် နစ်နာမှု ထောက်ပံ့ကြေးငွေကျပ် ၉၄၅ ဒသမ ၁၄၅ သန်းကို တောင်သူ ၃၈၂ ဦးတို့အား နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေမှ ကျခံသုံးစွဲခဲ့ပြီးဖြစ်သည်။

ယနေ့ အခမ်းအနားတွင် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် နေပြည်တော် စည်ပင်သာယာရေး ကော်မတီပိုင်အဖြစ် လွှဲပြောင်းအသုံးပြုခွင့် ရရှိခဲ့သော ရွှေကြာပင်လမ်း အကျဉ်းဦးစီးဌာန(က)အဆင့် အကျဉ်းထောင်မြေနေရာနှင့် ဇေယျာအောင်မြေလမ်းအတွင်းရှိ ယခင်သစ်တောစိုက်ပျိုးမြေ ၃၈ ဒသမ ၄၄ ဧကတွင် စိုက်ပျိုးလုပ်ကိုင်ခဲ့သည့် တောင်သူ ၁၄ ဦးထံသို့ နစ်နာမှု ထောက်ပံ့ကြေးငွေနှင့် သီးနှံလျော်ကြေးငွေကျပ် ၃၉ ဒသမ ၃၀၅ သန်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲနှင့် ရှေ့နေအဖွဲ့အစည်းများ တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲနှင့် ရှေ့နေအဖွဲ့အစည်းများ တွေ့ဆုံပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

"ရန်ကုန်မြို့ပေါ်မှာရှိနေတဲ့ ဥပဒေနဲ့ပတ်သက်တဲ့ ရှေ့နေအဖွဲ့အစည်းတွေကို ဖိတ်ခေါ်ပြီး တွေ့ဆုံဆွေးနွေးတာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့က တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်တဲ့အခါမှာ မိမိတို့ဒေသအတွင်းမှာရှိတဲ့ ဥပဒေအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံညှိနှိုင်းမယ်။ အဲဒီလိုတွေ့ဆုံတဲ့အခါမှာလည်း သူတို့ဘာတွေဆောင်ရွက်နေတယ်၊ ဘယ်လိုဖွဲ့စည်းထားတယ်၊ အခက်အခဲတွေက ဘာတွေဆိုတာ တစ်ဖွဲ့ချင်း မှတ်တမ်းတင်ပြီး သူတို့ရဲ့ အခက်အခဲတွေ၊ သူတို့ဆီကရမယ့် အကြံဉာဏ်တွေကို အစိုးရအဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်းပေးသွားမှာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တရားဥပဒေစိုးမိုးရေးဟာ အရင်ကထက်ပိုပြီး တိုးတက်လာဖို့ အခွင့်အလမ်းတွေ ရလာမယ်လို့ ယုံကြည်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲမှ အဖွဲ့ဝင် ဦးအောင်စိုးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲကို မေ ၁၇ ရက်က အမိန့်အမှတ် (၁၀/၂၀၁၇) ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

"တရားရုံးတွေကလည်း လူထုယုံကြည်ရတဲ့ ဥပဒေနဲ့ညီတဲ့ တရားရုံးတွေဖြစ်ဖို့လိုတယ်။ ဥပဒေပညာရှင်တွေကလည်း ဥပဒေနဲ့မညီတဲ့ ဆုံးဖြတ်ချက်တွေ၊ အကြံပေးတာတွေ မလုပ်မိဖို့လိုတယ်။ ရဲတပ်ဖွဲ့ကလည်း တကယ်ကျူးလွန်တဲ့သူကို ဖော်ထုတ်နိုင်ရမယ်။ ထွေအုပ်ကလည်း ကိုယ့်ရပ်ကိုယ့်ရွာမှာ အုပ်ချုပ်တဲ့အခါ ပိုပြီးသာယာဝပြောလာဖို့ အဲဒါတွေကို ဝန်ထမ်းတွေရော၊ တာဝန်ရှိသူတွေရော၊ ပြည်သူရော ပေါင်းစပ်ပြီးလုပ်ကြဖို့ လိုပါတယ်။ ကျွန်တော်တို့ကလည်း ပေါင်းစပ်ညှိနှိုင်းပေးပါ့မယ်"ဟု ဦးအောင်စိုးက ပြောသည်။ **(သီသီမင်း)**

## စပါးလက်ကျန်နည်း၍ ဆန်တစ်အိတ် ကျပ်သုံးထောင်ကျော် ဈေးတက်

**ဖျာပုံ အောက်တိုဘာ ၂၈**

ဖျာပုံမြို့နယ်တွင် စပါးဟောင်းလက်ကျန်များနည်းနေပြီဖြစ်၍ စပါးဈေးနှင့်ဆန်ဈေးများ ယခုရက်ပိုင်းအတွင်း သိသာစွာတက်လာကြောင်း သိရသည်။

ဖျာပုံမြို့နယ် ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးမြင့်သိန်းက "ဆန်စက်တွေမှာ စပါးကြိတ်ခွဲမှုကတော့ပုံမှန်အတိုင်းပါပဲ။ စပါးဟောင်းလက်ကျန်နည်းသွားတော့ စပါးဈေးတက်လာတယ်။ ဘေးကျားစပါး တင်း ၁၀၀ ကို ကျပ်ရှစ်သိန်းခွဲကနေ အခုကျပ် ၁၀ သိန်းအထိဖြစ်နေပြီ။ တောင်ပျံစပါးတင်း ၁၀၀ က အရင် ၁၀ သိန်းကနေ အခုငွေကျပ် ၁၁ သိန်း ကျော်နေပြီဖြစ်ပါတယ်" ဟု ရှင်းပြသည်။

စပါးလှောင်သူအများစုမှာ ငွေကြေးတတ်နိုင်၍သိုလှောင်ထားခြင်းဖြစ်ပြီး ကြိုက်ဈေးရမှရောင်းမည်ဖြစ်ကာ စပါးဈေးတက်လာခြင်းကြောင့် ဆန်ကုန်သည်များကလည်း လက်ရှိဆန်တစ်အိတ် ငွေကျပ်သုံးထောင်မှ ငွေကျပ်လေးထောင်အထိ ဈေးမြှင့်ရောင်းနေကြခြင်းဖြစ်သည်။ **အောင်ဝင်း(ဖျာပုံ)**




ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပစဉ်။

**✻ ရှေ့ဖုံးမှ**

ကျင်းပချင်တယ်ဆိုတော့ အဲဒါနဲ့ဆက်စပ်ပြီး လိုအပ်တဲ့ အချက်တွေကို သုံးသပ်တယ်။ အဲဒီမှာ အဓိကအခက်အခဲသွားတွေ့တာက အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို နဂိုအတိုင်းပဲ နေရာတိုင်းမှာ လုပ်မလား၊ ဒါမှမဟုတ် ပြီးခဲ့တဲ့ဖြစ်စဉ်တုန်းက မလုပ်နိုင်သေးတဲ့ RCSS နေရာနဲ့ ALP နေရာတွေမှာပဲ လုပ်မလား၊ အဲဒါလည်းလုပ်ဖို့ အဆင်မပြေဘူးဆိုရင် ဘယ်လိုလုပ်သင့်သလဲဆိုတာတွေကို ကျွန်တော်တို့ ဆွေးနွေးပါတယ်”ဟု ပြောကြားသည်။

ထို့ပြင် ၎င်းက “ဒုတိယအနေနဲ့ကတော့ လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဘယ်အကြောင်းအရာတွေကို ဆွေးနွေးမလဲ၊ ခေါင်းစဉ်တွေကိုသတ်မှတ်ပေးဖို့ ခေါင်းစဉ်ဆိုတဲ့နေရာမှာ ပြီးခဲ့တဲ့ ငြိမ်းချမ်းရေးညီလာခံမှာ ဆုံးဖြတ်လို့မရတဲ့ အချက်နှစ်ချက် ရှိပါတယ်။ အဲဒါကတော့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတဲ့အချက်ရယ်၊ ဖက်ဒရယ်မူနဲ့ပတ်သက်တဲ့အချက်ရယ်ပါ။ နောက်ပြီး ပြီးခဲ့တဲ့ညီလာခံ မတိုင်ခင်တုန်းက အမျိုးသားနိုင်ငံရေးအဆင့်ဆွေးနွေးပွဲ ခြောက်နေရာမှာ ကျင်းပခဲ့တာရှိပါတယ်။ အဲဒီ ခြောက်နေရာမှာ ကျင်းပပြီး တက်လာတဲ့အဆိုပြုလွှာတွေဟာ ပြီးခဲ့တဲ့ ညီလာခံမှာ မတင်နိုင်သေးတာတွေ အများကြီးရှိပါတယ်။ အဲဒါတွေ စုစည်းထားတာရှိပါတယ်။ အဲဒါတွေအားလုံးပေါင်းရင် ဖက်ဒရယ်မူမှာ ခြောက်ခု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှာ လေးခု၊ လက်ကျန် ကိုးခု ရှိပါတယ်။ အဲဒါတွေအားလုံးကို မတင်ဘဲအဆင်ပြေတာတွေ ရွေးချယ်ပြီး တင်ပြသွားမှာဖြစ်ပါတယ်” ဟု ဆက်လက်ပြောကြားသည်။

“တတိယဆောင်ရွက်မှုကတော့ ပြီးခဲ့တဲ့ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ သဘောတူထားတဲ့ ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်းတွေကို လွှတ်တော်တင်ဖို့ကိုလည်း ဘယ်လိုအတည်ပြုချက်ရယူမလဲဆိုတာတွေကိုလည်း ပြင်ဆင်ရပါတယ်။ ၃၀ ရက်နဲ့ ၃၁ ရက်မှာကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွက် လိုအပ်တဲ့ပြင်ဆင်မှုတွေကိုလည်း လုပ်ပေးပါတယ်။ လုပ်ရင်းလုပ်ရင်း အခက်အခဲလေးတွေရှိပါတယ်။ ဘာလဲဆိုတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို အထူးသဖြင့် RCSS နဲ့ ALP နေရာတွေမှာ ကျင်းပဖို့ ခွင့်ပြုချက်မရသေးတာကတော့ တော်တော်လေး အခက်အခဲရှိပါတယ်”ဟု ဒေါက်တာလျှန်မှုန်းဆာခေါင်းက ပြောကြားသည်။

“ပြီးခဲ့တဲ့ ဒုတိယအကြိမ်ပင်လုံအစည်းအဝေးတုန်းက အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေကို ခြောက်နေရာလုပ်ခဲ့တယ်။ တတိယအကြိမ်မှာတော့ လေးနေရာလောက်လုပ်နိုင်အောင် ကျွန်တော်တို့ကြိုးစားနေတယ်။ ငြိမ်းချမ်းရေးကော်မရှင်က လက်မှတ်ထိုးပြီးသား နှစ်နေရာမှာ လုပ်နိုင်အောင်ကြိုးစားနေတယ်။ မွန်ပြည်နယ်ကိုလည်း လူမျိုး အလိုက်သော် လည်းကောင်း၊ နောက်ဆုံးဒေသအလိုက် သော်လည်းကောင်း လုပ်နိုင်ပြီးမှ တတိယအကြိမ်လုပ်နိုင်ခဲ့ရင် ညီလာခံကြီးဟာ တစ်ဆင့်ချင်း တစ်ဆင့်ချင်း တစ်နိုင်ငံလုံးလွှမ်းခြုံတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးဖြစ်လာမယ်။ တတိယအကြိမ်ပင်လုံကို ဒီဇင်ဘာလမှာကျင်းပဖို့ဆိုတာ လုပ်ငန်းစဉ်ကြည့်ရင်တော့ နိုင်ငံရေးဆွေးနွေးပွဲတွေ လေးနေရာလောက်ကျင်းပဖို့ရှိတော့ အချိန်အားဖြင့် အကျပ်အတည်းရှိပါတယ်။ နိုင်ငံရဲ့ပုံရိပ်အတွက် အကောင်းဆုံးဖြစ်အောင် တစ်ဆင့်ချင်းတိုးတက်သွားစေချင်တယ်။ တတိယအကြိမ်ညီလာခံဟာ ဒုတိယအကြိမ်ထက် ပိုမိုပြည့်စုံအောင် ကြိုးစားသွားမှာပါ” ဟု ယနေ့အစည်းအဝေးနှင့်စပ်လျဉ်း၍ အတွင်းရေးမှူးအဖွဲ့ဝင် ဦးအောင်စိုးက ပြောသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ-UPDJC အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ အတွင်းရေးမှူးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်စိုး၊ ဦးဇော်ဌေး၊ ဦးနိုင်ငံလင်း၊ ဦးတာလှဖေ၊ ဒေါက်တာလျှန်မှုန်းဆာခေါင်း၊ ဦးမျိုးဝင်း၊ ဦးခွန်မြင့်ထွန်း၊ ဦးစိုင်းငင်း၊ ဒေါ်စောမြရာဇာလင်း၊ ဦးစိုင်းကျော်ညွန့်နှင့် ဦးမင်းကျော်ဇေယျာဦးတို့ တက်ရောက်ကြသည်။

**မျိုးမြင့်(သတင်းစဉ်)**

**❖ ကျောဖုံးမှ**

ထိပ်ဆုံးတွင်နှစ်မှတ်အသာဖြင့် ဦးဆောင်နေသော်လည်း ဂိုးကွာခြားချက်တွင် ဒုတိယနေရာမှ ရန်ကုန်ထက်နည်းနေသောကြောင့် နောက်ဆုံးပွဲတွင် ဟံသာဝတီအသင်းကို အနိုင်ရမှသာ ချန်ပီယံဆု ရယူနိုင်မည်ဖြစ်သည်။ ပွဲစဉ် (၂၁) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၅၁ မှတ်၊ ရန်ကုန်အသင်းက ၄၉ မှတ်၊ ရတနာပုံအသင်းက ၄၄ မှတ်၊ ဧရာဝတီအသင်းက ၃၆ မှတ်၊ ရခိုင်အသင်းက ၃၁ မှတ်၊ မကွေးအသင်းက ၂၉ မှတ်၊ Southern၊ ဟံသာဝတီနှင့် ဇွဲကပင်အသင်းတို့က ၂၃ မှတ်စီ၊ GFA အသင်းက ၁၆ မှတ်၊ နေပြည်တော်အသင်းက ၁၂ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၁ မှတ် ရထားသည်။ တတိယနေရာမှ ရတနာပုံအသင်းသည် နေပြည်တော်အသင်းနှင့် တွေ့ဆုံနေသောကြောင့် ပွဲမကစားရဘဲ သုံးဂိုး၊ သုံးမှတ်ဖြင့် အနိုင်ရမည်ဖြစ်သည်။

ချန်ပီယံဆုအတွက် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့ အပြိုင်ဖြစ်နေသောကြောင့် ပြိုင်ပွဲကျင်းပရေးသည် ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကျင်းပနိုင်ရန် အခမ်းအနားအပြင်အဆင်နှစ်ခုနှင့် ဆုဖလားနှစ်ခု စီစဉ်ထားကြောင်း သိရသည်။ ဆုကြေးငွေများအဖြစ် ပထမဆုကျပ်သိန်း ၁၀၀၀၊ ဒုတိယဆုကျပ်သိန်း ၇၅၀၊ တတိယဆုကျပ်သိန်း ၅၀၀ ချီးမြှင့်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်း ဗိုလ်စွဲခဲ့ပါက ချန်ပီယံအသင်းသစ် ထွက်ပေါ်မည်ဖြစ်ပြီး ရန်ကုန်အသင်းဗိုလ်စွဲခဲ့ပါက ငါးကြိမ်မြောက်ဗိုလ်စွဲမှုဖြစ်လာမည်ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**




# ငြိမ်းချမ်းရေးဂီတပွဲတော် Level - II ပွဲစဉ် (၃/၄) နေပြည်တော်အတွက် အလှူရှင်များက ပါဝင်ကူညီလှူဒါန်းမှုများ ပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)က စီစဉ်ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို ဇူလိုင်လက စတင်ကျင်းပခဲ့ရာ မြို့ကြီး ၁၁ မြို့တွင် Level-I ပွဲစဉ် ၁၂ ခု ကျင်းပပြီးစီးခဲ့ပြီး ဖြစ်သည်။ Level-II ပွဲစဉ် (၁)နှင့် (၂)ကို မန္တလေးမြို့တွင် ကျင်းပပြီးစီးခဲ့ပြီး ယခုအခါ Level-II ပွဲစဉ် (၃/၄)ကို နေပြည်တော်တွင် အောက်တိုဘာ ၂၈၊ ၂၉ ရက်တွင် ကျင်းပလျက်ရှိရာ ငြိမ်းချမ်းရေးဂီတပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အလှူရှင်၊ စေတနာရှင်များက လှူဒါန်းကြရာ အောက်တိုဘာ ၂၈ ရက်တွင် နေပြည်တော် MICC – II ၌ အလှူရှင်များဖြစ်သည့် ဦးသီဟအောင်-ဒေါ်နန်းစောထွေး (NIRVANA Hotel & Resort) မှ တည်းခိုခန်းခ ကျသင့်ငွေကျပ်သိန်း ၆၀ အား ပြန်လည်လှူဒါန်းခြင်း၊ Royal Naypyitaw Hotel မှ တည်းခိုခန်းခ ကျသင့်ငွေကျပ် ၂၄ သိန်းအား ပြန်လည်လှူဒါန်းခြင်းနှင့် ဒေါ်မော်မော်သိန်း (Managing Director) သုံးထပ်စက်ဝိုင်း စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်မှ ငွေကျပ် ၁၀ သိန်း ကို ပေးအပ်လှူဒါန်းကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့ပြင် Designer Water သောက်ရေသန့် (နေပြည်တော်ရုံးခွဲ) မှလည်း ရေသန့်ဘူး ၁၀၈၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



**○ ပြည်သူလူထုမှ**

အဆိုပါ (၂၂)ကြိမ်မြောက် World Police Band Concert ဖျော်ဖြေပွဲကို လာရောက်ကြည့်ရှုအားပေးသော ကျောက်တံတားမြို့နယ် (၃၄)လမ်း၌ နေထိုင်သည့် ကိုဇော်ဦးက “ဒီလိုမြန်မာနိုင်ငံမှာ ပထမဦးဆုံးအကြိမ်ကျင်းပပြီး နိုင်ငံပေါင်းလေးနိုင်ငံက ပူးပေါင်းပြုလုပ်တဲ့ (၂၂)ကြိမ်မြောက် World Police Band Concert ဖျော်ဖြေပွဲက အလွန်ကြည့်ရှုအားပေးလို့ကောင်းပါတယ်။ ဖျော်ဖြေပွဲမှာ ဂျပန်နိုင်ငံက သူတို့နိုင်ငံတော်အလံကို အလှအပလေးတွေနဲ့မြှောက်ပြီး ဝှေ့ယမ်းပြသကြပါတယ်။ ဗီယက်နမ်နိုင်ငံကတော့ ဦးထုပ်လေးတွေကို မြှောက်ပြီး ကစားပြသသွားတာပါ။ ဘာပဲဖြစ်ဖြစ် နိုင်ငံအလိုက် ဖျော်ဖြေတင်ဆက်မှုက အလွန်ကြည့်လို့ကောင်းပါတယ်။ မြန်မာနိုင်ငံက တီးခတ်ဖျော်ဖြေမှုက ကြည့်ရှုရတာ ပိုမိုကောင်းမွန်ပါတယ်။ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံက နဂိုကတည်းက စစ်ရေးလေ့ကျင့်ရေးကောင်းမွန်ထားတဲ့အတွက် ဖျော်ဖြေတင်ဆက်မှုမှာ အကောင်းဆုံးလို့ပြောလို့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီလိုဖျော်ဖြေပွဲပြုလုပ်တဲ့အခါမှာ လုံခြုံရေးအင်အား ဘယ်လောက်ကောင်းမွန်သလဲဆိုတာ မြန်မာနိုင်ငံအတွက်က နိုင်ငံတကာနဲ့ လူပုံအလယ်မှာပြသခွင့်ရရှိသွားပြီဖြစ်ပါတယ်။ ဒီဖျော်ဖြေပွဲမှာ နိုင်ငံအလိုက် ဖျော်ဖြေပွဲက အမျိုးအစားချင်းမတူဘူးဆိုပေမယ့် နိုင်ငံ လေးနိုင်ငံစလုံးရဲ့ ဖျော်ဖြေတီးခတ်မှုက အလွန်ကြည့်လို့ကောင်းပါတယ်။ ဒီလိုဖျော်ဖြေပွဲကို မြန်မာနိုင်ငံမှာ တစ်ခါမှ မကြုံဖူးဘူးဆိုတော့ နောင်လည်းမြန်မာနိုင်ငံမှာ ဒီလိုဖျော်ဖြေပွဲတွေကျင်းပနိုင်ဖို့ ပြည်သူတစ်ယောက်အနေနဲ့ မျှော်လင့်ပါတယ်” ဟု ပြောသည်။

ယနေ့နံနက် ၈ နာရီက စတင်ဖွင့်လှစ်ခဲ့သော အဆိုပါ (၂၂)ကြိမ်မြောက် World Police Band Concert ဖျော်ဖြေပွဲ ဖွင့်ပွဲအခမ်းအနား၌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ Higuchi Tateshi၊ ဂျပန်နိုင်ငံ The Mainichi Newspapers မှ အမှုဆောင်ဒါရိုက်တာ မစ္စတာ Hiorta Katsumi တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်အောင်ဝင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ Higuchi Tateshi နှင့် ဂျပန်နိုင်ငံ The Mainichi Newspapers မှ အမှုဆောင်ဒါရိုက်တာ မစ္စတာ Hiorta Katsumi တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲတီးဝိုင်းအဖွဲ့၊ စင်ကာပူနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ အစဉ်လိုက်ချီတက်ဖျော်ဖြေခဲ့ကြကြောင်း၊ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Center(MCC)ခန်းမ၌လည်း လေးနိုင်ငံမှ Police Band အဖွဲ့များက အောက်တိုဘာ ၂၉ ရက် ည ၇ နာရီ မှ ၁၀ နာရီထိ သံစုံတီးခတ်ဖျော်ဖြေသွားမည်ဖြစ်၍ ပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ကြကြောင်းနှင့် World Police Band Concert ဖျော်ဖြေပွဲအခမ်းအနားကို ဂျပန်၊ ပြင်သစ်၊ တောင်ကိုရီးယား၊ ဂျာမနီ၊ အမေရိကန်၊ အီတလီ၊ စင်ကာပူ၊ တရုတ်၊ ဗီယက်နမ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများ၌ ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။



စင်ကာပူ Police Band အဖွဲ့ လမ်းလျှောက် တီးခတ်ဖျော်ဖြေစဉ်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)၊ ဇာဏီ**

# ပြုံယမ်း၏ နျူကလီးယားအရေးဖြေရှင်းရာတွင် ဂျပန်နိုင်ငံအား နေတိုးအဖွဲ့ကူညီမည်

**ကျိုတို အောက်တိုဘာ ၂၈**

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) အတွင်းရေးမှူးချုပ် ဂျင်စ်စတော့တန်ဘတ်ဂ်က မြောက်ကိုရီးယား နျူကလီးယားဖွံ့ဖြိုးမှုအစီအစဉ်ကို ပယ်ဖျက်ရန် ပြုံယမ်းအား တွန်းအားပေးရာတွင် ဂျပန်နိုင်ငံအား ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

နေတိုးအတွင်းရေးမှူးချုပ် ဂျင်စ်စတော့တန်ဘတ်ဂ်က အောက်တိုဘာ ၃၀ ရက်တွင် ဂျပန်နိုင်ငံသို့ နှစ်ရက်ကြာအလည်အပတ်ခရီးသွားရောက်မည်ဖြစ်သည်။ အဆိုပါခရီးစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံမည့်အပြင် ယိုကိုဆူကာမြို့ရှိ ရေတပ်အခြေစိုက်စခန်းကို သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

ပြုံယမ်း၏ နျူကလီးယားဖွံ့ဖြိုးမှု အစီအစဉ်သည် တာဝန်ယူမှုကင်းမဲ့သည့် လုပ်ရပ်ဖြစ်ကြောင်း နေတိုးအတွင်းရေးမှူးချုပ် ဂျင်စ်စတော့တန်ဘတ်ဂ်က ဝေဖန်ပြောကြားခဲ့သည်။

နေတိုးအဖွဲ့၏ အကြီးမားဆုံးသော မဟာမိတ်ဖြစ်သည့် အမေရိကန်နိုင်ငံသည် နေတိုးအဖွဲ့၏ မဟာမိတ်နိုင်ငံများဖြစ်သည့် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများ၏ ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် အများအပြား ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း ၎င်းက ဆိုသည်။

နေတိုးအတွင်းရေးမှူးချုပ် ဂျင်စ်စတော့တန်ဘတ်ဂ်က ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် တွေ့ဆုံရာတွင် ပြုံယမ်းအရေးနှင့်ပတ်သက်ပြီး နေတိုးအဖွဲ့အနေဖြင့် မည်သို့ကူညီထောက်ပံ့ပေးရမည်ကို ဆွေးနွေးမည်ဖြစ်ကြောင်း မီဒီယာသို့ ပြောကြားသည်။

ယခုဖြစ်ပေါ်နေသည့် အမေရိကန်နှင့်မြောက်ကိုရီးယားနိုင်ငံတို့အကြား တင်းမာမှုများနှင့်ပတ်သက်ပြီး ပြုံယမ်းအနေဖြင့် တာဝန်ယူမှုရှိရမည်ဖြစ်ကြောင်းနှင့် မြောက်ကိုရီးယားအရေးကို ကိုင်တွယ်ဖြေရှင်းရန် အကောင်းဆုံးသောနည်းလမ်းမှာ စစ်ရေးကျင့်သုံးသည့်နည်းလမ်းကို ရှောင်ကြဉ်ပြီး ဖိအားအများအပြား ဆက်လက်ပေးခြင်းသာဖြစ်သည်ဟု နေတိုးအတွင်းရေးမှူးချုပ် ဂျင်စ်စတော့တန်ဘတ်ဂ်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

■




# နီပေါနိုင်ငံတွင် ကားတစ်စီးမြစ်ထဲသို့ထိုးကျ၊ လူ ၃၁ ဦးသေဆုံး



**ခတ္တမန္ဒူ အောက်တိုဘာ ၂၈**

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ဘာသာရေးဆိုင်ရာပွဲတော်တစ်ခုမှ ပြန်လာသော မော်တော်ကားတစ်စီးသည် အမြန်လမ်းပေါ်မှလမ်းချော်ပြီး မြစ်ထဲသို့ထိုးကျခဲ့ရာ အနည်းဆုံး လူ ၃၁ ဦး သေဆုံးပြီး အခြားလိုက်ပါစီးနင်းလာသော ခရီးသည်များမှာ အဆိုပါကားထဲတွင် ပိတ်မိနေကြောင်း တာဝန်ရှိသူများက ယနေ့တွင် ပြောကြားသည်။

ယင်းဖြစ်စဉ်သည် ခတ္တမန္ဒူမြို့မှ ကီလိုမီတာ ၅၀ ခန့် အကွာအဝေးတွင်ရှိသော ပရိဘီအဝေးပြေး လမ်းမကြီးပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် ရုပ်အလောင်း ၃၁ လောင်းရရှိထားပြီး ကျန်ခရီးသည်များမှာ ရေအောက်ထဲမှ အသက်ရှင်လွတ်မြောက်ရန် ခက်ခဲနိုင်ကြောင်း တာဝန်ရှိသူ ရမ်မာနီမီရှာက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးလုပ်သားများက ဝန်ချီစက်များအသုံးပြုပြီး အဆိုပါကားအား ဆယ်ယူရန် ကြိုးပမ်းလျက်ရှိသည်။ ယင်းကားသည် သောကြာနေ့ ညက ရာဂျီရာရှ်မြို့မှ တောင်ပိုင်းလွင်ပြင်များဆီသို့ ထွက်ခွာလာခြင်းဖြစ်သည်။

**ရိုက်တာ။**

# တရုတ်နိုင်ငံမှ ဆလိုဗက်ကီးယားနိုင်ငံသို့ ကုန်ရထားစတင်ထွက်ခွာ

**တာ့လျန် အောက်တိုဘာ ၂၈**

တန်ဖိုး အမေရိကန်ဒေါ်လာသုံးသန်းခန့်ရှိ တရုတ်နိုင်ငံမှ ထုတ်ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် ကုန်ရထားတစ်စင်းသည် နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်ရှိ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် တာ့လျန်မှ ဆလိုဗက်ကီးယားနိုင်ငံ ဘရာတစ်လာဘာမြို့သို့ အောက်တိုဘာ ၂၇ ရက်တွင် ထွက်ခွာသွားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယင်းကုန်ရထား ခုတ်မောင်းမှုသည် တရုတ်နိုင်ငံမှ ဥရောပတိုက်သို့ ကုန်ရထားလမ်းသစ်တစ်ခု ဆန့်ထုတ်လိုက်သည့်လက္ခဏာဖြစ်ပြီး ယင်းရထားလမ်းပိုင်းမှာ ၁၀၅၃၇ ကီလိုမီတာ ရှည်လျားသည်။

အဆိုပါ ကုန်ရထားသည် ရုရှားနှင့် ယူကရိန်းနိုင်ငံတို့ကို ဖြတ်သန်းသွားမည်ဖြစ်ပြီး တရုတ်နိုင်ငံမှ ဥရောပသို့ ကုန်ပစ္စည်းများ တင်ပို့မှုကြာမြင့်ချိန်ကို သုံးပုံနှစ်ပုံမျှ လျှော့ချနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံ အရှေ့ပိုင်းနှင့် မြောက်ပိုင်း ပြည်နယ်များဖြစ်သည့် ရှန်တုန်းနှင့်လျောင်နင်း ပြည်နယ်များမှ ထုတ်လုပ်သည့် လျှပ်စစ်ပစ္စည်းများနှင့် စက်ကိရိယာ အစိတ်အပိုင်းများကို ဆလိုဗက်ကီးယားနိုင်ငံသို့ ပထမဆုံးထွက်ခွာသွားသည့် ကုန်ရထားတွင် ကုန်သေတ္တာ ၄၁ လုံးဖြင့် ထည့်သွင်းသယ်ဆောင်သွားခဲ့သည်။

ကုန်ရထားသစ် ဝန်ဆောင်မှုပြုနိုင်ခြင်းသည် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းပြည်နယ်အတွက် ကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်းများကို အပြောင်းအလဲဖြစ်ပေါ်စေမှုနှင့် အဆင့်မြှင့်တင်မှုများ တိုးမြှင့်လာစေမည်ဟု တာ့လျန်မြို့ ဒုတိယမြို့တော်ဝန် လီယူယန်းက ပြောကြားသည်။

လွန်ခဲ့သည့် ခြောက်နှစ်အတွင်းက စတင်ခဲ့သည့် တရုတ်နိုင်ငံနှင့် ဥရောပတိုက်ရှိ မြို့ကြီးများအကြား တိုက်ရိုက်ကုန်ရထား ပြေးဆွဲခုတ်မောင်းမှုများသည် ယခုနှင့် အောက်တိုဘာလတွင် ခရီးစဉ် ၅၀၀၀ ကျော် အထိရှိခဲ့ကြောင်း တရုတ်ရထားကော်ပိုရေးရှင်း (စီအာရ်စီ)က ပြောကြားသည်။

**ဆင်ဟွာ။**







# အာဖဂန်နစ္စတန်အရှေ့ပိုင်း လိုဂါပြည်နယ်တွင် ရဟတ်ယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်၊ ငါးဦးဒဏ်ရာရ

**ပူး-အီး အလမ် (အာဖဂန်နစ္စတန်) အောက်တိုဘာ ၂၈**

အာဖဂန်နစ္စတန်အရှေ့ပိုင်း လိုဂါပြည်နယ် ခီရာဝါခရိုင်၌ ယနေ့တွင် ရဟတ်ယာဉ်တစ်စင်း မြေပြင်သို့ အရေးပေါ်ဆင်းသက်ခဲ့ရာ ရဟတ်ယာဉ်တွင် လိုက်ပါလာသူငါးဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး မိုဟာမက်ဟာလမ်ဖေဒီက ပြောကြားသည်။

ခီရာဝါခရိုင်အတွင်း စစ်သွေးကြွများအား စစ်ဆင်ရေးလုပ်ဆောင်နေစဉ် ယနေ့နံနက်အစောပိုင်းတွင် ရဟတ်ယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရာ လိုက်ပါလာသူငါးဦး ထိခိုက်ဒဏ်ရာအနည်းငယ်စီရခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသော်လည်း ဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်ပြောကြားခြင်း မရှိပေ။

တစ်ချိန်တည်းမှာပင် တာလီဘန်အဖွဲ့မှ ဇာဘီဟူလာ မဂျာဟစ်ဆိုသူက မီဒီယာများနှင့် ဆက်သွယ်ပြောကြားရာတွင် တာလီဘန်တိုက်ခိုက်ရေးသမားများက စစ်ဘက်ရဟတ်ယာဉ်တစ်စင်းကို ခီရာဝါခရိုင်တွင် ပစ်ချခဲ့ကြောင်းနှင့် ရဟတ်ယာဉ်ပေါ်ပါရှိသူအားလုံး သေဆုံးသွားကြောင်း ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်စစ်ဘက်နှင့် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များကမူ ၎င်း၏ပြောကြားချက်အပေါ် မှတ်ချက်ပေးပြောကြားခြင်း မရှိသေးပေ။

**ဆင်ဟွာ။**

# ရန်ကုန်တိုင်းဒေသကြီး မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ရန်ကုန်တိုင်းဒေသကြီးမီးဘေးနှင့်သဘာဝဘေးအန္တရာယ်**
**ကြိုတင်ကာကွယ်ရေးဥပဒေကြမ်း**
**----- ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် -----/----**
**------- ခုနှစ်၊ -------- လ ---------- ရက်**
**( ----- ခုနှစ်၊ -------- လ --------- ရက်)**

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ရန်ကုန်တိုင်းဒေသကြီး မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးကို ဆိုသည်။
(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။
(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးအပ်သော ဝန်ကြီးဌာနကိုဆိုသည်။
(ဃ) **ဝန်ကြီး** ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးအပ်သော တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးကို ဆိုသည်။
(င) **မီးဘေးနှင့်သဘာဝဘေးအန္တရာယ်** ဆိုသည်မှာ မီးဘေးအန္တရာယ်နှင့် ရာသီဥတုဖောက်ပြန်ခြင်း၊ ရေဘေး၊ လေဘေး၊ ပထဝီအနေအထားပြောင်းလဲခြင်း၊ ကပ်ရောဂါများ၊ ဓာတု၊ စက်မှု၊ အဏုမြူအန္တရာယ်၊ အခြားဘေးအန္တရာယ် တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသောဥပဒေအရ သဘာဝဘေးအန္တရာယ်ဟု သတ်မှတ်သည့် အခြားဘေးအန္တရာယ်များလည်း ပါဝင်သည်။
(စ) **ကော်မတီ** ဆိုသည်မှာ တိုင်းဒေသကြီးမီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီကိုဆိုသည်။
(ဆ) **ကယ်ဆယ်ရေးအဖွဲ့** ဆိုသည်မှာ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးလုပ်ငန်းတွင် စိတ်ပါဝင်စားသော စေတနာရှင် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်။
(ဇ) **အရန်မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ မီးသတ်ဦးစီးဌာနက လေ့ကျင့်သင်ကြားပြီး ဖွဲ့စည်းတည်ထောင်သည့် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသော စေတနာ့ဝန်ထမ်းများ ပါဝင်သည့် မီးသတ်တပ်ဖွဲ့ကိုဆိုသည်။
(ဈ) **သီးသန့်မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင်အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်းနှင့် မီးဘေးစိုးရိမ်ရသောလုပ်ငန်းများတွင် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်အရဖြစ်စေ၊ ခွင့်ပြုချက်အရ ဖြစ်စေ၊ ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မီးဘေးနှင့်ကြိုတင်ကာကွယ်၍ရသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ကျရောက်ခြင်းမရှိစေရေး ကာကွယ်မှုများ ဆောင်ရွက်ရန်၊
(ခ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက် အိုးအိမ်၊ စည်းစိမ်၊ လယ်ယာ၊ ကိုင်းကျွန်း၊ သီးနှံ၊ ကျွဲနွား တိရစ္ဆာန်များ၊ နိုင်ငံပိုင်ပစ္စည်းနှင့် စီးပွားရေးလုပ်ငန်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းနှင့် စီးပွားရေးလုပ်ငန်းများ၊ ယဉ်ကျေးမှု အမွေအနှစ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေး သို့မဟုတ် နည်းနိုင်သမျှ နည်းပါးစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရန်၊
(ဂ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကျရောက်ပါက ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေများနှင့်အညီ ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရန်၊
(ဃ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေများနှင့်အညီ ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်။

**အခန်း ( ၃ )**
**မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၄။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည်-

(က) တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် တိုင်းဒေသကြီးမီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီကို ဖွဲ့စည်းရမည်၊
(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသောကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း (၄)**
**ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၅။ ကော်မတီသည် ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

၆။ ကော်မတီသည် မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကျရောက်ပါက လိုအပ်ချက်အရ ကယ်ဆယ်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၇။ ကော်မတီသည် ကယ်ဆယ်ရေးအဖွဲ့များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

၈။ ကော်မတီသည် ကယ်ဆယ်ရေးအဖွဲ့ဝင်များ လေ့ကျင့်ရေး၊ ကျွမ်းကျင်မှုရှိရေးနှင့် နည်းပညာရရှိရေးတို့ကို အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်သည်။

၉။ ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ကိစ္စရပ်များအတွက် အချိန်နှင့်တစ်ပြေးညီဆက်သွယ်ဆောင်ရွက်နိုင်ရန် တိကျသေချာသော ဆက်သွယ်ရေးလမ်းကြောင်းများထားရှိ၍ ပြည်သူလူထုသို့ အသိပေးကြေညာခြင်း၊
(ခ) မီးလောင်မှုဖြစ်ပွားသည့်အခါ ထိရောက်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊
(ဂ) မီးဘေး သို့မဟုတ် သဘာဝဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါ မီးငြိမ်းသတ်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးအတွက် ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် လူမှုအဖွဲ့အစည်းများ ပါဝင်ကူညီဆောင်ရွက်ရမည့် အစီအမံများရေးဆွဲဆောင်ရွက်ခြင်း၊
(ဃ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကော်မတီအဆင့်ဆင့်တို့၏ လုပ်ငန်းများနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များ၏ လုပ်ငန်းတို့ကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊
(င) အစိုးရဌာနအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊
(စ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် တည်ဆဲဥပဒေများနှင့် မဆန့်ကျင်စေဘဲ တိုင်းဒေသကြီးအစိုးရထောက်ပံ့ငွေ၊ စေတနာရှင်များမှ လှူဒါန်းငွေများ၊ ပစ္စည်းများကို လက်ခံရယူခြင်း၊ ၎င်းလှူဒါန်းငွေများ၊ ပစ္စည်းများကို မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် စနစ်တကျအသုံးပြုခြင်း၊ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊
(ဆ) ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများ၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက်များကို ဒေသနှင့်ကိုက်ညီအောင် ရေးဆွဲဆောင်ရွက်ခြင်း၊
(ဇ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက်များကို ကြိုတင်လေ့ကျင့်ခြင်း၊ ကွပ်ကဲကြပ်မတ်ခြင်း၊
(ဈ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကျရောက်ချိန်၌ ကယ်ဆယ်ရေးအဖွဲ့နှင့်ပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကြပ်မတ်ခြင်း၊
(ည) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူများ ပါဝင်လာစေရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊
(ဋ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကျရောက်သည့်အချိန်၌ သက်ဆိုင်ရာနယ်မြေတွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ခြင်း။

**အခန်း (၅)**
**မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**

၁၀။ ကော်မတီအဆင့်ဆင့်သည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ကော်မတီက ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့်အညီ မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊
(ခ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်မည့် ရေ၊ စက်ယန္တရားများ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများကို လုံလောက်စွာ စနစ်တကျ ပြင်ဆင်စုဆောင်းထားရှိခြင်း၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များအတွက် အကာအကွယ်ပစ္စည်းများရရှိအောင် ဆောင်ရွက်ပေးခြင်း၊
(ဂ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးတားလမ်းများ၊ မီးသတ်ရေတိုင်များ၊ မီးသတ်ရေလှောင်ကန်များ သတ်မှတ်စီစဉ်ထားနိုင်ရန် အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊
(ဃ) အဆောက်အအုံများတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုက်နာရမည့် သတ်မှတ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
(င) ရပ်ကွက်၊ ကျေးရွာအတွင်း နေထိုင်သူများ လိုက်နာရမည့် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊ မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ရရှိစေရန် စည်းရုံးဆောင်ရွက်ခြင်း၊
(စ) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ကြိုတင်ထုတ်ပြန်ထားသော သတိပေးချက်များကို ပြည်သူလူထုသို့ အချိန်မီထပ်ဆင့်ထုတ်ပြန်ပေးနိုင်ရန် ကြိုတင်စီစဉ်ထားရှိခြင်း၊
(ဆ) ရေလွှမ်းမိုးနိုင်သည့်နေရာများရှိ ပြည်သူများအား ဘေးအန္တရာယ်ကျရောက်လာပါက ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် အစီအမံများ ဆောင်ရွက်ထားရှိပေးခြင်း၊
(ဇ) မြစ်ချောင်းကမ်းပါးအစွန်များတွင် နေထိုင်ခြင်းများအား တားမြစ်ခြင်း၊ အန္တရာယ်ကင်းလွတ်သည့် နေရာများတွင်သာ နေထိုင်စေခြင်း၊ မြေ၊ ကမ်းပါးပြိုနိုင်သည့်နေရာများတွင် မြေထိန်းနံရံများနှင့် ရေထိန်းနံရံများဆောက်လုပ်ခြင်းကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ဆောင်ရွက်ခြင်း၊
(ဈ) သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသော ဒေသများတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် နယ်မြေအခြေအနေ၊ အိမ်ခြေ၊ လူဦးရေအသေးစိတ်နှင့်အခြားလိုအပ်သည့် အချက်အလက်စာရင်းများ ကောက်ယူထားရှိခြင်း၊
(ည) သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသော ဒေသများတွင် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုများ၊ ကျန်းမာရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ထမ်းများအား ကြိုတင်ပြင်ဆင် လေ့ကျင့်သင်ကြားပေးခြင်း၊

၁၁။ ကော်မတီအဆင့်ဆင့်သည် ဘေးအန္တရာယ်သတိပေးချက်ရရှိသည်နှင့် တစ်ပြိုင်နက် ရွှေ့ပြောင်းခြင်းနှင့် ကနဦးကယ်ဆယ်ရေးလုပ်ငန်းများကို မိမိ၏ ကွပ်ကဲကြပ်မတ်မှုဖြင့် အောက်ပါအတိုင်းဆောင်ရွက်သွားရမည်-

(က) ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်း ရရှိနိုင်သည့် ပြည်သူလူထု၏ လုပ်အား၊ စွမ်းအားကို စုစည်း၍ ရေဘေးကာကွယ်ရေးအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းကိရိယာများ ယာဉ်၊ စက်ယန္တရားများကို ဘေးအန္တရာယ်ကျရောက်မည့် နေရာသို့ ပို့ဆောင်ခြင်း၊ ရေဝင်ရောက်နိုင်သည့်နေရာများ၌ လူထုအင်အားဖြင့် ကမ်းပါးမြေဖို့ခြင်း၊ သဲအိတ်စီခြင်းနှင့် ရေစီးလမ်းတစ်လျှောက် အမှိုက်ရှင်းလင်းခြင်း၊
(ခ) မြို့နယ်အဆင့်စုဖွဲ့ထားသည့် သယ်ယူပို့ဆောင်ရေးယာဉ်များအား လိုအပ်မည့်အခြေစိုက်ရာ ရပ်ကွက်၊ ကျေးရွာစုရပ်များ၌ စုစည်းခြင်းတို့ကို တစ်ပြေးညီဆောင်ရွက်ခြင်း၊
(ဂ) ကြိုတင်သတ်မှတ်ထားသည့် ခိုလှုံရန်နေရာများ၌ ခိုလှုံနိုင်မည့် လူဦးရေပေါ်မူတည်၍ သောက်ရေ၊ ဆန်၊ ဆီ၊ ပဲနှင့် အခြား ထောက်ပံ့ရေးပစ္စည်းများကို ခိုလှုံရန်နေရာများသို့ ကြိုတင်ပို့ဆောင်၍ အသင့်ပြင်ဆင်ခြင်း၊
(ဃ) နယ်မြေအတွင်း သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကျန်းမာရေးချို့တဲ့ နေသူများ၊ မသန်စွမ်းသူများ စသည်တို့ကို ခွဲခြား၍ ဦးစားပေးအစီအစဉ်အတိုင်း ကြိုတင်သတ်မှတ်ထားသည့် ခိုလှုံရန်နေရာ၊ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးခြင်း။

၁၂။ ကော်မတီသည် သဘာဝဘေးဒဏ်ခံနိုင်မည့် အဆောက်အအုံများ ဆောက်လုပ်စေရန်နှင့် ပြိုကျနိုင်မည့်အဆောက်အအုံများအား ပြင်ဆင်စေရန် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၃။ ကော်မတီနှင့်ကော်မတီအဆင့်ဆင့်သည် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ လျော့နည်းသက်သာစေသည့် အစီအမံများကို ကြိုတင်ဆောင်ရွက်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

# သတင်းမီဒီယာကောင်စီနှင့် ပြည်ထောင်စုအနှံ့ မဏ္ဍိုင်လေးရပ်ခရီး(၁)

ဟံသာဝတီ-ဦးအုန်းကြိုင်

**"ဣတိဘိန္နာနံ ဝါ သန္ဓာတာ၊ သဟိတာနံ ဝါ အနုပ္ပဒါတာ သမဂ္ဂ ရာမော သမဂ္ဂ ရတော၊ နန္ဒီသမဂ္ဂ ကရဏိ ဝါစံ သမဂ္ဂကရဏိံ လက္ခိတံ၊ ဘာသိတာ လက္ခိတာ အဟောသိ ဣတိတသ္မာ ပတ္တကာရ၊ ပတ္တကာရိကာ ဟောတိ . . ."**

### ခံယူဦးတည်ချက်

ဣတိဣမိနာကာရဏေန- ကုန်းတိုက်ဖြိုခွဲခြင်းကြောင့်၊ ဘိန္ဒာနံဝါ- အချင်းချင်း သွေးကွဲကုန်သောသူတို့အား၊ သန္ဓာတာ- စေ့စပ်တတ်သည်၊ အဟောသိ- ပြုခဲ့ပါ၏။ သဟိတာနံဝါ- ညီညွတ်ကုန်သောသူတို့ကိုလည်း၊ အနုပ္ပဒါတာ- စည်းလုံးခိုင်မြဲအောင် ပြုမူအားပေးတတ်သည်၊ အဟောသိ-ဖြစ်ခဲ့ပါ၏။ သမဂ္ဂရာမော- ညီညွတ်ခြင်း၌ မွေ့လျော်သောစိတ်ရှိသည်၊ အဟောသိ- ပြုခဲ့ဖူးပါ၏။ သမဂ္ဂရတော- ညီညွတ်ခြင်း၌ မွေ့လျော်နေတတ်ပါ၏။ သမဂ္ဂနန္ဒီ- ညီညွတ်ခြင်း၌ နှစ်သက်တတ်ပါ၏။ သမဂ္ဂကရဏိံ- ညီညွတ်ခြင်းကိုပြုတတ်သော၊ ဝါစံ- စကားကို၊ ဘာသိတံ- ပြောဆိုတတ်ပါ၏။ သမဂ္ဂကရဏိံ- ညီညွတ်ခြင်းကို ဖြစ်စေအောင်၊ လက္ခိတံ-ရေးသားတတ်သည်၊ အဟောသိ-ဖြစ်ခဲ့ပါ၏။ ဣတိတသ္မာ-ထိုသို့သောအကြောင်းများကြောင့်၊ ပတ္တကာရ ပတ္တကာရိကာ- ပြည်ကြီးပခုံး၊ ပြည့်မျက်လုံးတည်းဟူသော သတင်းစာဆရာ သတင်းမီဒီယာ ဟူသည်၊ ဟောတိ-ဖြစ်ပါ၏။

ရှေးပညာရှိသူတော်ကောင်းကြီးများ ချမှတ်ထားရှိခဲ့ပါသော အထက်ပါ ခံယူဦးတည်ချက်ကို ဦးထိပ်ပန်ဆင်လျက် ဤ "သတင်းမီဒီယာကောင်စီနှင့် ပြည်ထောင်စုအနှံ့ မဏ္ဍိုင်လေးရပ်ခရီး"ကို တင်ပြမည်ဖြစ်ပါသည်။

### မဏ္ဍိုင်လေးရပ်အစ

ကမ္ဘာ့ဒီမိုကရေစီနိုင်ငံကြီးများတွင် သတင်းစာ(သတင်းမီဒီယာ)ကို စတုတ္ထမဏ္ဍိုင်ဟူ၍ ဂုဏ်တင်ခေါ်ဝေါ်ကျင့်သုံးကြရာမှ မြန်မာနိုင်ငံတွင်လည်း ထိုအခေါ်အဝေါ်ခေတ်စားခဲ့ပါသည်။

ရှေးခေတ်ပြင်သစ်နိုင်ငံတွင် တိုင်းရေးပြည်ရာ နိုင်ငံ့အရေးအရာများ၌ ခရစ်ယာန်သာသနာပြုရဟန်းများကို ပထမမဏ္ဍိုင်၊ မင်းစိုးမှူးမတ်တို့ကို ဒုတိယ မဏ္ဍိုင်၊ တိုင်းသူပြည်သားများကို တတိယမဏ္ဍိုင်အဖြစ် တင်စားခေါ်ဝေါ် ကျင့်သုံးခဲ့ကြသည်။

### အချက်အချာဗဟိုမဏ္ဍိုင်ကြီးများ

နိုင်ငံရေးလောက၌ ဩဇာတိက္ကမရှိသော ရဟန်းရှင်လူ အစိုးရသုံးဦးတို့ကို တိုင်းပြည်အတွက် အားထားရသည့် အချက်အချာဗဟိုမဏ္ဍိုင်ကြီးများသဖွယ် ဂုဏ်ပြုတင်စားသည်ကို အတုယူပြီး ဗြိတိန်ပါလီမန်အမတ် အက်ဒမန်ဘတ်(ခရစ် ၁၇၂၉-၉၇)က ပြည်သူ့နား၊ မျက်စိသတင်းစာကို အဆိုပါမဏ္ဍိုင်သုံးရပ်နှင့်အတူ စတုတ္ထမဏ္ဍိုင်ဟူ၍ ဗြိတိန်ပါလီမန်လွှတ်တော်အတွင်း တင်စားခေါ်ဝေါ်ပြောဆိုရာမှ အနောက်ဥရောပတစ်လွှား ပျံ့နှံ့ခေါ်ဝေါ်သုံးစွဲလာခဲ့ကြလေသည်။

### သတင်းစာကောင်းတို့မည်သည်

သတင်းစာကို ထိုခေတ်က စတုတ္ထမဏ္ဍိုင်အရာ၌ထားကာ အဘယ်ကြောင့် ဂုဏ်တင်ခဲ့ကြရပါသနည်းဆိုသော် ပြည်သူဗဟိုပြု ပြည်သူ့အတွက် အချက်အချာဖြစ်သည့် စတုတ္ထအင်္ဂါဖြင့် ထိုက်တန်သော သတင်းစာကောင်းတို့မည်သည် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးကို အစဉ်အမြဲ ရှေးရှုဖော်ဆောင်လေ့ရှိကြပေသည်။ ထိုသတင်းစာတို့ကို တိုင်းသူပြည်သားများနှင့် ခပ်သိမ်းသောအရာတို့က အစဉ်တစိုက် စိတ်ဝင်တစားအလေးထား ဂရုစိုက်တတ်ကြသည်။ ပြည်သူနှင့် သတင်းစာသည် မကင်းမကွာ အမြဲဆက်စပ်နေရသည်။ သတင်းစာသည် ပြည်သူနှင့် အမြဲထိတွေ့ဆက်စပ်နေသော "ကြေညာမောင်းသမားကြီး"ဖြစ်သည်။ သတင်းစာကို "ကမ္ဘာကြည့်မှန်တစ်ချပ်"ဟုလည်း ဆိုကြသည်။ အချိန်နှင့်အမျှ ကမ္ဘာအရပ်ရပ်တွင် ဖြစ်ပျက်နေသော သတင်းအမျိုးမျိုးတို့သည် ထိုကြည့်မှန်တည်းဟူသော သတင်းစာတွင် ထင်လာကြသည်။

### ပြည်ကြီးပခုံး ပြည့်မျက်လုံး

ကုန်းဘောင်ခေတ် ပညာရှိအမတ်ကြီး ဝန်ဇင်းမင်းရာဇာသည် သတင်းစာ ဆရာများကို "ပြည်ကြီးပခုံး ပြည့်မျက်လုံး" ဟု မဏိရတနာပုံကျမ်းတွင် ဆိုမိန့်ခဲ့သည်။ သတင်းစာဆရာ၊ သတင်းမီဒီယာသမားတို့သည် အချိန်နှင့်အမျှ ပြည့်ဝန်ကို ထမ်းရွက်ရင်း မျက်စိဖွင့်နားစွင့်နေကြရသူများဖြစ်သည်။ ထို့မှ ပြည်သူ့အတွက် ပြည်သူ့ကိုယ်စား သတင်းများ ရေးသားဝေဖန်ကြသူများဖြစ်၍ ခေတ်မီဒီမိုကရေစီ နိုင်ငံကြီးများက သတင်းစာ၊ သတင်းမီဒီယာများကို နိုင်ငံတော်၏အားထားရာ မဏ္ဍိုင်ကြီးလေးရပ်အနက် စတုတ္ထမဏ္ဍိုင်အဖြစ် ဂုဏ်တင်ထားရှိကြသည်။

**ကုန်းဘောင်ခေတ် ပညာရှိအမတ်ကြီး ဝန်ဇင်းမင်းရာဇာသည် သတင်းစာဆရာများကို "ပြည်ကြီးပခုံး ပြည့်မျက်လုံး"ဟု မဏိရတနာပုံကျမ်းတွင် ဆိုမိန့်ခဲ့သည်။ သတင်းစာဆရာ၊ သတင်းမီဒီယာသမားတို့သည် အချိန်နှင့်အမျှ ပြည့်ဝန်ကို ထမ်းရွက်ရင်း မျက်စိဖွင့် နားစွင့်နေကြရသူများဖြစ်သည်။ ထို့မှ ပြည်သူ့အတွက် ပြည်သူ့ကိုယ်စား သတင်းများ ရေးသားဝေဖန်ကြသူများဖြစ်၍ ခေတ်မီဒီမိုကရေစီ နိုင်ငံကြီးများက သတင်းစာ၊ သတင်းမီဒီယာများကို နိုင်ငံတော်၏အားထားရာ မဏ္ဍိုင်ကြီးလေးရပ်အနက် စတုတ္ထမဏ္ဍိုင်အဖြစ် ဂုဏ်တင်ထားရှိကြသည်။**

### မဏ္ဍိုင်ကြီးလေးရပ်ဟူသည်မှာ

ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြည်သူတို့ထံမှ ဆင်းသက်ရသည့်အလျောက် တရားမျှတလွတ်လပ်သော ပါလီမန် (လွှတ်တော်)အထွေထွေရွေးကောက်ပွဲများဖြင့် ပြည်သူတို့ဆန္ဒအရ ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များသည် နိုင်ငံတော်အချုပ်အခြာအာဏာ ဗဟိုပြုရာ မဏ္ဍိုင်ကြီးသုံးရပ်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အောက်ပါ အတိုင်းဖွဲ့စည်းဖော်ဆောင်ကြသည်။

(၁) ပထမမဏ္ဍိုင် - ဥပဒေပြုရေး(ပါလီမန်၊ လွှတ်တော်များ)
(၂) ဒုတိယမဏ္ဍိုင် - အုပ်ချုပ်ရေး(အစိုးရအဖွဲ့များ)
(၃) တတိယမဏ္ဍိုင် - တရားစီရင်ရေး(တရားရုံးများ)
ထို့ပြင်
(၄) စတုတ္ထမဏ္ဍိုင်- သတင်းစာ၊ သတင်းမီဒီယာများ(ပုံနှိပ်၊ ရုပ်/သံ၊ ရေဒီယို၊ အွန်လိုင်း)

ဤစတုတ္ထမဏ္ဍိုင်ကို လွှတ်တော်မှ တိုက်ရိုက်ရွေးချယ်ပြဋ္ဌာန်းခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းထားသော "သတင်းမီဒီယာဥပဒေ" အရ ရွေးချယ်တင်မြှောက်ဖွဲ့စည်းလေသည်။

### စတုတ္ထမဏ္ဍိုင်ဖော်ဆောင်တည်ဆောက်နိုင်ရန်

သတင်းစာဆရာတို့သည် ခေတ်အဆက်ဆက် စတုတ္ထမဏ္ဍိုင် ဖော်ဆောင်တည်ဆောက်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ သို့သော် ယခုဒီမိုကရေစီခေတ်တွင်မှ အစပျိုးနိုင်ခဲ့ကြသည်။ သမိုင်းအကျဉ်းပြန်ကြည့်လျှင် မြန်မာနိုင်ငံတွင် ပထမဆုံး ပုံနှိပ်ထုတ်ဝေသည့် "မော်လမြိုင်ခရော်နီကယ်သတင်းစာ"စတင်ဖြန့်ချိခဲ့သော ၁၈၃၆ ခုနှစ် မတ် ၃ ရက်မှစ၍ ၂၀၁၇ ခုနှစ် အောက်တိုဘာအထိ နှစ်ပေါင်း ၁၈၁ နှစ်ကြာကာလအတွင်း ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်(သတင်းစာ စပေါ်ခဲ့ပြီး နှစ်ပေါင်း ၁၁၀ ရောက်ရှိသည့်)နေ့တွင်မှ "မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (B.J.A)"ကို ဖွဲ့စည်းနိုင်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ် မတ်လရောက်သည်တွင်မှ "မြန်မာနိုင်ငံ သတင်းထောက်အသင်း (B.R.A)"ကို ဖွဲ့စည်းနိုင်ခဲ့ကြသည်။ ဗြိတိသျှကိုလိုနီကျွန်ဘဝတွင် စတုတ္ထမဏ္ဍိုင်မဆိုထားနှင့် သတင်းလွတ်လပ်ခွင့်ပင် မဟာရဲခဲ့ကြပေ။ ထို့မှ လွတ်လပ်ရေးခေတ်၊ စစ်အစိုးရများခေတ်တို့ အဆင့်ဆင့်ကူးပြောင်းခဲ့သည့် ကာလတစ်လျှောက် စတုတ္ထမဏ္ဍိုင်ဆိုသည်ကို အိပ်မက်ပင်မမက်နိုင်ခဲ့ကြ။ သတင်းစာအသီးသီးတို့တွင်လည်း တစ်စတစ်စ ပျောက်ခြင်းမလှ ပျောက်ကွယ်ခဲ့ကြရသည်။ သတင်းစာဆိတ်သုဉ်းပျောက်ကွယ်ခဲ့သောကာလဟု ဆိုကြရမည့် အချိန်ဖြစ်သည်။

### ၈၈ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကြီး

ထို့နောက် ၁၉၈၈ အရောက်တွင် မြန်မာပြည်သူတစ်ရပ်လုံး တစ်ခဲနက် အုံကြွဆင်နွှဲသော အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကြီးတစ်ရပ် ပေါ်ပေါက်လာခြင်းနှင့်အတူ သတင်းစာ၊ သတင်းမီဒီယာတို့၏ အခန်းကဏ္ဍသည်လည်း တစ်ခန်းတစ်ကဏ္ဍ သစ်ခဲ့ရလေသည်။

### ၂၀၁၀ ပါတီစုံရွေးကောက်ပွဲနှင့်အစိုးရသစ်

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပခဲ့သည်။ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်က ရွေးကောက်တင်မြှောက်သော ပြည်ထောင်စုအစိုးရသစ်(အရပ်သားတစ်ပိုင်းအစိုးရ)တစ်ရပ် ပေါ်ပေါက်ခဲ့သည်။

### မပီတပီဒီမိုကရေစီအခွင့်အရေး

ထိုအခြေအနေတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်းသည်လည်း အသစ်တစ်ဖန် သက်ဝင်လှုပ်ရှားလာနိုင်ခဲ့သည်။ တိမ်းညွတ်ရွေ့လျားလာသော မပီတပီဒီမိုကရေစီအခွင့်အရေးကို အသုံးချ၍ သတင်းမီဒီယာဆရာတို့သည် ရင်ထဲအသည်းထဲမှ ဆန္ဒသဘောထားများ ဖွင့်ချထုတ်ပြခဲ့ကြသည်။

### စတုတ္ထမဏ္ဍိုင်တည်ဆောက်ရေး

"စာနယ်ဇင်းလွတ်လပ်ခွင့်ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ရရှိခံစားနိုင်ရေး၊ သတင်းမီဒီယာသမားများ၏ လွတ်လပ်စွာလုပ်ပိုင်ခွင့်ကို အကာအကွယ်ပေးရေး၊ အင်အားတောင့်တင်းသော စတုတ္ထမဏ္ဍိုင်တည်ဆောက်ရေး"

ဤသဘောထားဆန္ဒကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပါ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်အပိုင်းတွင် ဖော်ပြခဲ့ကြသည်။

### သတင်းမီဒီယာဥပဒေ

၂၀၁၁ ခုနှစ် မတ် ၃၀ ရက်က အသစ်တက်ရောက်ခဲ့သော ပြည်ထောင်စု အစိုးရသစ်လက်ထက် ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအမှတ် -၁၂ ဖြင့် "သတင်းမီဒီယာဥပဒေ"ကို အတည်ပြုပြဋ္ဌာန်းလိုက်သည်။

### သတင်းမီဒီယာကောင်စီ

ထိုဥပဒေအရ "မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ"ကိုလည်း ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ကောင်စီဝင် ၂၄ ဦးဖြင့် စတင်ရွေးချယ်ဖွဲ့စည်းခဲ့သည်။ နိုဝင်ဘာ ၁၁ ရက်တွင် ထိုမီဒီယာဥပဒေအရ နိုင်ငံတော်သမ္မတထံ၌ ကတိသစ္စာဆိုခဲ့ကြခြင်းဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာလောကသစ် တစ်ရပ် ဖြစ်ထွန်းစပြုခဲ့သည်။

### စတုတ္ထမဏ္ဍိုင်တိမ်းရာညွတ်ရာ

"သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်နိုင်စေရန်" ဟူသည့် မြန်မာနိုင်ငံ သတင်းမီဒီယာ သတင်းစာဆရာတို့ ဦးတည်တိမ်းညွတ်ရာကို ယင်းဥပဒေ၏ ရည်ရွယ်ချက်တွင် ဖော်ပြခဲ့ကြသည်။

### အဓိကဦးတည်ရာ တိမ်းညွတ်ရာ

သတင်းမီဒီယာသတင်းစာဆရာများ အဓိကဦးတည်တိမ်းညွတ်ရာ စတုတ္ထမဏ္ဍိုင်ထူထောင်တည်ဆောက်နိုင်ကြပါပြီလားဟု မေးခဲ့သော် ၂၀၁၁ ခုနှစ် မပီတပီဒီမိုကရေစီ (အရပ်သားတစ်ပိုင်း) အစိုးရသစ်လက်ထက်တစ်လျှောက် တွင်ဖွဲ့စည်းခဲ့သော သတင်းမီဒီယာကောင်စီ အထိုင်ကျနိုင်ရန် အတော်ပင် လုံးပန်းခဲ့ကြရသည်နှင့် အချိန်များလက်လွတ်ဆုံးရှုံးသွားခဲ့ရသည်။

### အမျိုးသားဒီမိုကရေစီအစိုးရသစ်

ထို့မှဆက်၍ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံ၏ နှစ်ပေါင်း ၂၅ နှစ်အတွင်း ပထမဆုံးသော ပွင့်လင်းမြင်သာမှုအရှိဆုံး ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တစ်နိုင်ငံလုံးတွင် သောင်ပြို၊ ကမ်းပြိုအနိုင်ရခဲ့သည်။

၂၀၁၆ ခုနှစ် မတ် ၁၅ ရက်တွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်အများဆုံးပါဝင်သော ပြည်ထောင်စုလွှတ်တော်မှ အရပ်သားသမ္မတအဖြစ် ဦးထင်ကျော်အား ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဒီမိုကရေစီအဖွဲ့ချုပ် အစိုးရသစ်တက်ရောက်ခဲ့သည်။

### သမိုင်းမှတ်တိုင်သစ် စိုက်ထူရန်ဖြတ်သန်းချိန်

နိုင်ငံတော်အတွက် သမိုင်းမှတ်တိုင်သစ်ဖြစ်သော ဒီမိုကရေစီစနစ် ထွန်းကားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်၍ ထာဝရငြိမ်းချမ်းသာယာသော နိုင်ငံတော်သစ်ကြီးတည်ဆောက်ရန် အားသွန်ဦးတည်နေသည့် ကာလတစ်ရပ်ကို ဖြတ်သန်းနေချိန်ဖြစ်ပေသည်။

### တက်ကြွ၍ ဗဟုဝါဒဦးတည်သော မီဒီယာ

ထိုရှုန်းကန်ပြောင်းလဲဖြတ်သန်းမှုများအကြားတွင် အမျိုးသားဒီမိုကရေစီ အစိုးရအနေဖြင့် ကောင်းမွန်သောအစိုးရနှင့် ဒီမိုကရေစီစနစ်ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းရရှိစေရေးအတွက် တက်ကြွ၍ ဗဟုဝါဒ ဦးတည်သော မီဒီယာ တစ်ရပ်မြင့်တင်ဖော်ဆောင်ပေးနိုင်ရန် လွန်စွာအရေးကြီးလှပေသည်။

### တိုင်းသူပြည်သားတိုင်းသတင်းရယူပိုင်ခွင့်

ထို့ပြင် မြန်မာပြည်သူပြည်သားများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ဘက်လိုက် ဖုံးကွယ်သိုဝှက်ခြင်းမရှိသော တိကျမှန်ကန်သည့် သတင်းအချက်အလက်များရယူနိုင်ခွင့် ရှိကြစေရန်လည်း အထူးလိုအပ်လျက်ရှိပေသည်။ သို့မှ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများနှင့် တန်းတူရင်ပေါင်တန်းလိုက်နိုင်မည်ဖြစ်သည်။

### အမှီခိုကင်းသော မီဒီယာ

၂၀၁၄ ခုနှစ် မီဒီယာဥပဒေသည် မြန်မာနိုင်ငံရှိ မီဒီယာများကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းလုပ်ဆောင်နိုင်သည့်စနစ်ကို တည်ထောင်ပေးခြင်းဖြင့် မီဒီယာ၏ အရည်အသွေးမြင့်မားမှုကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးနိုင်ခဲ့ပေသည်။ မီဒီယာဥပဒေသည် အမှီခိုကင်းသော မီဒီယာကိုယ်တိုင်က ထိန်းကျောင်းနိုင်သော အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရေးနှင့် သတင်းမီဒီယာကျင့်ဝတ်များ လက်ခံကျင့်သုံးလာနိုင်ရေးအတွက် တွန်းအားတစ်ရပ် ဖြစ်ခဲ့ပေသည်။ သတင်းမီဒီယာများလိုက်နာကျင့်ဆောင်ကြရမည့် "သတင်းမီဒီယာကျင့်ဝတ်"ကို ၂၀၁၄ ခုနှစ် မေ ၃ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့သည်။

### စည်းချက်မှန်မှန်အသွင်ကူးပြောင်းမှုများနှင့်အတူ

မီဒီယာဥပဒေအရ မီဒီယာလောကပြုပြင်ပြောင်းလဲမှုများနှင့်အတူ မြန်မာနိုင်ငံတစ်နံတစ်လျားတွင် အမျိုးသားဒီမိုကရေစီပြည်သူ့အစိုးရဦးဆောင်သော ဒီမိုကရေစီစနစ်ထွန်းကားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်၍ ထာဝရငြိမ်းချမ်းသာယာသော နိုင်ငံတော်သစ်ဆီသို့ ကူးပြောင်းနိုင်ရန် နိုင်ငံရေးဆိုင်ရာ အသွင်ကူးပြောင်းမှုများသည်လည်း စည်းချက်မှန်မှန် စနစ်တကျဖြစ်ထွန်းပေါ်ပေါက်လျက်ရှိနေပေသည်။

### ပြောင်းလဲနေသော ခေတ်စနစ်တို့နှင့်အတူ

ထိုကဲ့သို့သော နိုင်ငံတော်၏ အကူးအပြောင်းလှုပ်ရှားမှုအများဆုံးဖြစ်ပေါ်နေသော ကာလတစ်ရပ်တွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းဒေသကြီးအသီးသီးနှင့် ပြည်နယ်အစုံစုံတို့သို့ အသွင်ပြောင်းနေပြီဖြစ်သော ခေတ်စနစ်တို့နှင့်အတူ မိမိ၏အဓိကဦးတည် တိမ်းရာ ညွတ်ရာဖြစ်သော စတုတ္ထမဏ္ဍိုင်အခိုင်အမာတည်ဆောက်နိုင်ရေး အတွက် ခရီးထွက်လျက်ရှိပြီဖြစ်နေပါသည်။


### မဏ္ဍိုင်လေးရပ်ပြည်သူ့ကိုယ်စားပြုအသံများ

ယင်းပြည်ထောင်စုအနှံ့ မဏ္ဍိုင်လေးရပ်ခရီးစဉ်အတွင်း တွေ့မြင်ကြားသိမှတ်မိခဲ့ရပါသော "ခေတ်မီဖွံ့ဖြိုးတိုးတက်၍ ငြိမ်းချမ်းသာယာသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး"တည်ဆောက်ရေး အမာခံအခြေခံအုတ်မြစ်များ၏ "မဏ္ဍိုင်လေးရပ်ဆွေးနွေးချက်အလေးထားဖွယ် ပြည်သူ့ကိုယ်စားပြုအသံများ"ကို ဆက်လက်၍ အပိုင်းလိုက်ရေးသား အစီရင်ခံတင်ပြသွားမည်ဖြစ်ပါသည်။

# ရသစာပေ ကျဆုံးတယ်ဆိုတာ ရသစာပေ ရေးတဲ့သူမရှိလို့ပါ။ လူသားတွေကို အကျိုးပြုတဲ့စာပေတွေ ရေးကြပါလို့ လူငယ်စာရေးဆရာတွေကို ပြောချင်ပါတယ်


ဆရာကြီးသိန်းသန်းထွန်း


ဆရာညီပုလေး


မောင်တင်စိုး(သစ်ရာကောက်)


ဆရာဦးစိုးဝင်း(ကိုရွှေ)


ဆရာဦးထွန်းဝေ(ကိုခါး-ကွမ်းခြံကုန်း)

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်အဖြစ် ရွေးချယ်ချီးမြှင့်ခံရသည့် ဆရာကြီး ဦးသိန်းသန်းထွန်း (သိန်းသန်းထွန်း)၊ ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိခဲ့သည့် စာရေးဆရာတို့နှင့် တွေ့ဆုံမေးမြန်းထားမှုများကို ရေးသားဖော်ပြလိုက်ပါသည်။

**အမျိုးသားစာပေ တစ်သက်တာစာပေဆုရှင် ဆရာကြီး သိန်းသန်းထွန်း**

"ကျွန်တော်အခု အသက် (၈၆)နှစ်ရှိပါပြီ။ တစ်သက်တာစာပေဆုရတယ်ဆိုတာ ကျွန်တော်က အသက်(၂၀)လောက်ကတည်းက ယနေ့ထိ စာရေးလာပါတယ်။ တစ်သက်တာစာပေဆုဆိုတာ တစ်သက်တာလုံးစာပေနဲ့ အသက်မွေးတဲ့ ပုဂ္ဂိုလ်တွေကို ပေးတဲ့သဘောပါ။

ကျွန်တော်က ကလေးစာပေလည်း ရေးခဲ့တယ်။ ရှုမဝမဂ္ဂဇင်းမှာလည်း သိန်းသန်းထွန်း ပုံပြင်များဆိုပြီးတော့ မူလတန်းကျောင်းသားလေးတွေ ဖတ်လို့ရတဲ့ ပုံပြင်လေးတွေရေးခဲ့တယ်။ ကလေးကဗျာနဲ့ပတ်သက်လို့ပြောရရင် ကလေးကဗျာတွေထုတ်တဲ့အခါမှာ အရင်တုန်းက အလယ်တန်း မြန်မာဖတ်စာအုပ်ထဲမှာ ကျွန်တော့်ကဗျာတွေ ပါပါတယ်။ ဝတ္ထုနဲ့ပတ်သက်လို့က အထက်တန်းကျောင်းသားကတည်းကနေရေးခဲ့တာ ယနေ့ခေတ်အထိပါပဲ။

ရှုမဝမဂ္ဂဇင်းမှာ ၁၆ လရေးခဲ့တဲ့ ဝတ္ထုရှိပါတယ်။ မြင့်မိုရ်တောင်ထိပ်က ပန်းပွင့်ကလေးတွေဆိုတဲ့ ဝတ္ထုပါပဲ။ ပရိသတ်ကကြိုက်တယ်။ ကျွန်တော်ရေးတဲ့အခါမှာ မေတ္တာဘွဲ့ကို အဓိကထားရေးပါတယ်။ ၁၉၆၀ လောက်မှာလည်း အချစ်ဝတ္ထုတွေရေးခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်မှာ ရေးခဲ့တဲ့ အချစ်ရှူးလေးရဲ့ အချစ်ဦးဟာ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ ၁၉၆၀ ခုနှစ်မှာ လှုပ်ရှားခဲ့တဲ့ လှုပ်ရှားမှုအကြောင်းတွေကိုအခြေခံပြီး ရေးခဲ့တဲ့ဝတ္ထုဖြစ်ပါတယ်။ သမိုင်းနဲ့ ပတ်သက်လို့ ကျွန်တော်က ဆရာဒေါက်တာသန်းထွန်းရဲ့ အတူနေတပည့်ပါ။ ကျွန်တော်က ပုဂံခေတ်ကျောက်စာတွေကို စွဲစွဲမြဲမြဲ ဖတ်လေ့ရှိပါတယ်။ ပုဂံခေတ် ဆို၊ က၊ ရေး၊ တီး စာတမ်းကို စာပေဗိမာန်မှာ ဖတ်ခဲ့ဖူးပါတယ်။ သမိုင်းနဲ့ပတ်သက်လို့ ရေးခဲ့တာလည်း အများကြီးရှိပါတယ်။

ဝတ္ထုရေးရတာကို အနှစ်သက်ဆုံးပဲ။ စာရေးတဲ့ ပုံစံကတော့ပြောသလိုရေးတာပေ့ါ။ အဓိကပြောချင်တာက ကျွန်တော်က စာတစ်မျိုးတည်းရေးတဲ့သူမဟုတ်ဘူး။ ကလေးစာပေ၊ လူကြီးစာပေ၊ ဝတ္ထု၊ အမျိုးမျိုးပေ့ါ။ ကျောက်စာတွေဖတ်ပြီး စာတမ်းတွေရေးတယ်။ သုတေသနစာတမ်းတွေဖတ်တယ်။ စာအုပ်ပုံကြီးနဲ့နေတာ။ အခုလက်ရှိ စံတော်ချိန်မှာ ကဗျာတွေရေးနေတယ်။

ကျွန်တော်တို့ ငယ်ငယ်က စာတွေဖတ်တယ်။ အမျိုးမျိုးဖတ်တယ်၊ ဘယ်သူကမှ စာဖတ်ပါလို့ မတိုက်တွန်းပါဘူး။ ကိုယ့်စိတ်ကိုယ့်ဝါသနာနဲ့ပဲ ဖတ်တယ်။ ပဍ္စပါပီ ရကန်အကြောင်းဖတ်ချင်လို့ ပဲခူးကို ကားခ၊ ရထားခပေးပြီး သွားဝယ်ခဲ့တယ်။ ဘယ်သူကမှ စာဖတ်ဖို့ မပြောကြဘူး။ ကိုယ့်ဝါသနာနဲ့ ကိုယ်ဖတ်ကြတယ်။ ရေးကြတာပဲ၊ ကိုယ်လုပ်ချင်တဲ့ဆန္ဒနဲ့ လုပ်ရင်ဖြစ်ပါတယ်။ အခုပြောပြောနေကြတဲ့ ရသစာပေကျဆုံးတယ်ဆိုတာ ရသစာပေရေးတဲ့သူမရှိလို့ပါ။ လူသားတွေကို အကျိုးပြုတဲ့စာပေတွေ ရေးကြပါလို့ လူငယ်စာရေးဆရာတွေကို ပြောချင်ပါတယ်"

**ဆရာညီပုလေး**

**အမျိုးသားစာပေဆု (ထက်မြက်တဲ့ ဓားသွားပေါ်က ချိုမြမြပျားရည်စက် ဝတ္ထုရှည်စာပေဆု)**

"ကျွန်တော်ရေးခဲ့တာက မြန်မာနိုင်ငံဆေးပညာလောကမှာ လူသိနည်းတဲ့၊ ဒါပေမယ့် ဒီပုဂ္ဂိုလ်ကြီးရဲ့ လုပ်ရပ်က ကြီးကျယ်လွန်းလို့ ရေးဖွဲ့မိတာပါ။ ဆရာကြီးနာမည်က ဒေါက်တာသိန်းနိုင်လို့ခေါ်ပါတယ်။ နာဂသိန်းနိုင်လို့ သိကြပါတယ်။ ခွဲစိတ်ဆရာဝန်ကြီးတစ်ယောက်ပါ။ ဆရာကြီးက အနစ်နာခံပြီး စွန့်စွန့်စားစားလုပ်ခဲ့တဲ့ ဆရာဝန်ကြီးတစ်ယောက်ပါ။ ကမ္ဘာပေါ်မှာ ထင်ရှားတဲ့သူတွေရှိပါတယ်။ မြန်မာမှာလည်း ဒီလိုလူတွေရှိတယ်ဆိုတာ စာဖတ်ပရိသတ်သိစေချင်လို့ ဒီလိုရည်ရွယ်ချက်နဲ့ ရေးပါတယ်။

ကျွန်တော် ဒီစာအုပ်ရေးပေမယ့် ဆုရမယ်လို့ မထင်ခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ ဒီလိုစာအုပ်မျိုးကို အရင်က ပေးလေ့မရှိပါဘူးခင်ဗျ။ အကြောင်းအရာအရရော ရေးသားပုံအရရော ရစရာကို အကြောင်းမရှိတာပါ။ အခု အပြောင်းအလဲကြောင့် ဆုရတယ်လို့ ကျွန်တော် ဒီလိုပဲ ခံစားမိပါတယ်။

ကျွန်တော် အခုအားသန်နေတာက ခေတ်တွေကို ထင်ဟပ်တဲ့စာတွေရေးဖို့ စိတ်အားသန်နေပါတယ်။ ကျွန်တော် ဖြတ်သန်းခဲ့တဲ့ခေတ်တွေကို ဆက်ရေးမှာပါ။ ကျွန်တော် ခရီးသွားဆောင်းပါးတွေရေးပါတယ်။ လုံးချင်းဝတ္ထုအနေနဲ့ကတော့ သုံးအုပ်တည်းရေးတာပါ။ ဒီစာအုပ်က ကျွန်တော့်ရဲ့ တတိယမြောက်စာအုပ်ပါ။ ဒီနှစ် စာပေဆုပေးတဲ့ စာအုပ်တွေကိုကြည့်ရင် ဆုရွေးချယ်ရေးအဖွဲ့နဲ့ စာဖတ်ပရိသတ်ရဲ့ အာရုံနဲ့ တစ်ထပ်တည်းကျတာ ဝမ်းသာစရာကောင်းပါတယ်။ ဒါဟာ စာပေပညာမြင့်ဖို့ပဲလို့ ယူဆပါတယ်"

**မောင်တင်စိုး(သစ်ရာကောက်)**

**ကလေးစာပေဆု၊ ကဗျာကျောင်းနှင့် ဒေါင်းမလေး ကလေးကဗျာများ**

ကဗျာနှစ်ပုဒ်ရဲ့ ခေါင်းစဉ်ကိုယူပြီး စာအုပ်နာမည်ယူလိုက်တာပါ။ ကဗျာအကြောင်းအရာကတော့ ကျောင်းတွေမှာ ကလေးတွေရဲ့ကဗျာရွတ်သံလေးတွေ တိမ်နေတယ်ပေ့ါ။ကျောင်းတိုင်း ကျောင်းတိုင်းမှာ ကဗျာရွတ်သံဆိုသံတွေ ပြန်လည်ကြားစေချင်တဲ့ စေတနာလည်းပါတဲ့အတွက်ကြောင့် ကဗျာတွေကိုရွတ်ဖို့ ဆိုဖို့ရေးတာလည်း ပါပါတယ်။ ကဗျာကိုရေးတဲ့အခါမှာ အမျိုးသားစိတ်ဓာတ်ကို အခြေခံပြီးတော့ ကလေးတွေမှာ အသိအလိမ္မာတိုးအောင် ရည်ရွယ်ချက်နဲ့ရေးခဲ့တာပါ။

ကဗျာဆိုတဲ့အောက်မှာ လင်္ကာတို့၊ တေးသီချင်းတို့ နှစ်မျိုးကွဲပါတယ်။ ကဗျာက အသံနေ အသံထားနဲ့ ဆိုရတာဆိုတော့ စိတ်ကိုကြည်နူးစေတယ်၊ ပီတိဖြစ်တယ်၊ ကြမ်းတမ်းတဲ့စိတ်ဓာတ်ကို နူးညံ့သွားစေတယ်။ ကျွန်တော်က ပညာရေးဝန်ထမ်းတစ်ယောက်ဖြစ်တဲ့အတွက် ပြောရမယ်ဆိုရင် ဆရာ ဆရာမတွေက ကဗျာလေးတွေနဲ့ ပုံပြင်လေးတွေနဲ့ ရွတ်ဆိုပြောပြသင်ကြားတဲ့စနစ်တွေ နည်းပါးကုန်တဲ့အတွက် အဲဒီဟာကို သက်ဝင်လှုပ်ရှားလာအောင် ပညာရေးသမားတွေရဲ့ တာဝန်ကပိုပြီး အရေးကြီးတယ်လို့ ယူဆပါတယ်။ မိဘတွေကိုယ်တိုင်ကလည်း သားသမီးလေးတွေ ကဗျာနဲ့ တေးသီချင်းနဲ့ နီးစပ်နိုင်တဲ့ ပတ်ဝန်းကျင်တွေကို ဖန်တီးပေးနိုင်မယ်ဆို ကဗျာသံစာသံလေးတွေ ဆူညံပြီး ပုံပြင်လေးတွေနဲ့ ကလေးတွေစိတ်ကို နူးညံ့လာစေချင်တဲ့အတွက် တစိုက်မတ်မတ်ရေးခဲ့ပါတယ်။

ကျွန်တော်ရေးခဲ့တာ ဒီစာအုပ်နဲ့ဆို သုံးအုပ်မြောက်ပါ။ အနှစ်နှစ်အလလက ရေးသားထားတဲ့ ကိုယ့်ရဲ့အားထုတ်မှုကို အမျိုးသား စာပေဆုရွေးချယ်ရေးအဖွဲ့က အသိအမှတ်ပြုတာဖြစ်တဲ့အတွက် ဂုဏ်ယူဝမ်းသာပါတယ်။ ကဗျာတွေ၊ စာတွေ၊ ပုံပြင်တွေ ရေးသားနိုင်ဖို့အတွက် အားဆေးတစ်ခုလည်း ဖြစ်တယ်လို့ ယုံကြည်ပါတယ်။

**ဆရာဦးစိုးဝင်း(ကိုရွှေ)**

"ဒီဆုကိုရခဲ့တဲ့အတွက် ကိုယ့်အတွက်ပျော်တယ်ဆိုတာထက် ကဗျာလောကတစ်ခုလုံးအတွက်ဝမ်းသာပါတယ်။ ဒီဆုအပြင် အခြားရခဲ့တဲ့ဆုတွေလည်း ရှိပါတယ်။ ရွှေဘိုက ပန်းကဗျာဆုရတယ်။ ရွှေအမြုတေက ဆုရတယ်။ ပျဉ်းမနားကပေးတဲ့ အလယ်ရိုးမဆုရတယ်။ ပေါင်းတည်က ပညာ့ရွှာစာကြည့်တိုက်ကပေးတဲ့ဆုရတယ်။ အခုဆုရတဲ့ စာအုပ်ဆိုရင် စာအုပ်အဖြစ်ရေးတာမဟုတ်ဘဲ မဂ္ဂဇင်းတွေမှာ တစ်ပုဒ်ချင်းရေးခဲ့တာတွေပါ။ အဲဒါတွေကို စိတ်ကူးချိုချိုစာအုပ်တိုက်က စာအုပ်ထုတ်မယ်ဆိုတော့ ကဗျာတွေစုပေါင်းပြီးပေးလိုက်တာ ကဗျာပေါင်းချုပ်တစ်အုပ်ဖြစ်သွားတယ်။ ဒီလိုကဗျာတွေဖြစ်လာဖို့လည်း တစ်ပုဒ်ချင်းစီကို နှစ်နဲ့ချီပြီး ရေးခဲ့ရတာပါ။ ကဗျာဆိုတာကတော့ စိတ်ထဲမှာ ဖျတ်ခနဲပေါ်လာတာကို ရေးရတာဆိုတော့ ဘယ်အကြောင်းအရာကို ဘယ်လိုရေးမယ်ဆိုတာ ကြိုမစဉ်းစားထားပါဘူး။ ကဗျာဝါသနာပါတဲ့ လူငယ်တွေအတွက်ကတော့ အထူးပြောစရာမလိုဘူးထင်ပါတယ်။ ကျွန်တော်တို့လူငယ်ဘဝတုန်းကလည်း ရှေးက ဆရာ့ဆရာကြီးတွေရဲ့ ကဗျာတွေကိုဖတ်ပြီး ကဗျာတွေရေးလာခဲ့တာပါ။ အခုခေတ်ကဗျာတွေကတော့ အများကြီးပဲ။ အောင်မြင်ချင်ရင်တော့ ဇွဲရှိရှိကြိုးစားဖို့လိုပါတယ်။ လူငယ်တွေကိုလည်း ကြိုဆိုပါတယ်။ လက်ရှိ ကဗျာလောကကလည်း ဖွံ့ဖြိုးလာတယ်လို့ ပြောရမှာပါပဲ။ အွန်လိုင်းကလည်း ခေတ်စားလာတော့ ကဗျာဆရာတွေများလာတယ်။ ရေရှည်အတွက်တော့ စောင့်ကြည့်ရမှာပေ့ါ။ ဒါပေမယ့် ကဗျာအကြောင်းအရာ ပုံသဏ္ဌာန်တွေ အများကြီးဖြစ်လာတယ်။ အတွေးထဲမှာ ဖျတ်ခနဲပေါ်လာတာကိုရေးပြီး အွန်လိုင်းပေါ်တင်လို့ like တွေအများကြီးရတာကို သာယာမနေဘဲ ရေရှည်တစိုက်မတ်မတ်လုပ်ဖို့လိုပါတယ်။ ကဗျာကိုချစ်ဖို့၊ လေးလေးစားစားရေးဖို့လိုပါတယ်။ အဲဒီအတွက် ပျော်လည်းပျော်တယ်။ ကြိုလည်းကြိုဆိုပါတယ်။ ကဗျာလောက ကဗျာအနာဂတ်အတွက်လည်း ကောင်းတယ်လို့ ပြောလို့ရပါတယ်။"

**ဆရာဦးထွန်းဝေ(ကိုခါး-ကွမ်းခြံကုန်း)**

ဒီဆုက ပထမဦးဆုံးရရှိတာပါ။ အရပ်သားအစိုးရသစ်ပြောင်းပြီးတဲ့အချိန်မှာ ပထမဦးဆုံးချီးမြှင့်တဲ့ဆုလည်းဖြစ်ပါတယ်။ ဒီအပေါ်မှာ အရင်အချိန်နဲ့မတူတဲ့ ခံစားချက်တွေ ခံစားမိပါတယ်။ ဒီလိုကြုံကြိုက်တဲ့အချိန်မှာ ဒီဆုကိုချီးမြှင့်ခြင်းခံရတဲ့အတွက် တအားဝမ်းသာပါတယ်။ အခြားဆုတွေရတာတော့ မရှိပါဘူး။ ၁၉၇၂ ခုနှစ် အောက်တိုဘာလမှာ မိုးဝေမဂ္ဂဇင်းမှာ ပုံနှိပ်ခံရတဲ့ မြို့ပြလေဆိုတဲ့ကဗျာနဲ့ စာပေလောကကို စတင်ဝင်ရောက်ခဲ့တာပါ။ ဆုရတဲ့စာအုပ်အပါအဝင် စာအုပ်ရှစ်အုပ်ရေးသားထုတ်ဝေပြီးပါပြီ။ ဆုရတဲ့ ဒီစာအုပ်ကလည်း ရသဆောင်းပါးစာစုလို့ ပြောလို့ရပါတယ်။ ဘာသာရပ်ဆိုရင်တော့ စာပဒေသာအမျိုးအစားထဲမှာ ပါဝင်တာပါ။ ဒီထဲမှာ ရသဆောင်းပါး ၁၅ ပုဒ်စုစည်းထားပါတယ်။ အမျိုးအစားအကြောင်းအရာမတူတဲ့ ရေးဖွဲ့မှုပုံသဏ္ဌာန်လည်းမထပ်တဲ့ စာမူ ၁၅ ပုဒ်ကို ရေးပြီးသမျှတွေထဲက ရွေးချယ်စုစည်းထားတာပါ။ နောက်ထပ် စာအုပ်ထွက်ဖို့လည်းရှိပါတယ်။ ကဗျာစာအုပ်တစ်အုပ်လည်း အသင့်ဖြစ်နေပါပြီ။ နောက်တစ်ခုက ဆောင်းပါးစုတစ်ခု၊ ရုပ်ပုံလွှာအဖွဲ့အနွဲ့ စာပေအမျိုးအစားထဲမှာ ပါဝင်မယ်လို့ ယူဆရတဲ့စာအုပ်လည်း အသင့်ဖြစ်နေပါပြီ။ စာပေလောက အခြေအနေကိုလည်း ကျွန်တော့်အနေနဲ့ အကောင်းမြင်စိတ်နဲ့ပဲ ကြည့်မြင်ပါတယ်။ ရေးဖွဲ့သူတွေရော ထုတ်လုပ်သူတွေပါ အားကြိုးမာန်တက် ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ စာအုပ်ထွက်ရှိမှုကလည်း ဘယ်ခေတ်နဲ့မှမတူဘဲ ထွက်ရှိမှု အလွန်များပြားပါတယ်။ စာအုပ်ဆိုင်ကြီးတစ်ခုကို မေးကြည့်တာ တစ်နေ့ကို စာအုပ် ၁၀၀ ဝန်းကျင်လောက် လာပြီးဖြန့်ချိကြတယ်လို့ ပြောပါတယ်။ အမျိုးအစားပေါင်းစုံပေ့ါ။ တချို့က ရသစာပေအပေါ် စိုးရိမ်ကြတယ်။ အဲဒီအပေါ်မှာလည်း သုံးသပ်မှုတွေရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ရသစာပေ ပြန်လည်ဦးမော့လာတယ်လို့ မြင်ပါတယ်။ ဝတ္ထုတိုပေါင်းချုပ်တွေဆို အများကြီးထွက်ရှိပါတယ်။ အရင်တုန်းက ဝတ္ထုတိုပေါင်းချုပ်ထွက်ဖို့ဆိုတာ တော်တော်လေး စုစည်းရတယ်။ ဝတ္ထုတိုရာပြည့်နဲ့ ကြုံတဲ့နှစ်လည်း ဖြစ်နေတယ်။ ဝတ္ထုရှည်တွေလည်း ကြိုးစားပြီးရေးလာကြတယ်။ ကဗျာစာအုပ်တွေဆိုရင်လည်း တစ်ဦးချင်းရော စုပေါင်းတွေရော ထွက်တာများလာတယ်။ ရေးဖွဲ့သူတွေလည်း တိုးပွားလာတယ်။ နိုင်ငံရေး အမျိုးအစားဘာသာရပ်တွေ၊ သတင်းနယ်ပယ်နဲ့ပတ်သက်တဲ့ စာအုပ်မျိုးတွေ အိုင်တီနဲ့ပတ်သက်ပြီး စိတ်ဝင်စားမှု များပြားလာကြတယ်။ ထုတ်လုပ်သူတွေအနေနဲ့လည်း စာဖတ်သူတွေရှိလို့၊ ဝယ်ယူအားပေးနေလို့ ထုတ်လုပ်ထွက်ရှိနေတယ်လို့ ထင်ပါတယ်။ ဒါကြောင့် စာပေလောက ပြန်လည်ဦးမော့လာပြီး လူငယ်ကလောင်ရှင်သစ်တွေ များစွာပေါ်ပေါက်လာလိမ့်မယ်လို့ ယူဆပါတယ်။ တိုးတက်ဖို့ဆိုရင် သင်တန်းတက်ရုံတင်မကဘဲ စာပေကောင်းတွေကို စုစည်းပြီ ကိုယ်နဲ့သက်ဆိုင်ရာ ဘာသာရပ်တွေကို စူးစမ်းလေ့လာ မှတ်သားဖို့လိုပါတယ်။ လူငယ်တွေအနေနဲ့လည်း တယ်လီဖုန်းပွတ်ပြီး facebook သုံးတယ်ဆိုတဲ့အဆင့်ထက် အဲဒီဘက်တွေမှာ အချိန်ကုန်တာကို လျှော့ချပြီးတော့ စာဖတ်တဲ့ဘက်ကို ပြန်လည်အလေးမူကြဖို့ တိုက်တွန်းချင်ပါတယ်။"

**တွေ့ဆုံမေးမြန်း- သီသီမင်း၊ ခင်ဇာလီ၊ အေးမင်းသူ၊**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)၊ ဖြိုး**

## အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ဒေးဒရဲ အောက်တိုဘာ ၂၈။** ။ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Centre အဆင့်မြှင့်ခြင်းလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်သည့် နှစ် (၇၀)ပြည့် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ ပြိုင်ပွဲကျင်းပရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်အုန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်၊ အထက (၁)၊ (၂)၊ ထ(ခွဲ) မြို့မကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သပြေထွန်း)**

# မူးယစ်နွံအတွင်း နစ်ဆင်းနေတဲ့ လူငယ်လူရွယ်တွေကို အားလုံးကကယ်ထုတ်ဖို့ ကြိုးပမ်းကြရမှာဖြစ်သလို တစ်ဖက်ကလည်း မူးယစ်ဆေးဝါးတွေကို အမြစ်ပါမကျန် တွင်းလှန်ဖယ်ရှားပေးကြဖို့ အားလုံးမှာတာဝန်ရှိနေ

**မြစ်ကြီးနား အောက်တိုဘာ ၂၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ဖွင့်လှစ်ထားသည့် လူမှုအခြေပြု ဗဟိုဌာန (Community Centre)၌ 'လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်'ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြုလုပ်သည်။

စကားဝိုင်းဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကချင်နှင့် ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့များ၊ မူးယစ်အထူးပြု NGO, INGO အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ယင်းပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က "ဒီမိုကရေစီစနစ်ရဲ့ အင်္ဂါရပ်တွေအတိုင်း အများပြည်သူနဲ့ အစိုးရတာဝန်ရှိသူတွေကြားမှာ ဆွေးနွေးတိုင်ပင်ရမယ့်အကြောင်းကိစ္စတွေရှိလာတဲ့အခါ ဆွေးနွေးပြောကြားနိုင်တဲ့ အခွင့်အလမ်းတွေ ဖော်ဆောင်ပေးနိုင်ဖို့၊ မိမိရပ်ရွာဒေသမှာ ဖြစ်ပေါ်နေတဲ့ အကြောင်းအရာတွေကို အများပြည်သူကြားမှာ ဆွေးနွေးမှုတွေရှိလာစေဖို့၊ ဆွေးနွေးပွဲတွေကြောင့် ပြည်သူလူထုရဲ့ စဉ်းစားတွေးခေါ်မှုမြင့်မားလာပြီး ဆွေးနွေးပွဲတွေမှာ ပါဝင်ဆွေးနွေးတတ်တဲ့ အလေ့အထတွေ ဖြစ်ပေါ်လာစေဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့အညီ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ အခုလို အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူတွေ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူတွေ၊ လူငယ်အဖွဲ့အစည်းတွေပါဝင်ပြီး လွတ်လပ်ပွင့်လင်းတဲ့ ပြည်သူ့စကားဝိုင်းတွေကို စဉ်ဆက်မပြတ် ကျင်းပသွားကြရမှာဖြစ်ပါတယ်။ ဒီကနေ့ ဆွေးနွေးသွားကြမယ့် စကားဝိုင်းရဲ့ ခေါင်းစဉ်နဲ့အညီ ကျွန်တော်တို့ပြည်နယ်အတွင်းမှာ လူငယ်ထုကို အမှန်တကယ် ခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး အသိုင်းအဝိုင်းစုံလင်စွာနဲ့ ရှုထောင့်ပေါင်းစုံက ပါဝင်ဆွေးနွေးသွားကြမှာဖြစ်တဲ့အတွက် လူငယ်ထုနဲ့ ပြည်သူတို့ရဲ့အသိစိတ်မှာ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ပိုမိုစိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လာမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ "ပြည်နယ်ရဲ့ မှတ်တမ်းတွေအရ မူးယစ်ပြဿနာဟာ လူငယ်ထုကြားမှာ ပိုမိုမြင့်မားလျက်ရှိတာကိုတွေ့ရပြီး မိမိတို့အစိုးရအဖွဲ့အနေနဲ့ ဖမ်းဆီးအရေးယူဆောင်ရွက်မှုတွေအပြင် အသိပညာပေးလုပ်ငန်းတွေကို အစိုးရဌာနတွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေကပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်း မူးယစ်ဆေးဝါးဟာ လူငယ်ထုအတွင်း အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ တငွေ့ငွေ့လှိုက်စား လောင်ကျွမ်းလာသလို ကြီးမားစွာခြိမ်းခြောက်လာနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် မူးယစ်နွံအတွင်း နစ်ဆင်းနေတဲ့ လူငယ်လူရွယ်တွေကို ကျွန်တော်တို့အားလုံးက ကယ်ထုတ်ဖို့ ကြိုးပမ်းကြရမှာဖြစ်သလို တစ်ဖက်ကလည်း မူးယစ်ဆေးဝါးတွေကို အမြစ်ပါမကျန် တွင်းလှန်ဖယ်ရှားပေးကြဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိနေကြပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ အစိုးရအဖွဲ့အစည်းတစ်ခုတည်း၊ တရားဥပဒေတစ်ခုတည်းကိုသာ အားကိုးနေလို့မရဘဲ ပြည်သူအားလုံးက အသိစိတ်ကိုယ်စီနဲ့ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်မှတ်ယူပြီး ကာကွယ်တွန်းလှန်သွားကြဖို့ လိုအပ်ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က တိုက်တွန်းပြောကြားသည်။

ဆွေးနွေးပွဲတွင် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ မည်သို့အဖြေရှာဖြေရှင်းသင့်သည်ကို ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်က "ဒီနေ့ဆွေးနွေးပွဲဟာ 'လူငယ်ထုကိုပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်'ဆိုတဲ့ ခေါင်းစဉ်ဖြစ်သော်လည်း အမှန်ကတော့ လူငယ်ထုတွေတင်မကဘဲ လူကြီးတွေမှာပါ ဒီမူးယစ်ဆေးဝါးအန္တရာယ်ရှိနေပါတယ်။ ကျွန်တော်တို့အနေနဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့အဆင့်ဆင့်ကို ရပ်ကွက်နဲ့ ကျေးရွာအုပ်စုအထိ ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန်တွေကိုပါ သတ်မှတ်ပေးထားတာဖြစ်ပါတယ်။ ကချင်ပြည်နယ်အတွင်းမှာ မူးယစ်ဆေးဝါးဟာ လူငယ်ထုကိုသာမက အားလုံးကိုခြိမ်းခြောက်နေတာဖြစ်တဲ့အတွက် ပြည်သူလူထုပါဝင်ပြီးတော့ ဒီအန္တရာယ်ကို ဝိုင်းဝန်းတားဆီးကာကွယ်မယ်ဆိုရင် ဒီလိုအန္တရာယ်ကြီးမားတဲ့ မူးယစ်အန္တရာယ်ကို နည်းလမ်းတစ်မျိုးမျိုးကနေ လျှော့ချနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ရပ်ကွက်/ကျေးရွာတိုင်းမှာရှိတဲ့ ပြည်သူလူထု၊ ကျောင်းသား၊ အလုပ်သမားတွေအားလုံးပါဝင်တဲ့ အခုလို စကားဝိုင်းဆွေးနွေးပွဲတွေ ဆောင်ရွက်ပေးမယ်။ မူးယစ်ဆေးဝါးတားဆီးကာကွယ်တဲ့ လုပ်ငန်းတွေ၊ တာဝန်တွေကို လူတိုင်းကျေပွန်စွာ ထမ်းဆောင်မယ်ဆိုရင် ဒီအန္တရာယ်ကို ကျွန်တော်တို့ အများကြီးလျှော့ချသွားနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။




ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က "ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးကိုပြန်ကြည့်ရင် မိမိတို့ရဲ့ အနာဂတ်လူ့အဖွဲ့အစည်းကို ဖွံ့ဖြိုးသာယာလှပအောင် အနာဂတ်ရဲ့မျိုးဆက်သစ်တွေကို Social Capital လို့ခေါ်တဲ့ လူမှုအရင်းတွေ၊ Intellectual Capital လို့ခေါ်တဲ့ ဉာဏအရင်းတွေကို အပြိုင်အဆိုင်စိုက်ထုတ်ပြီးတော့မှ ပြုစုပျိုးထောင်နေတာကို အားလုံးတွေ့ကြရမှာဖြစ်ပါတယ်။

တစ်ဖက်ကလည်း အဲလိုပြုစုနေသလို တစ်ဖက်မှာလည်းပဲ လူငယ်မျိုးဆက်သစ်တွေကို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ဖျက်ဆီးနေတဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကလည်းပဲ ကျွန်တော်တို့ရင်ဆိုင်ကြုံတွေ့နေကြရတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် ယနေ့အချိန်မှာ မူးယစ်ဆေးဝါးဟာ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်၊ ကျွန်တော်တို့ရဲ့အနာဂတ်ကို ဖျက်ဆီးဖို့အတွက် ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ စနစ်တကျဖျက်ဆီးနေပြီး ပန်းကောင်းအညွန့်ချိုးဆိုတဲ့ အခြေအနေကို ရောက်ရှိနေပါပြီ။ ကျွန်တော်တို့ကြုံတွေ့နေရတဲ့ အခြေအနေတွေကို ဘယ်လိုကြုံတွေ့နေရတယ်၊ ဘယ်လိုရင်ဆိုင်နေရတယ်၊ ဘယ်လိုကာကွယ် တားဆီးကြမယ်ဆိုတာကို ဒီနေ့စကားဝိုင်းမှာ ဆွေးနွေးသွားကြမှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် ဒေသတွင်းကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက "မူးယစ်ဆေးဝါးပပျောက်ဖို့အတွက် ဆန္ဒဖော်ထုတ်ပွဲတွေ ဘယ်လောက်လုပ်လုပ် ပြည်နယ်အတွင်းက ရပ်ကွက်/ကျေးရွာ/မြို့တွေမှာ မူးယစ်ဆေးဝါးရောင်းချသူတွေဟာ လူမှုအသိုက်အဝန်းကြားမှာ ရှိနေပါသေးတယ်။ ဒီကနေ့ ခိုးဆိုးလုနှိုက်တဲ့ပြဿနာတွေရဲ့ အရင်းအမြစ်ဟာ မူးယစ်ဆေးဝါးရဲ့ဆိုးကျိုးများသာ ဖြစ်ပါတယ်။ ယနေ့လူငယ်တွေရဲ့ စိတ်ဓာတ်တွေကို ပြောင်းလဲပေးရမှာဖြစ်တဲ့အတွက် လူငယ်တွေကို နေရာပေးဆွေးနွေးစေရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

လူငယ်များအနေဖြင့် မူးယစ်ဆေးဝါးဖြင့် ဘဝပျက်စီးဆုံးရှုံးရပုံကို မည်သို့ အသိပညာပေးဆောင်ရွက်ရန် လိုအပ်ပုံနှင့်ပတ်သက်၍ စာပေပညာရှင် စာရေးဆရာမ ပုညခင်က "ယနေ့လူငယ်တွေ မူးယစ်ဆေးဝါး ဘာကြောင့်စွဲသလဲကြည့်လိုက်တော့ အစွန်းနှစ်ဖက်ကို တွေ့ရပါတယ်။ တစ်ဖက်ကချမ်းသာလွန်းအားကြီးတဲ့သူတွေဟာ မူးယစ်ဆေးဝါးကို အလွယ်တကူဝယ်ယူသုံးစွဲနိုင်ကြတယ်။ တချို့က မိဘအထိန်းအကွပ်နဲ့ ချစ်ခြင်းမေတ္တာမရတော့ စိတ်ပိုင်းဆိုင်ရာလိုအပ်မှုတွေဖြစ်လာပြီး လိုအပ်မှုတွေ၊ လစ်ဟာမှုတွေကို ပေါပေါများများသုံးစွဲနိုင်တဲ့ ငွေကြေးကိုအသုံးချပြီး ချစ်ခြင်းမေတ္တာကွက်လပ်နေရာကို အစားထိုးတဲ့အနေနဲ့ သုံးစွဲနေကြတာကို တွေ့ရတယ်။ နောက်သိပ်ဆင်းရဲတဲ့သူတွေကျတော့လည်း သူတို့မှာ ပညာမသင်နိုင်တဲ့အတွက် အသိဉာဏ်နဲ့ ဆင်ခြင်တုံတရားနည်းပါးလာပြီး စိတ်ဆင်းရဲမှုတွေ၊ ပင်ပန်းနာကျင်မှုတွေ ဖြေဖျောက်ဖို့အတွက် သုံးစွဲကြတာကို တွေ့ရပါတယ်။ တချို့က စမ်းသပ်ချင်တဲ့အတွက်ကြောင့် သုံးစွဲကြတာတွေ့ရပါတယ်။ နောက်တစ်ခုက အနုပညာနယ်ပယ်မှာ ဒီမူးယစ်ဆေးဝါးက စိတ်ကိုပြောင်းလဲစေတဲ့ အစွမ်းအာနိသင်ရှိတယ်ဆိုပြီး စိတ်ကူးဆန်းသစ်မှုတွေလိုအပ်တဲ့အတွက် သုံးစွဲလာကြတယ်။ ကျွန်မကတော့ မူးယစ်ဆေးဝါးဟာ သုံးစွဲသူတွေကို ကျွန်ပြုတယ်လို့ထင်တယ်။ ကျွန်ပြုခံရပြီဆိုရင် သူ့ရဲ့စေစားရာအတိုင်း လုပ်ဆောင်ရတယ်။ လွှမ်းမိုးမှုတွေခံရတဲ့အတွက် ဘဝတွေဟာ တည်ငြိမ်မှုမရှိတော့ဘဲ ဒီအရာမရှိရင် အသက်မရှင်နိုင်တော့ဘူး ဖြစ်သွားတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးသုံးစွဲတဲ့သူတွေဟာ သူတို့ကို တစ်နည်းတစ်ဖုံ ကျွန်ပြုခံရတယ်ဆိုတာကို သူတို့သိအောင် ပညာပေးမှုတွေအများကြီး လိုအပ်တယ်လို့ ထင်ပါတယ်။ ဘယ်လိုပညာပေးမှုတွေ လိုအပ်တယ်ဆိုတာကို ဆွေးနွေးသွားဖို့လိုအပ်ပါတယ်"ဟု ဆွေးနွေးပြောကြားသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသူ မြစ်ကြီးနား တက္ကသိုလ် သမိုင်းမဟာဒုတိယနှစ်တက်နေသော မငြိမ်းငြိမ်းရွယ်က "ဒီဆွေးနွေးပွဲကို ဖေ့စ်ဘွတ်ကနေတစ်ဆင့်တွေ့လို့ တက်ရောက်ဖြစ်တာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ဟောပြောဆွေးနွေးတဲ့အပေါ်မှာ ဒီမူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးတွေကို ပိုပြီးသိလာတယ်။ ကိုယ့်မောင်တွေ၊ ညီမတွေကို ပြန်ဝေမျှပေးချင်တယ်။ ကိုယ်တိုင်လည်း အသိတရားရတဲ့အပေါ် လိုက်နာနေထိုင်မယ်လို့ တွေးမိပါတယ်။ ဒီအန္တရာယ်က ကိုယ့်ကိုခြိမ်းခြောက်နေတယ်လို့လည်း ခံစားရတယ်။ ဆေးသုံးသူတွေရဲ့ လုယက်မှုတွေ အရင်ကထက်များလာတဲ့အတွက် လုံခြုံမှုမရှိတော့ပါဘူး။ မူးယစ်ဆေးဝါးဟာ လူ့ခန္ဓာကိုယ်ရော စိတ်ဓာတ်နဲ့ ကိုယ်ကျင့်တရားကိုပါ ပျက်စီးစေတယ်လို့ မြင်မိပါတယ်"ဟု မူးယစ်ဆေးဝါးကြောင့် ကြုံတွေ့နေရသည်များကို ရှင်းလင်းပြောပြသည်။

ယနေ့ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်ပြီး ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရန်၊ လျှော့ချနိုင်ရန်အတွက် ဦးဆောင်ဆွေးနွေးသူများနှင့် တက်ရောက်လာကြသူများက ကဏ္ဍအသီးသီးအတွက် ရှုထောင့်ပေါင်းစုံမှ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**(ပြည်နယ်ပြန်/ဆက်)**

# စစ်တွေမြို့နယ် ပြည်တော်သာတွင် ဆင်းသွယ်လတ် မိုးစပါးစံကွက် ရိတ်သိမ်း

**နေပြည်တော် အောက်တိုဘာ ၂၈**

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် GIZ အဖွဲ့တို့ ပူးပေါင်းကျင်းပသော Post-harvest technology and organic agriculture training သင်တန်းကို အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ပြည်နယ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပရာ ပြည်နယ်ဦးစီးမှူး ဦးတိုးဝေက အဖွင့်အမှာစကားပြောကြားကာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်ဥမ္မာဝင်းနှင့် စိုက်ပျိုးရေးဦးစီးဌာန ဉယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာ ဖွံ့ဖြိုးရေးဌာနခွဲမှ ဒေါက်တာဝဏ္ဏာထွန်းတို့က ဘာသာရပ်အလိုက် သင်တန်းပို့ချကြသည်။ အဆိုပါသင်တန်းသို့ ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ ခရိုင်/မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြသည်။

စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းထွန်းနှင့် ခရိုင်ဝန်ထမ်းများ၊ မြို့နယ်ဦးစီးမှူး ဦးတင်အေးနှင့် မြို့နယ်ကွင်းဝန်ထမ်းများ စုပေါင်း၍ စစ်တွေမြို့နယ် ပြည်တော်သာရပ်ကွက်တွင် စိုက်ပျိုးထားသော ဆင်းသွယ်လတ်စပါးမျိုး မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ စံကွက်အထွက်နှုန်း အစိုအထွက် ၈၂ တင်း၊ အခြောက်အထွက် ၇၃ ဒသမ ၈၀ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲ Level-2 ပွဲစဉ်(၃) နေပြည်တော်၌ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၈**
နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူများ၏စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)က တာဝန်ယူကျင်းပလျက်ရှိသည်။ ငြိမ်းချမ်းရေးဂီတပွဲတော်(Level-1)အဆင့် သီချင်းဆိုပြိုင်ပွဲများကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ဘားအံနှင့် ကလေးမြို့တို့တွင် ကျင်းပခဲ့ပြီး ဒေသလက်ရွေးစင် ၃၆ ဦး ထွက်ပေါ်ခဲ့သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် Level-2 ပွဲစဉ်(၁)နှင့်(၂)ကို အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တွင် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းခဲ့ပရာ Sa Paung၊ လင်းသစ်၊ ဖုန်းဝေသွင်နှင့် ဇင်သူဇာထွန်းတို့ လေးဦးမှာ Level-3 သို့ တက်လှမ်းခွင့်ရရှိခဲ့သည်။ Level-2 ပွဲစဉ်(၃)နှင့် (၄)ကို နေပြည်တော်၌ အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

ယခုတစ်ပတ်အတွက် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-2 အဆင့်ပြိုင်ပွဲ ပွဲစဉ်(၃)ကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲ Level-2 ပွဲစဉ်(၃)တွင် ပြိုင်ပွဲဝင် ကိုးဦး ယှဉ်ပြိုင်ခဲ့ကြပြီး Level-3 အဆင့်သို့ မေသူကျော်နှင့် ကြူကြူခိုင်တို့က တက်လှမ်းသွားနိုင်ခဲ့သည်။

ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲ Level-2 ပွဲစဉ်(၄)ကို အောက်တိုဘာ ၂၉ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Level-2 ပွဲစဉ် လေးခုမှ Level-3 သို့ တက်လှမ်းမည့် ပြိုင်ပွဲဝင် ၁၀ ဦး ထွက်ပေါ်လာမည်ဖြစ်ပြီး ပွဲစဉ်တစ်ခုစီမှ နှစ်ဦးစီ ရှစ်ဦးနှင့် ဒိုင်များ၏မှတ်ချက်အရ နှစ်ဦး စုစုပေါင်း ၁၀ ဦး Level-3 သို့ တက်လှမ်းမည်ဖြစ်သည်။

Level-3 အဆင့်ပြိုင်ပွဲအတွက် ရွေးချယ်ထားသည့် ဆန်ခါတင် ၁၀ ဦးအနက် သုံးဦးကို ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့၌ ပြုလုပ်မည့် Grand Final ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ အဖြစ်ရွေးချယ်ကာ ပထမဆု ကျပ်သိန်း ၃၀၀၊ ဒုတိယဆု ကျပ်သိန်း ၂၀၀၊ တတိယဆု ကျပ်သိန်း ၁၀၀ နှင့် နှစ်သိမ့်ဆု တစ်ဆုလျှင် ကျပ်သိန်း ၃၀ ဖြင့် ခုနစ်ဆုချီးမြှင့်သွားမည်ဖြစ်ပြီး နိုင်ငံကျော်အဆိုတော်များ၊ ကျန်လက်ရွေးစင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ဂီတပွဲတော်ကြီးအဖြစ် မြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပသည့်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ ည ၈ နာရီ သတင်းအပြီးတွင် တိုက်ရိုက်(Live)ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် www.facebook.com/mrtvwebmediaportal နှင့် Peace Music Festival Facebook စာမျက်နှာ www.facebook.com/peacemusicfestival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# UEHRD စီမံကိန်းတွင် လူငယ်များလည်းပူးပေါင်းပါဝင်လျက်ရှိပြီး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် သင်တန်းများဖွင့်လှစ်ပို့ချရန် စီစဉ်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၈**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်သော စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဘိုးဘွားများအား နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်ပြီး အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက ယခုအခါ နိုင်ငံအတွင်းမှုခင်းများပေါ်ပေါက်ခြင်း၊ ပဋိပက္ခများဖြစ်ပွားခြင်းများရှိရာ ၎င်းတို့၏ အခြေခံအကြောင်းများတွင် မူးယစ်ဆေးဝါး သုံးစွဲခြင်းနှင့် တရားမဝင်ထုတ်လုပ်ဖြန့်ဖြူးရောင်းဝယ်ဖောက်ကားခြင်းသည် အကြောင်းရင်းတစ်ရပ်ဖြစ်ပါကြောင်း၊ အနာဂတ်နိုင်ငံတော်တွင် လူငယ်များအတွင်းမူးယစ်ကင်းစင်ပြီး စိတ်ဓာတ်ကြံ့ခိုင်သော ခေါင်းဆောင်များ ဖြစ်လာစေရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် တည်ငြိမ်အေးချမ်းသောအခြေအနေကို တည်ဆောက်ရာတွင် ဥပဒေ၊ နည်းဥပဒေများကိုအသစ်ရေးဆွဲခြင်း၊ ပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ၁၉၉၃ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကိုလည်း ခေတ်နှင့်အညီ ပြင်ဆင်ရေးဆွဲခဲ့ပြီးဖြစ်သဖြင့် ယခင်ဆေးသုံးစွဲသူများသည် မှတ်ပုံတင်ကာ ဆေးကုသမှုခံယူရပြီး ယခုအခါ မှတ်ပုံတင်ရန်မလိုအပ်တော့ဘဲ ဆေးကုသခွင့်ရှိလာပြီဖြစ်ပါကြောင်း၊ မူးယစ်ဆေးသုံးစွဲခဲ့သူများအနေဖြင့် ဘဝဆုံးပြီဟုထင်မြင်ရာမှ ပြန်လည်ထူထောင်ရေးကြောင့် ဘဝအသစ်ပြန်စနိုင်ပြီဆိုသည်ကို သိရှိနားလည်လာပြီဖြစ်သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် အရေးပါလာပြီဖြစ်ပါကြောင်းနှင့် ယခုနှစ်အတွင်းမူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း ကိုးခုတွင် တာချီလိတ်၊ လားရှိုးနှင့်ကျိုင်းတုံစခန်းများ၌ သင်တန်းများဖွင့်လှစ်နိုင်ခဲ့ပြီး ပြင်ဦးလွင်၊ ဗန်းမော်နှင့် ထားဝယ်တို့တွင်လည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့ သင်တန်းဆင်းပြီးသူများအနေဖြင့် မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သည့်လုပ်ငန်းစဉ်များနှင့် နောက်ဆက်တွဲစောင့်ရှောက်ရမည့်လုပ်ငန်းစဉ်များကို နားလည်တတ်ကျွမ်းပြီးဖြစ်သဖြင့် ဝိုင်းဝန်းပံ့ပိုးကြရန်ပြောကြားလိုပါကြောင်း ပြောကြားကာ သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်းစီသို့ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် UEHRD စီမံကိန်းတွင် လူငယ်များပါဝင်နေမှုအခြေအနေများနှင့်ပတ်သက်၍ ဝေဠုကျော်ဖောင်ဒေးရှင်းမှ ဦးဝေဠုကျော်နှင့် ညှိနှိုင်းဆွေးနွေးရာတွင် ရခိုင်ပြည်နယ်အတွင်းလူသားချင်းစာနာမှုအကူအညီထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)၏ ရှေ့ပြေးဆောင်ရွက်မှုများတွင် ဝေဠုကျော်ဖောင်ဒေးရှင်းမှ လူငယ်များပါဝင်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ လူငယ်များကို သင်တန်းများ ဖွင့်လှစ်ပို့ချပြီး ကွင်းဆင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ရခိုင်ပြည်နယ်ရှိပြည်သူများ၏ စားဝတ်နေရေးအတွက် လတ်တလောလိုအပ်ချက်များတွင် လူငယ်များ၏အင်အားဖြင့် ပူးပေါင်းပါဝင်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း ပြည်သူများအတွက် ဆန်အိတ်များနှင့် အလှူငွေကျပ်သိန်း ၂၀၀ ကျော် ထောက်ပံ့လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၈**
ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များတွင် ခံစားခဲ့ရသည့် ပြည်သူများအား စာနာထောက်ထား ကူညီထောက်ပံ့ပေးမှုအဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်း သီတင်းသုံးတော်မူကြသော သီလရှင်ဆရာကြီး ဆရာလေးများ ဦးဆောင်၍ အလှူငွေနှင့် ပစ္စည်းပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက ပြည်ကြီးတံခွန်မြို့နယ်ရှိ မြဝတီသီလရှင်စာသင်တိုက်ကျောင်းဆောင်ကြီး၌ ပြုလုပ်သည်။

လှူဒါန်းပွဲသို့ တိုင်းဒေသကြီး သီလရှင်ဥက္ကဋ္ဌ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဒေါ်ပညာဝတီ၊ အတွင်းရေးမှူး သီလရှင်ဆရာကြီး အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဒေါ်ဥက္ကဋ္ဌဝတီ၊ ပြည်ကြီးတံခွန်မြို့နယ် သီလရှင်ဥက္ကဋ္ဌ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဒေါ်ရူပဝတီ၊ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၅ မြို့နယ်မှ သီလရှင်ဥက္ကဋ္ဌ ဆရာကြီးများနှင့် သီလရှင်ဆရာကြီး ဆရာလေးအပါး ၂၀၀ ခန့် ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သီလရှင်ဥက္ကဋ္ဌနှင့် သီလရှင်ဆရာကြီး ဆရာလေးများက ဆန်အိတ် ၂၀၈ အိတ်အပါအဝင် အလှူငွေစုစုပေါင်း ငွေကျပ် ၂၂၂၃၉၀၀၀၊ ဆပ်ပြာမှုန့် ၁၆ အိတ်နှင့် အသုံးအဆောင်များကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ ယင်းနောက် ဝန်ကြီးချုပ်၏ဇနီးနှင့် အလှူရှင်မိသားစုများက သီလရှင်ဆရာကြီး ဆရာလေးများအား လှူဖွယ်ပစ္စည်းဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ရခိုင်ပြည်နယ်မှ အကြမ်းဖက်မှုဖြစ်စဉ်များတွင် ခံစားခဲ့ရသည့် ပြည်သူများအား မြန်မာနိုင်ငံတစ်ဝန်းမှ ပြည်သူများ၊ အစိုးရအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက စာနာကူညီငွေများ၊ ငွေနှင့် စားသောက်ဖွယ်ရာများကို မိမိအစီအစဉ်ဖြင့် လည်းကောင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့များ အစီအစဉ်ဖြင့် လည်းကောင်း ဆက်သွယ်ထောက်ပံ့လှူဒါန်းလျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှတစ်ဆင့် ဆက်သွယ်လှူဒါန်းမှုများကိုလည်း သက်ဆိုင်ရာ ပြည်သူများ လက်ဝယ်သို့ရောက်ရှိစေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(တင်မောင်-မန်းကိုယ်ပွား)**

# မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း ဖိလစ်ပိုင်ကို ဂိုးပြတ်အနိုင်ယူ

**ရန်ကုန် အောက်တိုဘာ ၂၈**
၂၀၁၇ အာဆီယံဖူဆယ်ပြိုင်ပွဲ အုပ်စုတတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းနှစ်ပွဲဆက် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ၂၅ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဂိုးပြတ်အနိုင်ရရန် ပွဲစကတည်းက ကြိုးပမ်းခဲ့ပြီး ၂၅ ဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် ဂိုးကွာခြားချက်က အရေးပါနေသောကြောင့် အင်ဒိုနီးရှား၊ ဗီယက်နမ်ထက်သာစေရန် သွင်းယူနိုင်ခဲ့ပြီး ဖိလစ်ပိုင်ကို ပြိုင်ဘက်နှစ်သင်းဖြစ်သည့် ဗီယက်နမ်က ၂၄ ဂိုး၊ အင်ဒိုနီးရှားက ၂၁ ဂိုးသာသွင်းယူနိုင်ခဲ့သည်။

မြန်မာအသင်းသည် ပထမပိုင်းတွင် ၁၄ ဂိုး၊ ဒုတိယပိုင်းတွင် ၁၁ ဂိုး သွင်းယူခဲ့သည်။ မြန်မာအသင်းသည် နှစ်ပွဲဆက်အနိုင်ရခဲ့ပြီး ပထမပွဲတွင် ဘရူနိုင်းအသင်းကို ၁၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ မြန်မာအသင်းသည် တတိယပွဲအဖြစ် အောက်တိုဘာ ၂၉ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(မိုးသော်ဇင်)**

# ရခိုင်ပြည်နယ်သတင်း

## UEHRD လုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်ရန် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၂၈**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)၏ ရွှေ့ပြောင်းလုပ်ငန်းများကို ဆောင်ရွက်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီးဦးစိုးအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်နှင့် UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်တို့ပါဝင်သောအဖွဲ့သည် ယနေ့နေ့လယ်ပိုင်းတွင် ဘူးသီးတောင်မြို့နယ် တောင်ဘဇာကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာရှိ ရခိုင်တိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များ လတ်တလောအသုံးပြုရန်အတွက် အာဆီယံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာနAHA စင်တာမှ ထောက်ပံ့သောမိသားစုသုံးပစ္စည်းများ၊ Yangon Lions Club Aid မှ လှူဒါန်းသောအဝတ်အထည်များနှင့် CSR လူမှုရေးရန်ပုံငွေအဖွဲ့မှ လှူဒါန်းသော ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငါးရံ့ချောင်းကျေးရွာသို့ရောက်ရှိပြီး ငါးရံ့ချောင်း၊ ကျွန်းပေါက်၊ ဂုပ္ပိုးကျေးရွာများမှ ဒေသခံများနှင့်တွေ့ဆုံရာတွင် ဒေသခံများက မိမိတို့၏ ကျေးရွာသို့ပြန်လာရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားရာ ဩဂုတ်လ အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ပြီးနောက် ရွာသူရွာသားအများစုသည် တစ်ဖက်နိုင်ငံသို့ထွက်ခွာသွားသဖြင့် မိမိတို့လည်း ဆက်လက်မနေထိုင်ရဲတော့သည့်အတွက် တောင်ဘဒကားရွာသို့ သွားရောက်ပူးပေါင်းနေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ နယ်မြေအေးချမ်းလာခြင်း၊ မိမိတို့နေရင်းဒေသမှလွဲ၍ အခြားဒေသသို့ သွားရောက်နေထိုင်လိုခြင်းမရှိခြင်းတို့ကြောင့် ကိုယ့်ရွာကိုယ့်ဒေသသို့ ပြန်လာခြင်းဖြစ်ပါကြောင်း၊ လောလောဆယ်တွင် အခက်အခဲအနည်းငယ်ရှိသော်လည်း မကြာမီ အဆင်ပြေမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့၏ အခက်အခဲများကိုကူညီပေးပါရန်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးဖြေရှင်းပေးကြပြီး လတ်တလောအသုံးပြုရန်အတွက် အမျိုးသားဝတ်လုံချည် ၅၇ ထည်၊ အမျိုးသမီးဝတ်လုံချည် ၆၂ ထည်၊ တီရှပ်အကျႌ ၁၁၉ ထည်နှင့် မိသားစုသုံးပစ္စည်းစုံများ၊ လိုအပ်သည်များသုံးစွဲရန်အတွက် တစ်အိမ်ထောင်လျှင် ကျပ်တစ်သိန်းနှုန်းဖြင့် အိမ်ထောင်စု ၂၀ စုအတွက် စုစုပေါင်းကျပ် ၂၀ သိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။

အဆိုပါတွေ့ဆုံပွဲ သို့ငါးရံ့ချောင်း၊ ကျွန်းပေါက်နှင့် ဂုပ္ပိုးကျေးရွာများမှ ပြည်သူ ၁၀၃ ဦး တက်ရောက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ပြိုလက်ဝဲသို့ရောက်ရှိကြပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံနယ်စပ်ရှိ တောင်ပြိုတံတားနှင့်နပ်စပ်ဂိတ်တို့ကို ကြည့်ရှုလေ့လာပြီး ကြိုဆိုလက်ခံရေးစခန်းဖွင့်လှစ်မည့်နေရာ၊ ခေတ္တတည်းခိုနေထိုင်မည့်နေရာနှင့် အဆောက်အအုံများ ပြင်ဆင်မည့်အခြေအနေများကို ကြည့်ရှုလေ့လာသည်။

ထို့နောက် မောင်တောမြို့နယ် ရွှေဇားကျေးရွာတွင် အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာနက ကျေးရွာသူ ကျေးရွာသားများအား နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVC)ထုတ်ပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး ကညင်ချောင်းစီးပွားရေးဇုန်တွင်ပါဝင်သည့် ကညင်ချောင်းဆိပ်ခံဘောတံတားတွင် ကုန်တင်သင်္ဘောကြီးများဆိုက်ကပ်၍ ကုန်ပစ္စည်းများ တင်/ချပြုလုပ်နေမှု အခြေအနေများကိုလေ့လာကြည့်ရှု၍ ဇုန်အတွင်းလမ်းများ အဆင့်မြှင့်တင်ခြင်း၊ အခြေခံအဆောက်အအုံများ အမြန်ဆုံးဆောက်လုပ်နိုင်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးသည်။

ခရီးစဉ်အတွင်း တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများကိုပြန်လည်နေရာချထားရန် လျာထားသည့် ဒါးကြီးဇားကျေးရွာနှင့် အလယ်သံကျော် အပန်းဖြေကမ်းခြေတည်ဆောက်နိုင်သည့်နေရာများကိုလည်း ရဟတ်ယာဉ်ဖြင့်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံတွင် အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေလေ့လာရေးစစ်တမ်း ပထမအကြိမ်ကောက်ယူမည်

**စစ်တွေ အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံတွင် အဏုအာဟာရနှင့် အစာစားသုံးမှု အခြေအနေလေ့လာရေး စစ်တမ်းပထမအကြိမ် ကောက်ယူသွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၂ နာရီတွင် ရခိုင်ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံအဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေလေ့လာရေးစစ်တမ်း ပြည်နယ်အဆင့် အသိပေးဆွေးနွေးပွဲအခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောကြားသည်။



အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီးက မြန်မာနိုင်ငံတွင် အာဟာရချို့တဲ့ခြင်းနှင့် အာဟာရလွန်ကဲခြင်းပြဿနာများကို ထိရောက်စွာ ကာကွယ်ကုသနိုင်မည့် စီမံချက်များကို မွမ်းမံပြင်ဆင်ရေးဆွဲနိုင်ရန်၊ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်စေခြင်းအားဖြင့် ပြည်သူလူထု၏ အာဟာရအခြေအနေကို ထိရောက်စွာမြှင့်တင်နိုင်ရန်၊ လက်ရှိဆောင်ရွက်နေသည့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုကို ဆန်းစစ်သုံးသပ်နိုင်ရန်နှင့် ပြည်သူများ၏အာဟာရအခြေအနေ၊ အစာစားသုံးမှုအခြေအနေများကို သိရှိနိုင်ရန်ရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှု အခြေအနေလေ့လာရေးစစ်တမ်းကို ပထမအကြိမ် ကောက်ယူသွားမည်ဖြစ်ကြောင်း ပြောသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်) အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလွင်မာလှိုင်က မြန်မာနိုင်ငံအဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေလေ့လာရေးစစ်တမ်း ကောက်ခံသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက စစ်တမ်းကောက်ယူမည့် မြို့နယ်များနှင့် ကျေးရွာများ၏ အခြေအနေများ၊ ဌာနအလိုက်ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးရမည့် အစီအစဉ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဒေါက်တာလွင်မာလှိုင်က ပြန်လည်ဆွေးနွေးဖြေကြားသည်။

"အာဟာရနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံကို နိုင်ငံတကာမှာ မျက်နှာပျက်အောင်၊ ပုံရိပ်ကျအောင်လုပ်နေတာတွေကို ကျွန်တော်တို့ကျန်းမာရေးဝန်ထမ်းတွေ၊ ပြည်သူတွေအားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါကိုသိရတဲ့အတွက် လူကြီးတွေလည်း စိတ်ပျက်မိကြပါတယ်။ ဒီအချက်တွေဟာ ကျွန်တော်တို့ ပြည်နယ်မှာရောက်နေတဲ့အဖွဲ့အစည်းတွေရဲ့ ဆောင်ရွက်မှုတွေကြောင့်လည်းဖြစ်ပါတယ်။ အဖွဲ့အစည်းတွေက စာရင်းကောက်မယ်ဆိုပြီးလုပ်တယ်။ အဲဒီမှာ စာရင်းကောက်တာ မဟုတ်ဘဲနဲ့ ဆန်းစစ်တယ်ဆိုပြီးလုပ်တယ်။ ပြီးရင် နိုင်ငံတကာကို ကျွန်တော်တို့ရဲ့နိုင်ငံဟာ အာဟာရနဲ့ပတ်သက်ပြီး အလွန်ဆိုးရွားနေတယ်ဆိုပြီး လုပ်တယ်။ ဒါပေမယ့် သူတို့ဖော်ပြတဲ့ ဓာတ်ပုံတွေဟာ ကျွန်တော်တို့နိုင်ငံက ပုံတွေမဟုတ်ဘဲ တခြားနိုင်ငံက ပုံတွေဖြစ်နေတာကိုတွေ့ရပါတယ်။ ကျွန်တော်တို့ ဘူးသီးတောင်၊ မောင်တောကို သွားရောက်ပြီး လေ့လာပါတယ်။ ကျွန်တော်တို့ဆီမှာ အာဟာရချို့တဲ့တဲ့ ကလေးတွေမရှိပါဘူး။ သာမန်ကလေးတွေလိုပဲ ကျန်းမာသန်စွမ်းနေတာကို တွေ့ရပါတယ်။ ဒါကြောင့် သူတို့တွေကပြောလာရင် ပြန်လည်တုံ့ပြန်နိုင်ရန်အတွက် အခုစစ်တမ်းကို ကောက်ယူဖို့လုပ်ဆောင်တာဖြစ်တယ်လို့"ဟု လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

"ကျွန်မတို့နိုင်ငံမှာ ပထမဆုံးအနေနဲ့ မြန်မာနိုင်ငံ အဏုအာဟာရနဲ့ အစာစားသုံးမှု အခြေအနေ လေ့လာရေးစစ်တမ်းကို တစ်နိုင်ငံလုံးမှာ ကောက်ယူသွားဖို့ရှိပါတယ်။ ကောက်ယူတဲ့အခါမှာ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာလည်း ကောက်ယူဖို့ဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်မှာလည်း နီးနွယ်တဲ့ သက်ဆိုင်ရာဌာနတွေကို ချပြချင်တဲ့အတွက် ဒီနေ့အခမ်းအနားကို လုပ်တာဖြစ်တယ်။ ကျွန်မတို့ကောက်ယူမယ့်စစ်တမ်းမှာ ကဏ္ဍပေါင်းစုံပါတယ်။ အိမ်တိုင်ရာရောက်မေးမြန်းတာ၊ သွေးဖောက်တာ၊ ကိုယ်အလေးချိန်တိုင်းတာ၊ အရပ်အမြင့်တိုင်းတာတွေပါတဲ့အတွက်၊ စာရင်းကောက်အဖွဲ့တွေရဲ့ လုံခြုံရေးသွားလာရေးတွေပါတဲ့အတွက် ပူးပေါင်းဆောင်ရွက်ပေးကြဖို့ ဒီအသိပေးဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်တယ်။ ဒီစစ်တမ်းကို လာမယ့်နိုဝင်ဘာလ ဒုတိယပတ်သို့မဟုတ် တတိယပတ်လောက်မှာ စပြီးကောက်ပါမယ်။ ပြည်နယ်တွေမှာတော့ ကောက်ကွက်ပေါင်း ၃၀ ရှိပါမယ်။ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုမှာ စစ်တမ်းကောက်ချိန် ခန့်မှန်းအားဖြင့် လေးလလောက်ကြာနိုင်တယ်"ဟု ဒေါက်တာလွင်မာလှိုင်က ပြောသည်။

အဆိုပါအသိပေးဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျန်းမာရေးဌာနမှဝန်ထမ်းများ တက်ရောက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

## အမေရိကန်နိုင်ငံအခြေစိုက် လူသားချင်းစာနာထောက်ထားမှု ကူညီပေးရေးအဖွဲ့က စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

**စစ်တွေ အောက်တိုဘာ ၂၈**

အမေရိကန်နိုင်ငံအခြေစိုက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့က စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ဒေါ်လာ ၃၆၀၀၀ ကျော်တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲအခမ်းအနားတွင် ဆေးတက္ကသိုလ်(၁) အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာအောင်သိန်းဌေးက ယခုလှူဒါန်းသည့်ပစ္စည်းများမှာ ဆေးရုံများအတွက် လိုအပ်သည့်ပစ္စည်းများဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိ၍ အရိုးကျိုးလူနာများခွဲစိတ်ကုသရာတွင် များစွာအထောက်အကူပြုကြောင်း၊ အမေရိကန်နိုင်ငံအခြေစိုက် လူသားချင်းစာနာထောက်ထားမှု ကူညီပေးရေးအဖွဲ့က မိမိအားစစ်တွေအထွေထွေရောဂါကုဆေးရုံကြီးသို့ လှူဒါန်းပေးရန် အကူအညီတောင်းသည့်အတွက် ရခိုင်ပြည်နယ်မောင်တောဒေသသို့ မိမိကျွမ်းကျင်သည့် ဆေးပညာဖြင့် ဆေးကုသသွားရောက်ချိန်တွင် လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးက ရခိုင်ပြည်နယ်အတွက်လိုအပ်သည့် ဆေးရုံသုံးခွဲစိတ်ကိရိယာပစ္စည်းများ လာရောက်လှူဒါန်းခြင်းအပေါ် ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် ခွဲစိတ်ခန်းသုံးပစ္စည်းများကို ပါမောက္ခဒေါက်တာအောင်သိန်းဌေးက လှူဒါန်းရာ ပြည်နယ်ကုသရေးဦးစီးမှူး ဒေါက်တာဦးရွှေသိန်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ **တင်ထွန်း(ပြန်/ဆက်)**



## ရခိုင်ပြည်နယ်သတင်း

# ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

အထောက်အထားတစ်စုံတစ်ရာမရှိဘဲ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နေထိုင်ကြသူများအနေဖြင့် National Verification card(NVC)ကတ်သည် မဖြစ်မနေ ထုတ်ယူကိုင်ဆောင်ရန်လိုအပ်သည်။ အဆိုပါကတ် ထုတ်ယူကိုင်ဆောင်ခြင်းသည် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် ပထမခြေလှမ်းဖြစ်သည်။

ပထမခြေလှမ်းကို လှမ်းမှသာလျှင် နောက်ဆုံးခရီးပန်းတိုင်ဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိခြင်း၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် ရောက်ရှိခြင်းဆိုသည့်ပန်းတိုင်ကို ရောက်ရှိမည်ဖြစ်သည်။ ထို့ကြောင့် ပထမခြေလှမ်းဖြစ်သည့် NVC ကတ် ထုတ်ယူကိုင်ဆောင်ခြင်းလုပ်ငန်းကို အရေးကြီးသောလုပ်ငန်းစဉ်အဖြစ် သတ်မှတ်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရခိုင်ပြည်နယ် ဦးစီးရုံးက ကွင်းဆင်း၍ အခမဲ့လိုက်လံထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရခိုင်ပြည်နယ်ဦးစီးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်မင်းက "မောင်တောမှာ နိုင်ငံသားစိစစ်ခံရမယ့်သူရဲ့ သက်သေခံကတ် National Verification card(NVC) ထုတ်ပေးရေးကို အောက်တိုဘာ ဒုတိယပတ်မှာ ဒီမှာအကောင်အထည်ဖော်ဖို့အတွက် စပြီးလုပ်ပါတယ်။ အောက်တိုဘာ ၁၂ ရက်မှာ မောင်တောမြို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။ မောင်တောမြို့နဲ့ ကပ်လျက်ရှိတဲ့ ရွှေဇားအနောက်၊ ရွှေဇားအလယ်နဲ့ ရွှေဇားမြောက်ရွာ ဒီရွာသုံးရွာမှာစပြီး NVC ကတ်တွေ ကွင်းဆင်းပြီး ထုတ်ပေးဖို့ဆောင်ရွက်လျက်ရှိပါတယ်။

ရွှေဇားရွာတွင် ကွင်းဆင်းဆောင်ရွက်ခါစမှာ လာလုပ်တဲ့သူနည်းပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒီမှာနေထိုင်တဲ့ ကျေးရွာက ပြည်သူတွေ နားလည်သဘောပေါက်အောင်ရှင်းပြပြီး ဆောင်ရွက်နေပါတယ်။ ဒီနိုင်ငံမှာ နေထိုင်သူတစ်ယောက်အနေနဲ့ ဘာသာမရွေး၊ လူမျိုးမရွေး သက်သေခံကတ်ပြား အထောက်အထားတစ်ခုခုကို ကိုင်ဆောင်ရမှာဖြစ်တယ်ဆိုတာကို ပြောဆိုရှင်းပြလျက်ရှိပါတယ်" ဟု ပြောသည်။

"ဒီကတ်ပြားနဲ့ပတ်သက်ပြီး ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ ဒီဥပဒေနှစ်ရပ်မှာပါရှိတဲ့အတိုင်း နေထိုင်ဖို့ နားလည်အောင်ရှင်းပြပါတယ်။

ဒီဥပဒေမှာ ဒီနိုင်ငံမှာ နေထိုင်သူတစ်ဦးတစ်ယောက်ဟာ သူတို့ရဲ့ အချက်အလက်ကို ပေးဖို့တောင်းဆိုတဲ့အခါ ဒီအချက်အလက်တွေကို ပေးရမှာဖြစ်ပါတယ်။ တကယ်လို့များ အချက်အလက်ကို မပေးခဲ့ဘူးဆိုရင် ဒီဥပဒေနှစ်ရပ်နဲ့ အရေးယူဆောင်ရွက်နိုင်ပါတယ်။ ဒီလိုအရေးယူဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်းကိုလည်း သူတို့ကိုရှင်းပြပြီး ဆောင်ရွက်လျက်ရှိပါတယ်။ နောက်ပိုင်းမှာတော့ ဒါတွေကို သူတို့နားလည်သဘောပေါက်ပြီး လာလုပ်တဲ့သူတွေများလာမယ်လို့ ယူဆပါတယ်။

ဒါမှသာ ကိုဖီအာနန်ရဲ့ အကြံပြုချက်အစီရင်ခံစာပါ အချက်အလက်နဲ့လည်းအညီ၊ ရခိုင်ပြည်သူလူထုရဲ့ဆန္ဒနဲ့လည်းအညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းကို မြန်မြန်ဆန်ဆန် ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးအောင်မင်းက သတင်းအဖွဲ့ကို ပြောသည်။

"တစ်ဖက်ကလည်း သက်ဆိုင်ရာနေထိုင်တဲ့သူတွေအနေနဲ့ သက်သေခံကတ်ပြားတစ်မျိုးမျိုးကို ကိုင်ဆောင်ခြင်းအားဖြင့် သူတို့ရဲ့ နိုင်ငံသားအဖြစ်ရပ်တည်မှုက ပိုပြီးခိုင်မာလာမှာဖြစ်ပါတယ်။ ဒါကတော့ သူတို့အနေနဲ့ ကိုင်ဆောင်သင့်တဲ့ အကြောင်းတရားဖြစ်ပါတယ်။ တကယ်လို့များ ကိုင်ဆောင်ဖို့ နည်းမျိုးစုံနဲ့ငြင်းပယ်ခဲ့မယ်ဆိုရင် ကျွန်တော်တို့မှာရှိတဲ့ တည်ဆဲဥပဒေတွေနဲ့ အရေးယူသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေနှစ်ရပ်နဲ့ တွန်းအားပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ထိုဥပဒေနှစ်ရပ်တွင်ပါရှိသည့် အဓိကအချက်အလက်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူတိုင်းသည် မှတ်ပုံတင်ရန်အတွက် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုလုပ်သည့် နည်းဥပဒေအရဖြစ်စေ တောင်းဆိုသည့်အကြောင်းအရာများကို ပေးရမည်ဟု ဖော်ပြထားသည်။ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေတွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူ မည်သူမဆို မှတ်ပုံတင်ရန်ကိစ္စအလို့ငှာ လိုအပ်သည့်အချက်အလက်များနှင့်ပတ်သက်၍ မှန်ကန်သော အကြောင်းအရာကို မှတ်ပုံတင်အာဏာပိုင်ထံပေးရမည်ဟု ဖော်ပြထားသည်။

ဥပဒေအရဆိုလျှင် လိုက်နာရန်ပျက်ကွက်ပါက ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေအရ တရားစွဲဆိုပြီး အက်ဥပဒေအရ ပြစ်မှုကျူးလွန်သူတိုင်းကို ပြစ်မှုထင်ရှားစီရင်သောအခါ နှစ်နှစ်ထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေ ၅၀၀ ထက်မပိုသော ဒဏ်ငွေဖြစ်စေ၊ ထောင်ဒဏ် ငွေဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ရမည်ဟု ပါရှိကြောင်း သိရသည်။

ဦးအောင်မင်းက "ကျွန်တော်တို့ NVC ကတ်တွေကို အောက်တိုဘာ ၁၂ ရက်က စပြီးထုတ်ပေးနေတာပါ။ ဒီနေ့အထိ ၁၀၀ ကျော်ရှိသွားပြီး NVC ကတ်ထုတ်ပေးတဲ့လုပ်ငန်းကို ဆောင်ရွက်နေတာကြာပါပြီ။ ရခိုင်ပြည်နယ်တစ်ခုလုံးမှာ NVC ကတ် စုစုပေါင်း ၇၀၀၀ ကျော် ထုတ်ပေးပြီးဖြစ်ပါတယ်။ ဒီလိုထုတ်ယူကိုင်ဆောင်ခြင်းအားဖြင့် လက်ရှိဒေသတွင်း ခရီးသွားလာခြင်းလွယ်ကူအဆင်ပြေသွားမှာဖြစ်ပါတယ်။

နောက်ပိုင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ပြီးသွားတဲ့အခါ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် ရုံးချုပ်ဗဟိုဘုတ်အဖွဲ့ကနေပြီး သတ်မှတ်ကိုင်ဆောင်ခွင့်ရရှိတဲ့အခါမှာ လူတစ်ဦးတစ်ယောက်က နိုင်ငံသားစိစစ်ရေးကတ်ပြားသော်လည်းကောင်း၊ နိုင်ငံသားပြုခွင့်ရကတ်ပြားသော်လည်းကောင်း ရရှိပြီးပြီဆိုရင် မြန်မာနိုင်ငံ မည်သည့်နေရာဒေသမဆို သွားလာခွင့်၊ အခြေချနေထိုင်ခွင့် ရရှိမှာဖြစ်ပါတယ်။

အကျိုးကျေးဇူးအနေနဲ့ကတော့ လွတ်လွတ်လပ်လပ် သွားလာခွင့်ရမယ်၊ လွတ်လွတ်လပ်လပ် အခြေချနေထိုင်ခွင့်ရမယ်ဆိုတဲ့ အကျိုးကျေးဇူးတွေ ရရှိသွားမှာဖြစ်ပါတယ်။

ကတ်ပြားထုတ်ယူကိုင်ဆောင်ဖို့ လဝကရုံးကို လာရောက်ထုတ်ယူရမှာဖြစ်သော်လည်း နိုင်ငံတော်အကြီးအကဲများရဲ့ လမ်းညွှန်ချက်အရ ကွင်းဆင်းပြီး အခမဲ့ဆောင်ရွက်ပေးနေတဲ့အခါမှာ ပျက်ကွက်မှုမရှိဘဲ လူတိုင်းလူတိုင်း ထုတ်ယူကိုင်ဆောင်ကြပါလို့ ကွင်းဆင်းဒေသမှာရှိတဲ့ ပြည်သူလူထုကို အသိပေးချင်ပါတယ်"ဟု ပြောကြားခဲ့သည်။ **(မော်စီ)**






မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ၌ စက်မှုလယ်ယာမှ ထောက်ပံ့ထားသည့် ကူဘိုတာစက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းခြွေလှေ့နေစဉ်။

### ❂ မောင်တောမှ

စက်ကြီးလေးစီးနဲ့ စပြီးရိတ်သိမ်းနေပါပြီ"ဟု စက်မှုလယ်ယာဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးဌာနမှူး ဦးတင်မောင်ကြည်က ပြောသည်။

မောင်တောမြို့နယ်တွင် ကြိမ်ချောင်း၊ ခြံပြင်၊ လေးမိုင်၊ မောရဝတီ၊ အင်းဒင်၊ ခမောင်းဆိပ်၊ တောင်ပြိုတို့တွင် ရှေ့တန်းစခန်း ခုနစ်ခုဖွင့်လှစ်၍ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများစုဖွဲ့ကာ ဆက်လက်ရိတ်သိမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အချို့ကျေးရွာများတွင်မူ ဒေသခံများကိုယ်တိုင် ၎င်းတို့၏ ရင့်မှည့်မိုးစပါးများကို တစ်ပိုင်တစ်နိုင် မိရိုးဖလာရိတ်သိမ်းမှုများလည်းရှိကြောင်း သိရသည်။

"မိုးစပါးရိတ်သိမ်းဖို့ လိုအပ်တဲ့ စာရင်းဇယားပြုစုပေးတာတို့၊ လိုအပ်တဲ့ လယ်ယာလုပ်သားတွေရှာဖွေပေးရတာတို့ကို စက်မှုလယ်ယာဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနတို့နဲ့ ညှိနှိုင်းပေါင်းစပ်ပြီး ကူညီဆောင်ရွက်ပေးပါတယ်" ဟု မောင်တောမြို့နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး ဦးဖြိုးလှက ပြောသည်။

ထို့ပြင် မိုးစပါးများ အလေအလွင့်မရှိ အချိန်မီရိတ်သိမ်းနိုင်ရန် ဝန်ကြီးဌာနအစီအစဉ်ဖြင့် နေပြည်တော် အပါအဝင် မန္တလေး၊ မကွေး၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ထမ်းများက မောင်တောဒေသတွင် ကူဘိုတာ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းနိုင်ရန် လာရောက်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီစုဖွဲ့ထားတဲ့အဖွဲ့က ပိုင်ရှင်မဲ့လိုဖြစ်နေတဲ့ လယ်တွေကို ရိတ်သိမ်းတဲ့အခါ တောင်သူအမည်၊ ဦးပိုင်အမှတ်၊ ထွက်ရှိတဲ့ စပါးတင်းအရေအတွက်ကို တတ်နိုင်သမျှ စာရင်းပြုစုထားမယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရနဲ့ အဖွဲ့အစည်းတွေရဲ့ ညွှန်ကြားချက်နဲ့အညီ စာရင်းအတိအကျနဲ့ ရိတ်သိမ်းပြီး စနစ်တကျသိုလှောင်ထားရှိမှာဖြစ်ပါတယ်"ဟု စက်မှုလယ်ယာ ပြည်နယ်ဦးစီးဌာနမှူးက ပြောသည်။

စက်မှုလယ်ယာက ရိတ်သိမ်းပြီးစပါးများကို နေလှန်းမည့်နေရာအထိ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနက အစိုဓာတ် ၁၃ ရာခိုင်နှုန်းရောက်ရှိရန် အိတ်သွတ်ကာ အမိုးအကာအောက်သို့ စုဆောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ဧက ၇၁၀၀၀ ကျော်စိုက်ပျိုးထားကြောင်း၊ လက်ရှိရိတ်သိမ်းနေသည့်နေရာက မျိုးကောင်းမျိုးသန့် မျိုးပွားစိုက်ခင်းဖြစ်ကြောင်း၊ ရေဆင်းသုတေသနကထုတ်သည့် ပြည်မြန်မာစိန်မျိုး ၁၀ ဧက မျိုးပွားစိုက်ပျိုးထားကြောင်း၊ ဆင်းသွယ်လတ် ဧက ၂၀ နှင့် ဆင်းရော ဧက ၃၀ တို့ကိုလည်း မျိုးပွားစိုက်ပျိုးထားရှိကြောင်း၊ ဒေသခံများအနေဖြင့် ရတနာအောင်မျိုးကို တော်တော်များများ စိုက်ပျိုးကြပြီး အထွက်နှုန်းက ၆၅ တင်း ပျမ်းမျှထွက်ရှိကြောင်း၊ မြေကောင်းသည့် တချို့နေရာတွင် တင်း ၇၀၊ တင်း ၈၀ ထွက်ရှိကြောင်း မောင်တောမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းဝေက ဆိုသည်။

မောင်တောမြို့နယ်တွင် ဒေသဝမ်းစာဖူလုံမှုအနေဖြင့် လတ်တလော ၆၅ ရာခိုင်နှုန်းရှိသောကြောင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးကို စိုက်ပျိုးရေးဦးစီးဌာနက ဦးစားပေးဆောင်ရွက်နေကြောင်း သိရသည်။

လာမည့် မိုးစပါးစိုက်ပျိုးရာသီကိုလည်း ပြီးခဲ့သည့်နှစ်များက ပြည်နယ်အစိုးရနှင့် ဌာနအစီအစဉ်ဖြင့် အခမဲ့ဖြန့်ဝေထားသည့် လက်တွန်းထွန်စက်များနှင့် ထွန်ယက်မှုမလုံလောက်ပါက စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်ကြီးများဖြင့် ထွန်ယက်ပေးရန် စီစဉ်ထားရှိကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-မောင်မောင်ထွေး၊ မော်စီ**

### ❍ တောင်ကြီးတန်ဆောင်တိုင်မှ

အနယ်နယ်အရပ်ရပ်ကသူတွေလာကြသလို တစ်နှစ်နဲ့တစ်နှစ် မတူအောင် စိတ်ဝင်စားမှုတွေပေးတာကြောင့် နှစ်တိုင်း လူတွေအများကြီးလာကြတာဖြစ်ပါတယ်။ မီးပုံးပျံပွဲတော်ကိုလာရင် ရှမ်းပြည်နယ်ရဲ့ တခြားအလှူတွေကိုလည်း လှည့်လာခွင့်ရတာကြောင့် အလွန်ကို ပျော်ရွှင်ရပါတယ်"ဟု ရန်ကုန်မြို့မှ လာရောက်ကြည့်ရှုသူတစ်ဦးက ပြောကြားသည်။ ယခုနှစ် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို နိုဝင်ဘာ ၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-စိုးညွန့်**

# အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ မြန်မာကောင်စစ်ဝန်ချုပ် ဦးပြည်စိုး ရုတ်တရက်ကွယ်လွန်

**နေပြည်တော် အောက်တိုဘာ ၂၈**
အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးပြည်စိုးသည် အောက်တိုဘာ ၂၇ ရက်တွင် တာဝန်ထမ်းဆောင်စဉ် ယာဉ်မတော်တဆမှုဖြစ်ပွား၍ ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရသည်။

ကိုလ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးပြည်စိုးသည် အောက်တိုဘာ ၂၇ ရက်က အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဂယာမြို့ရှိ ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး နံနက် ၉ နာရီခန့်တွင် သံရုံးမော်တော်ယာဉ်ဖြင့် ဂယာမြို့မှ ကိုလ်ကတ္တားမြို့သို့ ပြန်လည်ထွက်ခွာလာစဉ် ရှေ့မှလာသော မော်တော်ဆိုင်ကယ်အား ရုတ်တရက်ရှောင်ခဲ့ရာ မျက်နှာချင်းဆိုင်မှ ယာဉ်ဖြင့်တိုက်မိမှု မတော်တဆဖြစ်ပွားခဲ့သည်။

ထိုသို့ ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် ကောင်စစ်ဝန်ချုပ် ဦးပြည်စိုးသည် ယာဉ်တိုက်မှုဖြစ်ပွားသည့်နေရာတွင်ပင် ကွယ်လွန်သွားခဲ့ပြီး ယာဉ်ပေါ်ပါရှိသူ ကောင်စစ်ဝန်ချုပ်၏ ဇနီး ဒေါ်ညိုညိုအောင်၊ သံရုံးအုပ် ဦးတင်ထွန်းအောင်နှင့် ယာဉ်မောင်းဖြစ်သူ ဒေသခံ Mr. Vipin Singh တို့လည်း ဒဏ်ရာများ ပြင်းထန်စွာရရှိ၍ Jharkhand ပြည်နယ် Ranchi မြို့ရှိ Medica Hospital တွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အတွက် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်ဝေသည် ကိုလ်ကတ္တားမြို့သို့ ချက်ချင်းသွားရောက်ခဲ့ပြီး မြန်မာသံရုံးနှင့် ကိုလ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ဝန်ထမ်းများနှင့်အတူ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၈**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၀၂ စီး၊ သွင်းကုန် ၅၈၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၀၊ သွင်းကုန် အစီး ၁၂၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။







အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၈၆ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၅၇၁ သန်းခန့်) စုစုပေါင်း တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၉၅၇ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြား ဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၇ ရက်တွင် မန္တလေးသို့ သွားရောက်မည့် Canter ခြောက်ဘီးယာဉ်သုံးစီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် TA Professional (Brand) Loudspeaker System (1200 W) 4 U၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းသုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၈၆ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်သရုပ်ပြ



**မော်လမြိုင် အောက်တိုဘာ ၂၈**
မုပွန်နယ်မြေ ကျောက်တန်းစက်မှုဇုန်နယ်မြေတွင် မွန်ပြည်နယ် မော်လမြိုင်ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲအောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၆ ရက်က အန်စီအင်မာယကွန်ကရစ်တိုင်ထုတ်လုပ်သည့် စက်ရုံတွင် ဝန်ထမ်းများအား တွေ့ဆုံပြီး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး ဇာတ်တိုက်သရုပ်ပြ မီးငြိမ်းသတ်နည်းများကို စနစ်တကျလက်တွေ့ကျွမ်းကျင်မှုရှိအောင် ဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ မော်လမြိုင်ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲအောင်နှင့်အဖွဲ့က မော်လမြိုင်ခရိုင် ခြောက်မြို့နယ်အတွင်း မီးလောင်မှုမဖြစ်ပွားစေရန်နှင့် မီးလောင်ဆုံးရှုံးမှုလျော့နည်းစေရန်အတွက် စက်ရုံ/အလုပ်ရုံများ၊ စားသောက်ဆိုင်များ မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေးဆောင်ရွက်ခြင်းနှင့် စာသင်ကျောင်းအခြေပြု မီးဘေးအသိပညာပေးဆွေးနွေးဟောခြင်းများ အရှိန်အဟုန်မြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၀၇)**

# ကျေးလက်ရေပေးရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ အောက်တိုဘာ ၂၈** - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မွမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဆယ်ပလာ-ရေတွင်းကုန်း-ခရိုက်နီးဟု ကျေးရွာသုံးရွာတွင် ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်သုံးကန် ဆောင်ရွက်နေမှုအခြေအနေကို မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးလွင်နှင့် အဖွဲ့တို့က လုပ်ငန်းများသတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မူလရန်ပုံငွေ၊ မွမ်းမံရန်ပုံငွေဖြင့် နှစ်စဉ်နွေရာသီ သောက်သုံးရေရှားပါးသော ကျေးရွာလေးရွာ ရေပေးဝေရေးစီမံကိန်းကို မုရစ်ကလေးကျေးရွာမှ ရေပိုက်သွယ်တန်းခြင်း လေးမိုင်နှင့် ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေး လိုက်နာဆောင်ရွက်ပေး

သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီရမည့်အပြင် ရောဂါပိုးမွှားကင်းစင်ရန် လိုအပ်သည့်အတွက် တောင်သူများက ဓာတုပိုးသတ်ဆေး၊ ဇီဝပိုးသတ်ဆေးနှင့် သဘာဝပိုးသတ်ဆေးများကို အသုံးပြု၍ ရောဂါပိုးမွှားများကို ကာကွယ်နှိမ်နင်းကြရာ၌ ဓာတုပိုးသတ်ဆေးများကို ရေရှည်သုံးစွဲခြင်း၊ လိုအပ်သည်ထက် ပိုမိုသုံးစွဲခြင်းတို့ကြောင့် မြေဆီလွှာပျက်စီးမှုများနှင့် ပတ်ဝန်းကျင်ဆိုးကျိုးများဖြစ်ပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးတွင် အဟန့်အတားများ ဖြစ်ပေါ်စေပါသည်။

ဓာတုပိုးသတ်ဆေးများကို စဉ်ဆက်မပြတ်သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်ရသည့် ဆိုးကျိုးများကို ကျော်လွှားနိုင်စေရန်အတွက် တောင်သူများက ဒေသအလိုက် အလွယ်တကူရရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ သဘာဝပိုးသတ်ဆေးများကို ကိုယ်တိုင်ဖော်စပ်သုံးစွဲမည်ဆိုပါက တစ်ဧကကုန်ကျစရိတ်ကို လျှော့ချနိုင်ရုံသာမက ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးပြီး ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးနည်းစနစ်ကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ ဒေသအလိုက် လုပ်ကိုင်ရလွယ်ကူသည့် လက်လုပ်မီ သဘာဝပိုးသတ်ဆေးများကို အောက်ဖော်ပြပါအတိုင်း ပြုလုပ်သုံးစွဲနိုင်ပါသည်။

**တိရစ္ဆာန်စွန့်ပစ်ပစ္စည်းဖြင့် ပိုးသတ်ဆေးရည်ပြုလုပ်ခြင်း**

နွားချေး ၆၀ ကျပ်သား၊ နွားကျင်ငယ်ရေ တစ်လီတာ၊ ထန်းလျက် ၁၅ ကျပ်သားနှင့် ရေ ၁၀ လီတာရော၍ ပလတ်စတစ်ပုံး (သို့မဟုတ်) မြေအိုးတစ်လုံးတွင် ၂၄ နာရီစိမ်ပါ။ ယင်းစိမ်ရည် တစ်ဆကို ရေ ၁၀ ဆဖြင့်ရော၍ စပါးပင်များကို ပက်ဖျန်းပါ။ စိမ်ရည်ကို ရက် ၃၀ ထိ ထားနိုင်ပြီး နေ့စဉ်မွှေပေးရန် လိုအပ်ပါသည်။

**တမာပိုးသတ်ဆေးရည်ပြုလုပ်ခြင်း**

လတ်ဆတ်သော တမာစေ့/တမာရွက်ခြောက် ၅၀ ကျပ်သားကို လက်ဆုံဖြင့် အဆန်ကွဲရုံ/အဖတ်ကြမ်းဖြစ်ရုံထောင်း/နုပ်နုပ်စဉ်းကာ ရေနှစ်ဂါလန်ဖြင့် ရောမွှေပြီး တစ်ရက်ခန့် ရေစိမ်ထားပါ။ ထို့နောက် တမာရည်ကို ပိတ်စိမ်းပါးဖြင့် စစ်ပေးပြီး ၎င်းစိမ်ရေ နို့ဆီဘူးတစ်ဘူးလျှင် ရေလေးဂါလန်ဖြင့်ရော၍ မိမိပက်ဖျန်းလိုသော သီးနှံခင်းတွင် ပက်ဖျန်းပေးပါ။ အရက် (သို့) ရှလကာရည်ဖြင့်စိမ်ပြီး ရေရောဖျန်းပါက ပိုကောင်းပါသည်။

**ဆေးရွက်ကြီးပိုးသတ်ဆေးရည်ပြုလုပ်ခြင်း**

ရေလေးဂါလန်ကို မြေအိုးတွင်ထည့်၍ ကျိုချက်ပါ။ ၎င်းထဲသို့ ဆေးရွက်ကြီး ၂၅ ကျပ်သားထည့်၍ကျိုပါ။ ပါးပါးလှီးထားသည့် ဆပ်ပြာ နှစ်ကျပ်သားကို ထပ်မံထည့်၍ ကျိုချက်ပါ။ ဆပ်ပြာစစ်စစ်ကို သုံးစွဲရန် လိုအပ်ပါသည်။ ဆပ်ပြာပျော်ဝင်ပြီးချိန်တွင် အအေးခံ၍ ပိတ်ပါးစဖြင့်စစ်ပါ။ အခြားဓာတုဆေးများပါဝင်သည့် ဆပ်ပြာမှုန့်များသုံးစွဲပါက အပင်ကို လောင်ကျွမ်းစေနိုင်သည်။ ၎င်းဆေးရည်တစ်ဆကို ရေနှစ်ဆနှင့်ရောစပ်၍ ပိုးကျသည့် အပင်အရင်း၌ လောင်း၍ဖြစ်စေ အပင်ပေါ်ပက်ဖျန်း၍ဖြစ်စေ အသုံးပြုနိုင်ပါသည်။

**ကြက်သွန်ဖြူ ပိုးသတ်ဆေးရည်ပြုလုပ်ခြင်း**

ကြက်သွန်ဖြူ တစ်ပိဿာကို ထောင်းပြီး ရေ ၁၀ ပိဿာ၊ အရက်ဖြူ နှစ်ပုလင်းနှင့်ရောစပ်ပြီး အသုံးပြုနိုင်ပါသည်။ အပင်ပေါက်လာပြီး ဖျက်ပိုးများမကျမီ ကြိုတင်ဖျန်းပါ။ သုံးရက်ခြားတစ်ကြိမ် ရေနှင့် (၁း၅၀-၁း၁၀၀) နှုန်းဖြင့် ဖျန်းပါ။ မနက်ပိုင်းနှင့်ညနေပိုင်း နေအေးချိန်များတွင် ဖျန်းပါ။ ရေရောပြီးပါက တစ်ရက်အတွင်း ကုန်အောင်သုံးရပါမည်။

**ငရုတ်သီးပိုးသတ်ဆေးရည်ပြုလုပ်ခြင်း**

ငရုတ်သီးအစို/အခြောက် ၃၀ ကျပ်သားကို ရေလေးလီတာဖြင့် ၁ နာရီရောကာ မီးအေးအေးဖြင့် ပြုတ်ပါ။ ပြုတ်ပြီးသား ငရုတ်သီးနှင့် အရည်တို့ကို ရေ လီတာ ၂၀ ထည့်ထားသော အိုးတွင်ထည့်ပါ။ ထို့နောက် အရက်ဦးရေ နှစ်လီတာကို ရောထည့်ပြီး မွှေပေးပါ။ အဝတ်ပါးပါးဖြင့် ဖုံးအုပ်ပေးပြီး အေးမြသောနေရာတွင်ထား၍ တစ်နေ့တစ်ကြိမ် မွှေပေးပါ။ ခုနစ်ရက်ပြည့်လျှင် အဖတ်များကို ရေစစ်ဖြင့်စစ်၍ အသုံးပြုနိုင်ပြီး သုံးလခန့်သိုလှောင်နိုင်ပါသည်။ ၎င်းဆေးရည်တစ်ဆနှင့် ရေ ၅၀၀ ဆ ရောစပ်ပြီး အသုံးပြုနိုင်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ သဘာဝပိုးသတ်ဆေးများကို တစ်ပိုင်တစ်နိုင် ပြုလုပ်သုံးစွဲခြင်းအားဖြင့် ပိုးမွှားရောဂါများ ကာကွယ်နိုင်ခြင်း၊ မိတ်ဆွေပိုးများကို မထိခိုက်ခြင်း၊ သီးနှံများအပေါ် အဆိပ်ဓာတ်ကြွင်းများမကျန်ရှိခြင်း၊ ပတ်ဝန်းကျင်ကို အဆိပ်သင့်မှုမရှိခြင်း၊ သီးနှံပင်ကြီးထွားမှုကို အထောက်အကူပြုပြီး သီးနှံအထွက်တိုးခြင်း၊ သုံးစွဲရလွယ်ကူခြင်း စသော အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သဖြင့် မဖြစ်မနေသုံးစွဲရေး တိုက်တွန်းလိုက်ရပါသည်။ **(ခိုင်နှင်းဧကရီ)**


# စပါးပြီးစပါးစိုက်ပျိုးရာတွင် တောင်သူများ သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များ နှိုးဆော်ချက်

၁။ မိုးစပါးရိတ်သိမ်းပြီး ရိုးပြတ်များကို မီးမရှို့ဘဲ မြေဆွေးပုံပြုလုပ်၍ သုံးစွဲခြင်းနှင့် နွေထယ်ရေးခံခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါ။
၂။ စပါးပြီးစပါး စိုက်ပျိုးသည့်ဒေသများတွင် မြေဆီလွှာအာဟာရဓာတ်ဆုံးရှုံးမှုကို ဖြည့်တင်းပေးနိုင်ရန်အတွက် နွန်းမြေ၊ နွားချေးဆွေး၊ သစ်ရွက်ဆွေး၊ အမှိုက်ဆွေး ထည့်သွင်းခြင်းနှင့် သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲပါ။
၃။ မိုးစပါးအပြီး သစ်စိမ်းမြေသြဇာတစ်မျိုးမျိုး(မတ်ပဲ၊ ပဲလွမ်း၊ ပိုက်ဆန်လျှော်စသည့်) တစ်ဧကလျှင် လေးပြည်ခန့်ကို ကြဲပက်ပြီး၊ အပင်သက်တမ်း တစ်လဝန်းကျင်၊ နွေစပါးမစိုက်ပျိုးမီ ၁၀ ရက်ခန့်အလိုတွင် ထယ်ထိုးပြီးမြေမြှုပ်ပါ။
၄။ နွေစပါးကို ဒေသနှင့်ကိုက်ညီသည့် သက်တမ်းတို အထွက်ကောင်းမျိုးကို အသုံးပြုစိုက်ပျိုးပါ။
၅။ နွေစပါးစိုက်ပျိုးရာတွင် မိမိရေမြေဒေသနှင့်ကိုက်ညီပြီး အကျိုးအမြတ်ရရှိနိုင်သော စိုက်ပျိုးနည်းစနစ်များကို အသုံးပြုပါ။
၆။ ပိုးမွှားရောဂါကာကွယ်သည့် နည်းလမ်းတစ်ခုအဖြစ် နွားကျင်ငယ်ရေ တစ်လီတာ၊ နွားချေး ၆၀ ကျပ်သား၊ ထန်းလျက် ၁၅ ကျပ်သားနှင့် ရေ ၁၀ လီတာရော၍ ပလတ်စတစ်ပုံး (သို့မဟုတ်) မြေအိုးတစ်လုံးတွင် ၂၄ နာရီစိမ်ပါ။ ယင်းစိမ်ရည် တစ်ဆကို ရေ ၁၀ ဆဖြင့်ရော၍ စပါးပင်များကို ပက်ဖျန်းပါ။ စိမ်ရည်ကို ရက် ၃၀ ထိ ထားနိုင်ပြီး နေ့စဉ်မွှေပေးရန်လိုအပ်ပါသည်။
၇။ စပါးပြီးစပါးစိုက်ပျိုးရာတွင် တစ်ဧကကုန်ကျစရိတ် လျှော့နည်းစေရေးနှင့် အချိန်မီပြီးစီးရေးအတွက် စက်ကိရိယာများ တိုးမြှင့်သုံးစွဲပါ။
၈။ နည်းပညာအကူအညီများ လိုအပ်ပါက နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာန၊ ခြံ၊ စိုက်ကွင်း၊ ရုံးများတွင် လေ့လာ၊ ဆွေးနွေး၊ အကူအညီရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ပံ့ပိုးမှုအား အများကြီးလိုသည်




တိုက်ဆိုင်သည်ဟုပင် ဆိုရမည်ထင်သည်။ မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံး (MLA)၏ မျိုးဆက်သစ်ဖော်ထုတ်ရေးလုပ်ငန်းစဉ်တစ်ရပ် ဆောင်ရွက်သည်နှင့်မရှေးမနှောင်းမှာပင် မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးသည့် မျိုးဆက်သစ်လက်ရည်စမ်းပွဲတစ်ရပ် ကျင်းပမည်ဖြစ်သောကြောင့်ပင်။

MLA က ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အထက-၅၌ မျိုးဆက်သစ်ဖော်ထုတ်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် MLA ၏ လုပ်ငန်းစဉ်က ရိုးရာလက်ဝှေ့သမား မျိုးဆက်သစ်ဖော်ထုတ်ရေးကို အဓိကမထားဘဲ ရိုးရာလက်ဝှေ့ကို စောင့်ရှောက်ထိန်းသိမ်းမည့် လူငယ်မျိုးဆက်သစ်များ ဖော်ထုတ်ရေးကို အလေးထားသည်ဟု ဆိုရပေမည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစ၍ တစ်နှစ်လျှင် အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်းနှုန်းဖြင့် ရိုးရာလက်ဝှေ့အကြောင်း သိကောင်းစရာ ဟောပြောသရုပ်ပြခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ရာ ယခု ဇမ္ဗူသီရိ အထက -၅ နှင့်ဆိုလျှင် ၁၉ ကျောင်း ရှိသွားပြီဖြစ်သည်။ ထိုကျောင်းတိုင်းတွင် ဟောပြောခဲ့သူများက မပါမဖြစ်ထည့်သွင်းပြောကြားသော စကားတစ်ခွန်းရှိသည်။ ယခုကဲ့သို့ ရိုးရာလက်ဝှေ့အကြောင်း သိကောင်းစရာများ လာရောက်ဟောပြောသရုပ်ပြခြင်းသည် ရိုးရာလက်ဝှေ့သမား ပေါ်ထွက်ရေးဆိုသည်ထက် ရိုးရာလက်ဝှေ့ကို အမျိုးသားရေးလက္ခဏာအမြင်၊ ယဉ်ကျေးမှုအမွေအနှစ်အမြင်များဖြင့် တန်ဖိုးထားလိုသော အသိစိတ်ဓာတ်တို့ ဖြစ်ပေါ်စေခြင်းဆိုသည့် အချက်ကို အလေးအနက်ထားသည်ဟူ၍ ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့သည် ဂျပန်မှ ဂျူဒိုနှင့် ကရာတေး၊ ကိုရီးယားက တိုက်ကွမ်ဒို၊ တရုတ်၏ ဝူရှူး၊ ထိုင်း၏ မွေထိုင်းတို့ကဲ့သို့ အမျိုးသားရေးလက္ခဏာအသွင်ကိုဆောင်ပြီး ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးလည်းရှိကြောင်း၊ နှောင်းလူတို့ မသိကြတော့လျှင် ထိုလက္ခဏာ၊ ထိုတန်ဖိုးများကို ထိန်းသိမ်းစောင့်ရှောက်ရကောင်းမှန်း သိမည်မဟုတ်တော့ပေ။ ဂေဟစနစ်ဖြင့် ရပ်တည်ရှင်သန်လျက်ရှိသော လောကကြီး၏ သဘာဝထဲတွင် သက်ရှိသက်မဲ့ မည်သည့်အရာဖြစ်စေ ဝန်းရံထောက်ပံ့မှုများမရှိလျှင် ရပ်တည်ရှင်သန်ရေး မဖြစ်နိုင်၊ အောင်မြင်မှုရရှိရေး မဖြစ်နိုင်ပေ။

ကမ္ဘာ့စစ်ပွဲကြီးများကို လေ့လာကြည့်လျှင် ထောက်ပံ့ရေးကောင်းသောဘက်က အနိုင်ရရှိသွားကြောင်း တွေ့ရှိရပေသည်။ ထို့ကြောင့်ပင် စစ်ပါရဂူကြီးများက စစ်ပွဲကြီးများ၏ အနိုင်၊ အရှုံးကို တပ်ထောက်များက ဆုံးဖြတ်လေ့ရှိ၏ဟု မိန့်ဆိုခြင်းဖြစ်ပါလိမ့်မည်။ နပိုလီယံ၏ စစ်အောင်ခြင်းအကြောင်းတရားတွင် သူ၏ တပ်ထောက်ချုပ်က ပြိုင်ဘက်တပ်ထောက်ချုပ်များထက် စွမ်းရည်မြင့်သော အချက်လည်းပါဝင်နေသည်ဟု လေ့လာမှတ်သားရဖူးသည်။ ထို့အတူပင် ဒုတိယကမ္ဘာစစ်ကြီးတွင် သဲကန္တာရမြေခွေးဟု နာမည်ကျော်သော ဂျာမန်စစ်သူကြီး ရွန်းမဲ၏ အာဖရိကတပ်တော်ကြီးကို ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီး မောင့်ဂိုမာရီ အောင်ပွဲဆင်နိုင်ခဲ့ခြင်းမှာလည်း အထောက်အပံ့ရရှိမှုချင်း ကွာခြားသောကြောင့် ဖြစ်သည်။ ရွန်းမဲအတွက် ထောက်ပံ့ရေးလမ်းကြောင်းများကို မော်လ်တာကျွန်းအခြေစိုက် မဟာမိတ်တပ်များက ကြားဖြတ်တိုက်ခိုက်ဖျက်ဆီးနိုင်သဖြင့် လောင်စာဆီနှင့် လက်နက်ခဲယမ်းများ ပျက်စီးဆုံးရှုံးမှုများလှသည်။ ထို့ကြောင့်ပင် ရွန်းမဲအနေဖြင့် လက်နက်၊ ရိက္ခာ၊ လောင်စာဆီသာမက တပ်သားအင်အားအသစ်များပါ ချို့ငဲ့စွာ ဇာတ်ဟာခင်းရချိန်၌ မောင့်ဂိုမာရီက လက်နက်၊ ရိက္ခာ၊ လောင်စာဆီများ အထောက်အပံ့ကောင်းစွာဖြင့် တိုက်စစ်ဆင်နိုင်ပြီး တပ်အင်အားပါ ဖြည့်တင်းနိုင်သည့်အခါ တိုက်ပွဲ၏ အနိုင်၊ အရှုံးကို ဆုံးဖြတ်သွားလေတော့သည်။

မြန်မာ့ရိုးရာလက်ဝှေ့ ရပ်တည်ရှင်သန်ရေးအတွက် ကြိုးဝိုင်းထဲတွင် အစွမ်းပြမည့် ရိုးရာလက်ဝှေ့သမား မျိုးဆက်သစ်များ လိုအပ်သကဲ့သို့ သူတို့ကိုအားပေးမည့်ပရိသတ်မျိုးဆက်များ၊ ရိုးရာလက်ဝှေ့ပွဲများကို ကူညီပံ့ပိုးမည့် မျိုးဆက်သစ်များလည်း လိုအပ်ပါသည်။ သာသနာကို ဒါယကာစောင့်သည် ဆိုသော စကားကဲ့သို့ပင် ရိုးရာလက်ဝှေ့ကိုလည်း အဓိကကူညီပံ့ပိုးမည့်သူများက စောင့်ရှောက်ကြသည်ဟု ဆိုရပေမည်။ လာမည့် လူငယ်မျိုးဆက်သစ်များက ရိုးရာလက်ဝှေ့၏တန်ဖိုးကိုမသိ၍ အလေးအနက်ထားစောင့်ရှောက်ရမှန်း မသိလျှင် ဆက်လက်ရှင်သန်ဖို့ခက်ခဲပါလိမ့်မည်။ ယနေ့ မွေထိုင်းဟူ၍ ကမ္ဘာသိရှင်သန်နေသော ထိုင်းလက်ဝှေ့က သူတို့ထက် နှစ်ပေါင်း ၈၀၀ ခန့်စောသည့် မြန်မာ့လက်ဝှေ့ထက် ရှေ့တန်းရောက်နေခြင်းမှာ ဘုရင့်မိသားစု၊ အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ အမျိုးသားရေးလက္ခဏာအမြင်၊ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးအမြင်ဖြင့် ဝိုင်းဝန်းကူညီပံ့ပိုးထိန်းသိမ်းကြသောကြောင့် ဖြစ်သည်။ ကြိုးဝိုင်းထဲတွင် လက်ဝှေ့သမားချင်း ယှဉ်ရမည်ဆိုလျှင် မြန်မာ့ရိုးရာလက်ဝှေ့သမားတို့အနေဖြင့် "လူမှန်ရင် ချိုပေါက် သံခမောက်ဆောင်းထားစမ်းပါစေ"ဆိုသည်မျိုး အရိုးကြေကြေ အရေခန်းခန်း စွမ်းနိုင်သည့်သတ္တိမျိုးရှိသော်လည်း ကြိုးဝိုင်းပြင်ပ ထောက်ပံ့ကူညီအားပေးမှုအရာတွင် မယှဉ်သာသည့်အခါ ကမ္ဘာ့မာရှယ်အတ်ပြိုင်ပွဲမျက်နှာစာတွင် ရိုးရာလက်ဝှေ့က မျက်နှာငယ်လျက်သာရှိလေ၏။ ထို့ကြောင့်ပင် ယနေ့အခြေခံပညာအထက်တန်းကျောင်းများမှ လူငယ်မောင်မယ်များသည် တစ်နေ့တွင် အုပ်ချုပ်ရေးပိုင်း၊ စီးပွားရေးပိုင်းတို့၌ မြင့်မြင့်မားမားဖြစ်လာကြသည့်အခါ တို့ရိုးရာ တို့သာထိန်းပါမှ ဆိုသောခံယူချက်များ ကိန်းအောင်းစေရန် MLA က ယခုလုပ်ငန်းစဉ်ကို ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲရုံ၌ ကျင်းပမည့် "ရိုးရာလက်ဝှေ့ကလပ် ၁၀ ခုရဲ့ မျိုးဆက်သစ်လက်ရည်စွမ်းပွဲ" ဆိုသည်မှာလည်း နောက်ပိုင်းမှ အဓိကကူညီပံ့ပိုးစီစဉ်မှုအင်အားရှိ၍သာ ရုံဝင်ကြေးအခမဲ့ဖြင့် ကျင်းပနိုင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပေမည်။ အဆိုပါပွဲကို AH-GA Fighter Group,MODERN SYNNERGY Group, H&S Group တို့ ပူးပေါင်းစီစဉ်ကြခြင်းဖြစ်သည်။ ထိုအုပ်စုသုံးစု၏ အဓိကကူညီပံ့ပိုးမှုကြောင့် ရိုးရာလက်ဝှေ့ကလပ် ၁၀ ခုက မွေးမြူလေ့ကျင့်ပေးထားသော ရိုးရာလက်ဝှေ့မျိုးဆက်သစ် ၂၈ ဦးတို့ လက်ရည်စမ်းခွင့်ရခြင်းဖြစ်ပြီး ရိုးရာလက်ဝှေ့ပရိသတ်များလည်း ရုံဝင်ကြေးအခမဲ့ဖြင့် ကြည့်ရှုအားပေးခွင့်ရခြင်းဖြစ်သည်။ ပါဝင်မည့်ကလပ်နှင့် ရိုးရာလက်ဝှေ့သမားများကိုလေ့လာကြည့်သည့်အခါ ရန်ကုန်ဝန်းကျင်အခြေစိုက်ကလပ်များဖြစ်ပြီး အချို့လက်ဝှေ့သမားလေးများက ပွဲအတွေ့အကြုံအတန်အသင့်ရှိထားသူများဖြစ်သော်လည်း အချို့က ယခုပွဲကျမှပင် ရိုးရာလက်ဝှေ့သမားဘဝ စတင်ခံယူမည့်သဘောရှိနေသည်။ လူသစ်တန်းများဖြစ်နေသည့်အတွက် အကြီး၊ အသေးမရှောင်ဆိုသည့်အနေအထားမျိုး တွဲဆိုင်းဆင်၍မသင့်သေးဘဲ ကိုယ်အလေးချိန်တူမှုကို သတိပြုစီစဉ်ထားပုံရသည်။

ထို့အတူပင် နိုဝင်ဘာလထဲတွင် ဒေသအသီးသီး၌ ကျင်းပရန်ရှိနေသည့် ရိုးရာလက်ဝှေ့ပွဲများကို လေ့လာကြည့်လျှင် အဓိကကူညီပံ့ပိုးမှုအင်အား၏ အရေးပါမှုကို တွေ့ရှိရပေမည်။ နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့ ကေတုမတီမိုးလုံလေလုံအားကစားရုံ၌ကျင်းပမည့် မြန်မာ-ထိုင်း-ဂျပန် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး (Fight for Home) ကို နိုင်မိုးအန်တာတိန်းမန့်က စီစဉ်သည်ဆိုသော်လည်း နောက်ကွယ်မှ ဝိုင်းဝန်းကူညီပံ့ပိုးမှုများရှိနေသည်ကိုတွေ့ရပေမည်။ "ဉာဏ်လင်းအောင်(တောင်ငူ/ဘိလပ်မြေစက်ရုံ)နှင့် ကမ်ဖိန်ဖစ် (ထိုင်း)၊ စိုးမောင်ဦး(ရတနာပုံ/မန္တလေး)နှင့် ကာဝါမူရာ(ဂျပန်)၊ ထွန်းနိုင်ဦး (တောင်ငူ/STL)နှင့် ချိုင်းအီဆင်(ထိုင်း)တို့ တွဲဆိုင်းများပါဝင်သော အဆိုပါပွဲကြီးကို မင်းသားကြီးရေထွက်ပစ္စည်းစားသောက်ဆိုင်လုပ်ငန်း၊ သိင်္ဂီစိန်ရွှေရတနာ၊ Glory of 9.9 နှင့် ကိုရွှေမြင့်မောင်တို့က ဝိုင်းဝန်းကူညီပံ့ပိုးထားကြသည်။ နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီတွင် ညောင်ဦးမြို့ ရွှေစည်းခုံဘုရားအနီး (လိုင်းပေါင်းစုံကားဂိတ်ဟောင်းအရှေ့ဘက်) ၌ ရုံဝင်ကြေးအခမဲ့ဖြင့်ကျင်းပမည့် BAGAN FIGHT မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို လေ့လာကြည့်လျှင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အဓိကကူညီပံ့ပိုးမှုသာမက Mamda အားဖြည့်အစားအစာ၏ ဝိုင်းဝန်းပံ့ပိုးမှုများကြောင့်သာ မြန်မာမီဒီယာဂရု(ပ်) က စီစဉ်နိုင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပေမည်။ တောင်ငူပွဲတွင် နော်ဉမ္မာစိုး(ပဲခူး)နှင့် မြွေဟောက်ဖြူ(ခ) ကေသွယ်ငြိမ်း(မြိတ်)တို့ အမျိုးသမီးတွဲဆိုင်း ပါဝင်သကဲ့သို့ ညောင်ဦး ရွှေစည်းခုံဘုရားပွဲမှ BAGAN FIGHT တွင်လည်း လင်းယုန်မေ(လင်းယုန်)နှင့် ရွှေကိုလေး(ပဲခူး)တို့ ရိုးရာလက်ဝှေ့မယ်နှစ်ယောက် အသည်းချင်းပေါက်ကြမည်ဖြစ်သည်။ သူရလိပ်(စွမ်းကေကေ)နှင့် စိုးလင်းအောင် (STL)၊ စစ်မင်း(ရာမညအားမာန်)နှင့် ကမ္ဘာမကျေ (ဗမာ့သွေး)၊ သားငယ်(ရာမညအားမာန်)နှင့် ဇော်ချစ်အောင်(ဗမာ့သွေး)၊ စိန်လုံးချော(ဗမာ့သွေး)နှင့် သွေးသစ်မောင်(အဖြူရောင်သွေးသစ်)၊ နေရှုဘီ (STL) နှင့် လမ်းမယူ(ရာမညအားမာန်)တို့ တွဲဆိုင်းများ မြိုင်မြိုင်ဆိုင်ဆိုင်ပါဝင်နိုင်ခြင်းသည် စီစဉ်သူတစ်ဦးတည်း၏ အားဖြင့်မရနိုင်ဘဲ ရိုးရာလက်ဝှေ့ကို ဝိုင်းဝန်းကူညီပံ့ပိုးကြသည့် ထောက်ပံ့ရေးအင်အားများကြောင့်သာ ဖြစ်ပေသည်။

သို့ဖြစ်၍ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့ပွဲများ၊ မျိုးဆက်သစ်ဖော်ထုတ်ရေးပွဲများအတွက် ဝိုင်းဝန်းကူညီပံ့ပိုးမှုများရှိသကဲ့သို့ မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံး (MLA)၏ ရိုးရာလက်ဝှေ့အကြောင်းသိကောင်းစရာ ဟောပြောသရုပ်ပြပွဲများ စီစဉ်ခြင်းအပါအဝင် လုပ်ငန်းစဉ်များကိုလည်း ဝိုင်းဝန်းကူညီပံ့ပိုးမှုများရှိကြမည်ဆိုလျှင် ပိုမိုတွင်ကျယ်ခရီးရောက်လိမ့်မည်ဟု တွေးဆမိပါတော့သည်။ ။

**ဇင်လင်းထွန်း(မနုဖြူ)**

**အောက်တိုဘာ ၂၈ ရက် အနိုင်/အရှုံး ရလဒ်များ**

**ပရီမီယာလိဂ် ပွဲစဉ် - ၁၀**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၁ | - | ၀ | စပါး |
| အာဆင်နယ် | ၂ | - | ၁ | ဆွမ်ဆီး |
| ပဲလေ့စ် | ၂ | - | ၂ | ဝက်စ်ဟမ်း |
| လီဗာပူး | ၃ | - | ၀ | ဟက်ဒါဖီးလ် |
| ဝက်ဖို့ဒ် | ၀ | - | ၁ | စတုတ် |
| ဝက်စ်ဘရွန်း | ၂ | - | ၃ | မန်စီးတီး |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၀**

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | ၂ | - | ၁ | ကိုလုံး |
| ရှော်ကေး | ၁ | - | ၁ | ဝုဖ်ဘတ် |
| ဟာသာဘာလင် | ၂ | - | ၁ | ဟမ်းဘတ် |
| ဟော်ဖန်ဟိမ်း | ၁ | - | ၃ | မိုချန်ဂလာဘတ် |
| ဟန်နိုဗာ | ၄ | - | ၂ | ဒေါ့မွန် |

(ခိုင်ဝင်း)

## ONE: HERO'S DREAM ပြိုင်ပွဲအကြို Open Workout အစီအစဉ်ကို Myanmar Plaza ၌ ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်မြို့ သုဝဏ္ဏမိုးလုံလေလုံ အားကစားရုံ၌ ပြုလုပ်မည့် ONE: HERO'S DREAM ပြိုင်ပွဲအကြို ဟန်ရေးပြမိတ်ဆက်ပွဲ Open Workout ကို လာမည့် အောက်တိုဘာ ၃၁ ရက်တွင် ရန်ကုန်မြို့ မြန်မာပလာဇာ မြေညီထပ်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ Open Workout အစီအစဉ်တွင် ပါဝင်မည့်သူလေးဦးမှာ အောင်လအန်ဆန် (မြန်မာစပါးအုံး)၊ အာလိန်း "ကျားသစ်နက်" ဂလားနီး(ဟောင်ကောင်)၊ ဖိုးသော် (မြန်မာ)နှင့် စောဘဦး(မြန်မာ)တို့ဖြစ်သည်။

ဟဲဗီးဝိတ်မွေထိုင်း ကမ္ဘာ့ချန်ပီယံ အာလိန်း "ကျားသစ်နက်" ဂလားနီး (Alain "The Panther" Ngalani) သည် ကင်မရွန်းနိုင်ငံဖွား ဟောင်ကောင်အခြေစိုက် ကစားသမားတစ်ဦးဖြစ်ပြီး အောင်လအန်ဆန် (မြန်မာစပါးအုံး)နှင့် ၅-ချီပွဲဆိုင်းအဖြစ် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

ဖိုးသော်သည် ပြီးခဲ့သည့် ONE: STATE OF WARRIORS ပြိုင်ပွဲတွင် ONE Myanmar Featherweight ချန်ပီယံဖြစ်လာခဲ့ပြီး ရန်ကုန်အခြေစိုက် စောဘဦးသည်လည်း ONE Championship ၏ Featherweight အတန်းတွင် အချိန်တိုအတွင်း တစ်ဟုန်ထိုး နာမည်ရလာသူတစ်ဦးဖြစ်သည်။

Open Workout အစီအစဉ်အား မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ပြုလုပ်သွားမည်ဖြစ်ပြီး ONE Championship မှ တာဝန်ရှိသူများက ONE: HERO'S DREAM ပြိုင်ပွဲနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားခြင်း၊ ပြိုင်ပွဲတွင် ပါဝင်မည့်တွဲဆိုင်းအသီးသီးနှင့် ကစားသမားများကို ကြေညာခြင်း၊ Open Workout အစီအစဉ်တွင် ပါဝင်မည့်လေးဦးအား မိတ်ဆက်ပေးခြင်းနှင့် မီဒီယာများ၏ သိရှိလိုသည်များကို ဖြေကြားမည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Open Workout အစီအစဉ်သည် ONE: HERO'S DREAM ပွဲအကြို မိတ်ဆက်ပွဲလည်းဖြစ်ပြီး ပရိသတ်များအနေဖြင့် ONE မစ်ဒယ်ဝိတ် ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်(မြန်မာစပါးအုံး)အပါအဝင် ပြိုင်ပွဲဝင်လေးဦး၏ ဟန်ရေးပြတိုက်ကွက်များကို အနီးကပ်ကြည့်ရှုခွင့်ရမည်ဖြစ်သည်။ ယင်းနောက်တွင် ONE ပြိုင်ပွဲဝင်လေးဦးက မီဒီယာများနှင့်ပရိသတ်များ ရှေ့မှောက်တွင် မိမိတို့ကျွမ်းကျင်ရာ ကိုယ်ခံပညာရပ်များနှင့် တိုက်ခိုက်ဟန်များကို ဟန်ရေးပြတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဇာဏီ)

# စားသုံးသူကာကွယ်ရေးဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

ယမန်နေ့မှအဆက်

## အခန်း(၁၂)
## ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံပေးထားမှုအပေါ် စားသုံးသူက တောင်းဆိုနိုင်သည့်အခွင့်အရေး

၂၅။ စားသုံးသူသည် ပုဒ်မ ၂၄ အရ စီးပွားရေးလုပ်ငန်းရှင်က စားသုံးသူအပေါ် အာမခံချက်ပေးထားသည့်ကာလ သို့မဟုတ် အသုံးပြုနိုင်မည့်ကာလအတွင်း အသုံးပြုနိုင်ရန် ကုန်စည်ကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ခြင်း မပြုလျှင်ဖြစ်စေ သတင်းအချက်အလက်ပြည့်စုံစွာ ဖော်ပြခြင်းမရှိလျှင်ဖြစ်စေ စားသုံးသူမှ အောက်ပါတို့ကို တောင်းဆိုပိုင်ခွင့်ရှိသည်-
- (က) အာမခံချက်ပေးထားသည့်အတိုင်း ပြန်လည်ပြင်ဆင်လဲလှယ်ပေးရန် သို့မဟုတ်
- (ခ) အပိုပစ္စည်းမရရှိနိုင်လျှင် ထုတ်လုပ်သူထံမှ ကုန်စည်တန်ဖိုး သို့မဟုတ် ဝယ်ယူသုံးစွဲသည့်ကုန်စည် သို့မဟုတ် မူလအရည်အသွေးထက် မနိမ့်သောကုန်စည်ကို ပြန်လည်ရရှိရန် သို့မဟုတ်
- (ဂ) စီးပွားရေးလုပ်ငန်းရှင်ဘက်မှ ချို့ယွင်းချက်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ယင်းကုန်စည်တန်ဖိုးနှင့်ညီမျှသော ကုန်စည်ကို အစားထိုးလဲလှယ်ပေးရန် သို့မဟုတ်
- (ဃ) ကုန်စည်နှင့်စပ်လျဉ်း၍ သတင်းအချက်အလက် ဖော်ပြရန် ပျက်ကွက်မှုကြောင့် ထိခိုက်နစ်နာမှုရှိခဲ့လျှင် ယင်းအတွက် လျော်ကြေးတောင်းခံခွင့်ရှိရန်။

၂၆။ စားသုံးသူသည် ပုဒ်မ ၂၄ အရ စီးပွားရေးလုပ်ငန်းရှင်က စားသုံးသူအပေါ် အာမခံချက်ပေးထားပြီး ရောင်းချသည့်ကုန်စည်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို တောင်းဆိုပိုင်ခွင့်ရှိသည်-
- (က) အာမခံချက်နှင့်ညီသော ကုန်စည်ရရှိရန်၊
- (ခ) ရောင်းချသူမှ ငွေပြန်ပေးရန်၊ ပြင်ဆင်ပေးရန် သို့မဟုတ် ပြန်လည်လဲလှယ်ပေးရန်၊
- (ဂ) အာမခံချက်ထားသည့်အတိုင်း အမှန်တကယ်မရရှိပါကလျော်ကြေးရရှိရန်။

## အခန်း(၁၃)
## ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း

၂၇။ စီးပွားရေးလုပ်ငန်းရှင်သည် စားသုံးသူအပေါ် ဝန်ဆောင်မှုပေးခြင်းနှင့်စပ်လျဉ်းသည့် ဖော်ပြရမည့်အာမခံချက်များတွင် အောက်ပါအချက်အလက်များပါဝင်ရမည်-
- (က) မိမိဝန်ဆောင်မှုနှင့်စပ်လျဉ်း၍အချက်အလက်များကိုစားသုံးသူသိရှိစေရန် ကြိုတင်အသိပေးခြင်း၊
- (ခ) သတင်းအချက်အလက်နှင့်ပြည့်စုံသော ဝန်ဆောင်မှုအဆင့်အတန်းနှင့်အညီ ပြည့်ဝစွာပေးခြင်း၊
- (ဂ) လိုအပ်သည့်ရည်ရွယ်ချက်နှင့်ကိုက်ညီမှုရှိခြင်း၊
- (ဃ) အာမခံထားသောအချိန်ကာလအတွင်း ပြီးမြောက်အောင်ဆောင်ရွက်ပေးခြင်း၊
- (င) စားသုံးသူနှင့်သဘောတူညီထားသည့် ဝန်ဆောင်မှု အဖိုးစားနားအတိုင်း ပေးအပ်စေခြင်း။

## အခန်း(၁၄)
## ဝန်ဆောင်မှုလုပ်ငန်းများ၏အာမခံချက်နှင့်စပ်လျဉ်း၍ စားသုံးသူက တောင်းဆိုနိုင်သည့်အခွင့်အရေး

၂၈။ စားသုံးသူသည် ပုဒ်မ ၂၇ အရ စီးပွားရေးလုပ်ငန်းရှင်က စားသုံးသူအပေါ် အာမခံချက်ပေးထားသည့်ကာလအတိုင်း ဝန်ဆောင်မှုမပေးနိုင်လျှင် သို့မဟုတ် ဝန်ဆောင်မှုပေးရန် ပျက်ကွက်လျှင် အောက်ပါတို့ကို တောင်းဆိုပိုင်ခွင့်ရှိသည်-
- (က) ဝန်ဆောင်မှုပေးရန် ပျက်ကွက်ခဲ့မှုကြောင့် နစ်နာဆုံးရှုံးမှုဖြစ်ခဲ့လျှင် ယင်းအတွက် လျော်ကြေးပေးရန်၊
- (ခ) အာမခံထားသော အချိန်ကာလအတွင်း သဘောတူညီထားသော ဝန်ဆောင်မှုကိုမရရှိခဲ့လျှင် စားသုံးသူ၏နစ်နာမှုအတွက် ကုစားခွင့်ပေးရန်။

## အခန်း(၁၅)
## ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု လုံခြုံစိတ်ချရမှု

၂၉။ ဦးစီးဌာနသည် စားသုံးသူများအသုံးပြုမည့် ကုန်စည်သို့မဟုတ် ဝန်ဆောင်မှု လုံခြုံစိတ်ချရမှုရှိစေရန် ကော်မရှင်၏သဘောတူညီချက်နှင့်အညီ ဦးစားပေးကဏ္ဍများသတ်မှတ်ပြီး သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၃၀။ ဦးစီးဌာနသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုလုံခြုံစိတ်ချရမှုနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-
- (က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေးအတွက် လိုအပ်သောအစီအမံများပြုလုပ်ခြင်း၊
- (ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေးအတွက် လိုအပ်ပါက သက်ဆိုင်ရာစားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
- (ဂ) စားသုံးသူများအသုံးပြုမည့် ကုန်စည်များထုတ်လုပ်ခြင်းအပေါ် ဘေးအန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ခြင်း၊
- (ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေးအတွက် အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊
- (င) စစ်ဆေးရေးအရာရှိက တင်ပြလာသော ဘေးအန္တရာယ်ရှိသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အချက်အလက်များကိုအများပြည်သူသိရှိစေရန် အသိပေးကြေညာခြင်း၊
- (စ) စားသုံးသူများအသုံးပြုမည့် ကုန်စည်များအတွက် ဦးစားပေးကုန်စည် အမျိုးအစားအလိုက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်သည့် မြန်မာနိုင်ငံစံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး ကြီးကြပ်ကွပ်ကဲခြင်း၊
- (ဆ) စံသတ်မှတ်ချက်များ အတည်ပြုသတ်မှတ်ထားခြင်းမရှိသေးသော စားသုံးသူများအသုံးပြုမည့် ကုန်စည်များအတွက် သက်ဆိုင်ရာ အစိုးရဌာနများနှင့်ညှိနှိုင်း၍ အနည်းဆုံးရှိရမည့် စံသတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း။

## အခန်း (၁၆)
## ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့် ဘေးအန္တရာယ်ရှိသော ဝန်ဆောင်မှုကို တားမြစ်ခြင်း

၃၁။ ဦးစီးဌာနသည် ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းနိုင်စေရန် သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်နိုင်ရန်နှင့် ဘေးအန္တရာယ်ရှိသော ဝန်ဆောင်မှုကို တားမြစ်နိုင်ရန် ဆောင်ရွက်ရမည်။ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်။

၃၂။ ဦးစီးဌာနသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့် ဘေးအန္တရာယ်ရှိသော ဝန်ဆောင်မှုကို တားမြစ်ခြင်းတို့ကို ဆောင်ရွက်ရမည်-
- (က) စစ်ဆေးရေးအရာရှိ၏ စောင့်ကြည့်လေ့လာချက်နှင့် သက်ဆိုင်ရာ အစိုးရဌာနများ၏ စစ်ဆေးတွေ့ရှိချက်များအရ ဘေးအန္တရာယ်ရှိသည်ဟု ဦးစီးမှူးရုံးက တင်ပြလာသည့်ကိစ္စ၊
- (ခ) စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများမှ အစီရင်ခံတင်ပြသည့် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ်ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ရှိသည်ဟု သက်ဆိုင်ရာကော်မတီက အကြောင်းကြားလာသည့်ကိစ္စ။

၃၃။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ကုန်စည်များအား မိမိသဘောဆန္ဒအလျောက် ပြန်လည်သိမ်းဆည်းလိုပါက ပြန်လည်သိမ်းဆည်းခြင်းနှင့် သိမ်းဆည်းမည့် အစီအမံအား သက်ဆိုင်ရာဦးစီးမှူးရုံးသို့ အသိပေးတင်ပြခြင်းကို တစ်ပြိုင်တည်းဆောင်ရွက်ရမည်။

၃၄။ ဦးစီးဌာနသည် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပုံအဆင့်ဆင့်ကို သတ်မှတ်ထုတ်ပြန်ရမည်။

၃၅။ ဦးစီးဌာနသည် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်ခြင်းနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်မှုကို စားသုံးသူထံ သတင်းအချက်အလက်များ သတ်မှတ်ထုတ်ပြန်ရမည်။

## အခန်း(၁၇)
## ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအပေါ် တာဝန်ရှိမှု

၃၆။ စားသုံးသူသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကိုအသုံးပြုခြင်းကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက အောက်ပါပုဂ္ဂိုလ်များတွင်တာဝန်ရှိသည် -
- (က) ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့် စီးပွားရေးလုပ်ငန်း ရှင်၊
- (ခ) ကုန်စည်ပေါ်တွင် လူပုဂ္ဂိုလ်အမည်၊ ကုန်အမှတ်တံဆိပ် သို့မဟုတ် အခြားထင်ရှားသော အမှတ်အသားများကို အသုံးပြုခွင့်ရှိသူ၊
- (ဂ) ပြည်ပမှ ကုန်စည်များတင်သွင်းလာပြီး ပြည်တွင်းရှိ စားသုံးသူများအား ပြန်လည်ရောင်းချဖြန့်ဖြူးသူ၊
- (ဃ) တစ်ဆင့်ပြန်လည်ရောင်းချဖြန့်ဖြူးသူ။

၃၇။ စားသုံးသူသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူအသုံးပြုခြင်းကြောင့် အာမခံပေးထားသည့် ကာလအတွင်း နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက အောက်ပါပုဂ္ဂိုလ်များတွင် တာဝန်ရှိသည် -
- (က) ကုန်စည်ရောင်းချသူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့် စီးပွားရေးလုပ်ငန်းရှင်၊
- (ခ) ကုန်စည်ထုတ်လုပ်သူ၊
- (ဂ) ကုန်စည်ပေါ်တွင် လူပုဂ္ဂိုလ်အမည်၊ ကုန်အမှတ်တံဆိပ် သို့မဟုတ် အခြားထင်ရှားသော အမှတ်အသားများကို အသုံးပြုခွင့်ရှိသူ၊
- (ဃ) ပြည်ပမှ ကုန်စည်များတင်သွင်းလာပြီး ပြည်တွင်းရှိ စားသုံးသူများအား ပြန်လည်ရောင်းချဖြန့်ဖြူးသူ၊
- (င) တစ်ဆင့်ပြန်လည်ရောင်းချဖြန့်ဖြူးသူ။

၃၈။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ယင်း၏ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အခြားစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဦးသို့ လွှဲပြောင်းရောင်းချရာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လွှဲပြောင်းရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်က ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရမည်-
- (က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပြုပြင်မွမ်းမံခြင်းမပြုလုပ်ဘဲ မူလအတိုင်းရောင်းချခြင်း၊
- (ခ) ကုန်သွယ်ရောင်းဝယ်မှု ပြုလုပ်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ပြုပြင်မွမ်းမံခြင်း သို့မဟုတ် နမူနာပုံစံ၊ အရည်အသွေး၊ ဖွဲ့စည်းပုံတို့နှင့် ကိုက်ညီမှုမရှိခြင်းများကို မသိဘဲ ကုန်သွယ်ရောင်းဝယ်မှုပြုခြင်း။

၃၉။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပြုပြင်မွမ်းမံပြီး သို့မဟုတ် ပြုပြင်ပြောင်းလဲပြီးမှ စားသုံးသူသို့ရောင်းချခြင်းပြုလျှင် ယင်းကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းရန်တာဝန်ရှိသည်။

၄၀။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို စားသုံးသူများအတွက် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုနိုင်သည့်ကာလ သို့မဟုတ် အာမခံပေးထားသည့်ကာလသက်တမ်းအတွင်း အပိုပစ္စည်းများရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ရောင်းချပြီးနောက် လိုအပ်သောဝန်ဆောင်မှုများ ထပ်မံပေးခြင်းနှင့် သဘောတူညီချက်တွင်ပါရှိသည့် အာမခံချက်နှင့်အညီ ဆောင်ရွက်ခြင်းပြုရမည်။

၄၁။ ဤအခန်းအရ နစ်နာဆုံးရှုံးမှုအတွက် စီးပွားရေးလုပ်ငန်းရှင်နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များတွင် တာဝန်ရှိပါက ပူးတွဲ၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ တာဝန်ယူဆောင်ရွက်ပေးရမည်။

## အခန်း (၁၈)
## ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်း

၄၂။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်တွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို သိသာထင်ရှားစွာဖော်ပြရမည်-
- (က) ကုန်စည်၏ တံဆိပ်အမှတ်အသား၊
- (ခ) ကုန်စည်၏အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ ထုတ်လုပ်မှုအမှတ်စဉ်၊
- (ဂ) ပြည်တွင်းသို့ တင်သွင်းလာသောကုန်စည်ဖြစ်ပါက တင်သွင်းသူ၏ အမည်နှင့် လိပ်စာ၊ ထုတ်လုပ်သည့် လုပ်ငန်းအမည်နှင့် လိပ်စာ၊
- (ဃ) ထုတ်လုပ်သည့်နေရာ သို့မဟုတ် ပြည်ပမှ ကုန်စည်များတင်သွင်းပြီး ပြန်လည်ထုပ်ပိုးသည့်နေရာ၊
- (င) ကုန်စည်တွင်ပါဝင်သော ကုန်ကြမ်းပစ္စည်းအမျိုးအမည်များနှင့် ပစ္စည်းများ၏ပမာဏ၊
- (စ) ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး သို့မဟုတ် ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊
- (ဆ) သက်ဆိုင်ရာအစိုးရဌာနများမှ ဖော်ပြရန်သတ်မှတ်ထားသော အချက်အလက်များ။

၄၃။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ကုန်စည်တွင်သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သိပ္ပံနည်းကျသုတေသနပြုဆောင်ရွက်ချက်နှင့် ကျန်းမာရေးအာဟာရဆိုင်ရာ အာမခံချက်များ ဖော်ပြနိုင်သည်။

၄၄။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၄၂ ၏ ပုဒ်မခွဲ (က) မှတစ်ပါး ကျန်ပုဒ်မခွဲများကို ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြရမည်။

## အခန်း(၁၉)
## တိုင်ကြားခြင်းနှင့် စိစစ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခြင်း

**တိုင်ကြားခြင်း**

၄၅။ စားသုံးသူ၏ နစ်နာဆုံးရှုံးမှုတစ်ရပ်ရပ်ကို တိုင်ကြားလိုပါက အောက်ပါပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုသည် လူကိုယ်တိုင်သော်လည်းကောင်း၊ လူထုဆက်သွယ်ရေးနည်းလမ်း တစ်ခုခုဖြင့်သော်လည်းကောင်း သက်ဆိုင်ရာဦးစီးမှူးရုံးသို့ သက်သေခံ အထောက်အထားနှင့်အတူ တိုင်ကြားနိုင်သည်-
- (က) နစ်နာသည့် စားသုံးသူ၊
- (ခ) နစ်နာသည့် စားသုံးသူ၏မိသားစုဝင်များ၊
- (ဂ) နစ်နာသည့် စားသုံးသူနှင့် ဆက်နွယ်သော ပုဂ္ဂိုလ်များ၊
- (ဃ) အစိုးရဌာနအဖွဲ့အစည်းများ၊
- (င) စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များ။


**စိစစ်ဆောင်ရွက်ခြင်း**

၄၆။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် ပုဒ်မ ၄၅ အရ တိုင်ကြားလာသောကိစ္စများနှင့်စပ်လျဉ်း၍ သက်သေခံအထောက်အထားများ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည်-
- (က) စားသုံးသူတိုင်ကြားမှုနှင့်စပ်လျဉ်း၍ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိစိစစ်ခြင်း၊
- (ခ) ပြည့်စုံမှန်ကန်မှုမရှိသော တိုင်ကြားမှုနှင့်စပ်လျဉ်း၍ ပြည့်စုံမှန်ကန်စေရေးအတွက် ဆောင်ရွက်စေခြင်း၊
- (ဂ) လူထုဆက်သွယ်ရေးနည်းလမ်းတစ်ခုခုဖြင့် တိုင်ကြားမှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်ရန် မှတ်တမ်းရယူခြင်း။

**ညှိနှိုင်းဖြေရှင်းပေးခြင်း**

၄၇။ သက်ဆိုင်ရာဦးစီးမှူးရုံးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဃ) အရ စစ်ဆေးရေးအရာရှိက တင်ပြလာသည့် စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား ညှိနှိုင်းဖြေရှင်းပေးနိုင်ရန် အောက်ပါတို့ကို ဆောင်ရွက်ရမည်-
- (က) စုံစမ်းစစ်ဆေးခဲ့မှုနှင့်စပ်လျဉ်း၍ လိုအပ်သောစာရွက်စာတမ်းများနှင့် အခြားသက်သေခံပစ္စည်းများကို စစ်ဆေးခြင်း၊
- (ခ) တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင်ကို ညှိနှိုင်းဖြေရှင်းနိုင်ရန် ခေါ်ယူခြင်း၊

ဆက်လက်ဖော်ပြပါမည်။













# နိုင်ငံရေး ဇီဝိန် ဘုန်းရောင်ရှိန် ထိန်ထိန်ညီးတော့သည်

ကိုရင်ဩ



ဓာတ်ပုံ- financialtribune.com



ဓာတ်ပုံ- thehindu.com

ဂျပန်နိုင်ငံ၌ အောက်တိုဘာ ၂၂ ရက်က ကျင်းပခဲ့သော ရွေးကောက်ပွဲရလဒ်အရ အောင်ပွဲခံသူ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ မူဝါဒအရွေ့မည်သို့ရှိသည်ကို စေ့ငုလေ့လာရန် ကျွန်ုပ်အာရုံညွတ်မိလေ၏။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဆိုသူကား ဂျပန်ဘာသာစကားအရ "ဂျီယူမင်ရှုတို" ဟုခေါ်တွင်သော လစ်ဘရယ် ဒီမိုကရစ်တစ်ပါတီ (အယ်လ်ဒီပီ) ၏ အကြီးအမှူးပါပေတည်း။

**ဝါရင့်သမ္ဘာရင့်**

အယ်လ်ဒီပီ ပါတီဆိုသည်မှာလည်း ဝါရင့်သမ္ဘာရင့်နိုင်ငံရေးပါတီကြီးဖြစ်ပြီးလျှင် ယခုအခါ နှစ်ပေါင်း ၆၁ နှစ်သက်တမ်းရှိ ပါတီကြီးအဖြစ် နိုင်ငံရေးလောကအတွင်း အောင်လံတလူလူ လွှင့်ထူလျက်ရှိလေသည်။

ယင်းပါတီ၏ ဝါဒသဘောတရားရေးရာကို ဆန်းဆစ်ကြည့်သော် ကျွန်ုပ်တွေ့မြင်ရသည်မှာကား အမျိုးသားရေးဝါဒ၊ ရှေးထုံးစဉ်လာထိန်းသိမ်းရေးဝါဒ၊ လူမှုထုံးဓလေ့ထိန်းသိမ်းရေးဝါဒ၊ စီးပွားရေးလစ်ဘရယ်ဝါဒ၊ လက်ယာယိမ်းပြည်သူ့ဗဟိုပြုဝါဒတို့ကို အလေးပေးကြောင်း မှတ်သားရလေသည်။

၁၉၅၅ ခုနှစ်တွင် ပါတီကို သန္ဓေတည်ဖွဲ့စည်းခဲ့ချိန်မှစ၍ ယနေ့ကာလအထိတိုင်အောင် အာဏာကို ဆက်တိုက်နီးပါး ထိန်းချုပ်လာနိုင်ခဲ့သော ပါတီအဖြစ် အခိုင်အမာရပ်တည်လျက်ရှိ၏။ ၁၉၉၃ ခုနှစ်မှ ၁၉၉၄ ခုနှစ် အကြားကာလတစ်ခု၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိဖြစ်သော ကာလတစ်ခုတို့မှအပ ကျန်ကာလတစ်လျှောက်လုံး အာဏာရရှိလာခဲ့သည့် နိုင်ငံရေးပါတီကြီးဖြစ်၏။

၂၀၁၂ ခုနှစ် ရွေးကောက်ပွဲအပြီး အစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး အောက်လွှတ်တော်၌ အမတ်နေရာ ၂၉၁ နေရာ၊ အထက်လွှတ်တော်၌ အမတ်နေရာ ၁၂၁ နေရာကို ကိုမေတိုးအမည်ရှိ နိုင်ငံရေးပါတီနှင့် ညွန့်ပေါင်းပြုလျက် ထိန်းချုပ်ထားနိုင်ခဲ့ပေရာ လွှတ်တော်နှစ်ရပ်စလုံးကို လွှမ်းမိုးထားနိုင်သော အနေအထားတွင်ရှိနေခဲ့လေသည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် သူ၏ သဟာယနိုင်ငံရေးသမားများ၊ အယ်လ်ဒီပီ ဝန်ကြီးဟောင်းများမှာ နီပွန်ကိုင်ဂီဟု အမည်တွင်သော ဘုရင်စနစ်အုပ်စိုးရေးဝါဒီနှင့် သမိုင်းပုံရိပ်ပြုပြင်ပြောင်းလဲရေးဝါဒီတို့ပါဝင်သည့် အဖွဲ့အစည်း၏ အထင်ကရပုဂ္ဂိုလ်များဖြစ်ကြလေသည်။

အယ်လ်ဒီပီပါတီ၏ ဥက္ကဋ္ဌမှာ ရှင်ဇိုအာဘေးဖြစ်ပြီးလျှင် ပါတီအထွေထွေအတွင်းရေးမှူးမှာ တိုရှိဟီရိုနိကိုင်းဖြစ်၏။ မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုများ တိုးပွားလာနေခြင်းကြောင့် မိမိတို့၏ နိုင်ငံတွေ့ကြုံနေရသော နိုင်ငံလုံးဆိုင်ရာ အကျပ်အတည်းဆိုက်မှုကို ကျော်လွှားလွန်မြောက်နိုင်ရေးအတွက် ပြည်သူတို့က အခွင့်အာဏာအပ်နှင်းသော ပြည်သူ့ကိုယ်စားလှယ်များက ကိုင်တွယ်ဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲကို တစ်နှစ်စော၍ ခေါ်ယူမည်ဟု ဝန်ကြီးချုပ် အာဘေးက စက်တင်ဘာလတွင် ထုတ်ပြန်ကြေညာခဲ့လေသည်။

ပြည်သူလူထု၏ ထောက်ခံမှုကို တိုး၍ရလာချိန်၊ နိုင်ငံရေးအတိုက်အခံတို့ ပြိုကွဲနေချိန်အတွင်း ရွေးကောက်ပွဲကိုစော၍ ခေါ်ယူခြင်းဖြစ်ပြီး မစ္စတာအာဘေး အောင်ပွဲခံမည်ဟု အများက မျှော်လင့်ထားသည့်အတိုင်းပင် အောက်တိုဘာ ၂၂ ရက် ရွေးကောက်ပွဲ၌ သူအောင်ပွဲခံခဲ့ပေပြီ။

**သဘောထားရပ်တည်ချက်**

မြောက်ကိုရီးယားအပေါ် ပိုမိုတင်းမာသည့် သဘောထားရပ်တည်ချက်ကို ချပြပြီး လူမှုဖူလုံရေး အစီအစဉ်သစ်များဖြင့် ဆွဲဆောင်ကာ အယ်လ်ဒီပီပါတီက မဲဆွယ်စည်းရုံးခဲ့၏။

မစ္စတာအာဘေး၏ နိုင်ငံရေးဘဝ ဖြတ်သန်းမှုကို ရှုလတ်သော် ၂၀၀၆ ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ် ဘာလတို တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့၏။

၂၀၁၂ ခုနှစ် ရွေးကောက်ပွဲ၌ တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ပြီးနောက် သူအာဏာပြန်လည်ရရှိလာခဲ့သည်။ သို့တစ်မူကား နှစ်ပေါင်းကြာရှည် တုံ့ဆိုင်းနေသော အမျိုးသားစီးပွားရေးကို ပြန်လည်မြှင့်တင်နိုင်ရန် ကြိုးပမ်းပါမည်ဟူသော သူ၏ကတိစကားများမှာ ထင်တိုင်းမပေါက်ခဲ့ကြောင်း အချိန်က သက်သေပြခဲ့ပေပြီ။

ဝန်ကြီးချုပ်ဘဝကို ဖြတ်သန်းချိန်အတွင်း အဏုမြူလျှပ်စစ်ဓာတ်အား သုံးစွဲရေးဘက်သို့ ပြန်လည်ဦးလှည့်နိုင်ရန် အာဘေးကြိုးပမ်းခဲ့သည်။ ဂျပန်နိုင်ငံ၌ ၂၀၁၁ ခုနှစ်က မြေငလျင်လှုပ်မှုနှင့်အတူ ဆူနာမီရေလှိုင်း ရိုက်ပုတ်ခဲ့ရာ ဖူကုရှိမ အဏုမြူဓာတ်အားစက်ရုံတွင် ဘေးဥပဒ်ဆိုက်ရောက်ခဲ့သဖြင့် ပြည်သူများမှာ အဏုမြူ ဓာတ်အားသုံးစွဲရေးအယူအဆကို ဆန့်ကျင်မှုတိုးလာခဲ့သည်။

အစဉ်အလာအရ အယ်လ်ဒီပီပါတီ၏ အဓိကပြိုင်ဘက်မှာ ဒီမိုကရက်တစ်ပါတီဖြစ်သည်။ သို့ရာတွင် ဇူလိုင်လအတွင်း ခေါင်းဆောင်ပိုင်း လွန်ဆွဲပွဲဖြစ်ခဲ့ပြီးလျှင် စက်တင်ဘာလအတွင်း ပါတီအကွဲအပြဲ အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။

ဒီမိုကရက်တစ်ပါတီ၏ အဖွဲ့ဝင်ဟောင်းများမှာ လွတ်လပ်သော တစ်သီးပုဂ္ဂလအမတ်လောင်းများ၊ သို့မဟုတ် ပါတီငယ်များ၏ အမတ်လောင်းများအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရွေးကောက်ပွဲနီးပါမှ အသစ်ဖွဲ့စည်းခဲ့သော ပါတီအဖြစ် ဂျပန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒီမိုကရက်တစ်ပါတီကို တွေ့မြင်ရသည်။

ဂျပန်နိုင်ငံ၌ နိုင်ငံရေးပါတီအတော်များများ တည်ရှိသော်လည်း ၁၉၅၅ ခုနှစ်မှစ၍ အယ်လ်ဒီပီပါတီက နိုင်ငံရေးလောကအတွင်း လွှမ်းမိုးလာနိုင်ခဲ့သည်။

ရွေးကောက်ပွဲအကြိုကာလတွင် ထင်ပေါ်ကျော်ကြား ထူးထူးခြားခြား အမျိုးသမီးတစ်ဦးပေါ်ထွက်ခဲ့ပြီး ၎င်းမှာ တိုကျိုအုပ်ချုပ်ရေးမှူး ယူရီကို ကိုအိကေးဖြစ်သည်။ အမတ်ဟောင်း ကိုအိကေးသည် တိုကျိုမြို့၏ ပထမဆုံးသော အမျိုးသမီးအုပ်ချုပ်ရေးမှူးဖြစ်ပြီး မျှော်လင့်ချက်အမည်ရှိ ပါတီကို ရွေးကောက်ပွဲကျင်းပခါနီး စက်တင်ဘာလအတွင်း ထူထောင်ခဲ့သည်။

**ရှင်ဇိုဘာဘေး၏ ရှေ့ခရီး**

အထွေထွေ ရွေးကောက်ပွဲများတွင် တတိယမြောက် ဆက်တိုက်အောင်ပွဲခံခဲ့သူ အာဘေးအနေဖြင့် ယခုအချိန်တွင် အဓိကစိန်ခေါ်မှုကြီးနှစ်ရပ်ကို အာရုံစိုက်ရန်ရှိနေပေပြီ။

ပထမမြောက် စိန်ခေါ်မှုမှာ မြောက်ကိုရီးယားအရေးဖြစ်ပြီး ဒုတိယမြောက် စိန်ခေါ်မှုမှာ အမျိုးသားစီးပွားရေးကို ပြုပြင်ပြောင်းလဲနိုင်ရေးဖြစ်သည်။ သက်ကြီးရွယ်အိုဦးရေ တိုးလာနေပြီး လူဦးရေကျုံ့လာနေသော ဂျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို ဆက်ထိန်းနိုင်စေရေးအတွက် ဆောင်ရွက်ရန် လိုအပ်နေသည်။

ဩဂုတ်နှင့် စက်တင်ဘာလတို့တွင် မြောက်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံ၏ ကောင်းကင်ယံပေါ်မှ ကျော်ကာ ဒုံးကျည်စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ယင်းနိုင်ငံ၏ ပဲ့ထိန်းဒုံးကျည်အစီအစဉ်နှင့် နျူကလီယ အစီအစဉ်တို့ အဆုံးသတ်စေရေးအတွက် သံတမန်ရေးအရ ဖိအားပေးမှုများကို တိုးချဲ့ပြုလုပ်သွားမည်ဟု အာဘေးက သန္နိဋ္ဌာန်ပြုခဲ့သည်။

**ပုဂ္ဂိုလ်ရေး ခင်မင်မှု**

တတိယနေ့တွင် နေ့ခင်းဘက်၌ နေ့လွှတ်အရုပ်များ လွှတ်တင်ခဲ့ကြပြီး မွန်းတည့် ၁၂ နာရီနောက်ပိုင်းမှစ၍ လာရောက်ကြည့်ရှုသူများ တဖြည်းဖြည်းများပြားလာခဲ့သည်။ ညပိုင်းတွင် မီးပုံးပျံပွဲတော်ကျင်းပရာ အဝေရာကုန်းသာယာကွင်းအတွင်း အပြည့်ဖြစ်သွားခဲ့သည်။ ညပိုင်းတွင် ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်ခဲ့ပြီး လူအများစိတ်ဝင်စားကြသည့်အလျောက် မီးပုံးပျံများကလည်း ဆွဲဆောင်မှုရှိခဲ့သည်။ ရှမ်းအိုးစည်သံ တည်ညံနှင့် မီးပုံးပျံကွင်းရောက်သွားသည်မှာ အပျော်တွေကူးစက်စေခဲ့ပြီး ကမ္ဘာလှည့်ခရီးသွားများမှာလည်း ညချမ်းတွင် စိတ်ပါဝင်စားစွာ လှေ့လာစေ့ငုနေကြသည်။ "တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဆိုတာ မြန်မာနိုင်ငံရဲ့ အထင်ကရပွဲတော်တစ်ခုဖြစ်ပါတယ်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**


GRAND HANTHA INTERNATIONAL HOSPITAL
HEMODIALYSIS CENTER (ကျောက်ကပ်သွေးသန့်စင်ဌာန)

ဂျာမနီနိုင်ငံ Fresenius Company မှ
နောက်ဆုံးပေါ်နည်းပညာဖြင့် ထုတ်လုပ်ထားသော
- ကျောက်ကပ်သွေးသန့်စင်စက်များ
- Double RO (Reverse Osmosis) System နှင့်
- အာရှပစိဖိတ်ဒေသတွင် CDS (Concentrate Delivery System)

ကို ပထမဆုံးတပ်ဆင်ထားသော
Grand Hantha Hemodialysis Center ကိုစတင်ဖွင့်လှစ်
နေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။



အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
01 523 000, 01 523 111, 01 523 222, 09 520 2282, 09 520 2283, 09 520 2284

မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

အောက်တိုဘာ ၂၉၊ ၂၀၁၇ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# ရင်ကိုထိသော လျှို့ဝှက်ချက်

■ အမေ့သား



“အစ်မ ဟိုဆွယ်တာလေးပြပေးပါ”

“အဖြူရောင်လေးလား မောင်လေး”

“ဟုတ် အဖြူရောင်လေး အစ်မ”

ထိုအဖြူရောင်ဆွယ်တာလေးကို သဘောကျသည်။ အဘွားအသက်အရွယ်နှင့်လည်း လိုက်ဖက်သည်။ ဝယ်မည်ဟု ဆုံးဖြတ်ချက်ချခါနီးမှ အဘွားပြောခဲ့သည့် စကားတွေကို ပြန်ကြားယောင်မိသည်။

“အဘွားကအနီရောင်ဆို အရမ်းသဘောကျတာ။ အနီရောင်ဆိုတာ ရဲရင့်ခြင်းဆိုတဲ့ အဓိပ္ပာယ်ကို ဆောင်တယ်လေ။ အနီရောင်ကို ဝတ်လိုက်ရင် ကိုယ့်ကိုယ်ကိုယ် ရဲရင့်တဲ့သူတစ်ယောက်လိုခံစားရပြီး ယုံကြည်မှုရှိလာတယ်။ ဒီအတိုင်းပဲ မြေးလေးရဲ့။ ရဲရင့်တဲ့သူတစ်ယောက်ဖြစ်နေစေကာမူ အကျင့်သီလပျက်ခြင်းဆိုတဲ့ အညစ်အကြေးတွေ စွန်းထင်းနေမယ်ဆိုရင် လူအများရဲ့ ရွံမုန်းခြင်းခံရတဲ့ အကျည်းတန် လူတစ်ယောက်ပဲဖြစ်လာမှာပေါ့ကွယ်။”

အဖြူရောင်တဘက်ကလေးနှင့် ဘုန်းကြီးကျောင်းသွားဖို့ တိုက်တွန်းတိုင်း အနီရောင်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုပြောပြကာ အနီရောင်တဘက်ကလေးနှင့်သာ ဘုန်းကြီးကျောင်းသွားတတ်သော အဘွား၏အကြိုက်ကို မေ့နေလေခြင်းဟု ကိုယ့်ကိုယ်ကိုယ်အပြစ်တင်မိသည်။

“အနီရောင်လေးရောပြပေးပါ အစ်မ”

အဖြူရောင်လောက် သဘောမတွေ့ပေမယ့် အဘွားကြိုက်ဖို့သာ အဓိကဖြစ်သည်ဟု တွေးကာ “ဒီအနီရောင်လေးယူမယ် အစ်မ။ ဘယ်လောက်ကျလဲမသိဘူး။”

“၄၅၀၀ ပါ မောင်လေး”

ကျသင့်ငွေကိုရှင်းခဲ့ပြီးနောက် ဆွယ်တာဆိုင်ထဲမှ ထွက်ခဲ့သည်။ ပြင်ဦးလွင်ဆောင်းက နေထွက်နေသည့်တိုင် အေးစိမ့်စိမ့်ဖြစ်နေဆဲ။ တစ်နှစ်မှတစ်ခေါက်သာ အိမ်ပြန်ရသည့်ခရီးမို့ ဆွေမျိုးတွေအတွက် လက်ဆောင်အဖြစ် ပြင်ဦးလွင်ဒေသထွက်သီးနှံတွေကို ဝယ်နေမိသည်။ ဈေးအတွင်း လှည့်ပတ်ဝယ်ပြီးနောက် ဖုန်းဆိုင်နားအရောက် လူရှင်းနေသည့်အတွက် အိမ်ကိုဖုန်းခေါ်လိုက်သည်။

“ဟဲလိုအမေ၊ နေကောင်းလား။ အဘွားရောနေကောင်းလား။ သန်ဘက်ခါဆို ကျွန်တော် ပြန်ရောက်ပြီနော်။”

“အေးအေး လူလေး။ အမေရော၊ အဖေရော၊ မင်းအဘွားရော တစ်အိမ်လုံးနေကောင်းပါ့တော်။ မင်းအဘွားက ဘုန်းကြီးကျောင်းသွားပြီး ဥပုသ်ယူနေတယ်။ ပြန်မလာသေးဘူး။ သန်ဘက်ခါကျ ကားဂိတ်ကို အမေလာကြိုလိုက်မယ်။”

“လာမကြိုပါနဲ့ အမေရဲ့။ အမေပင်ပန်းနေမယ်။ အိမ်မှာပဲ စောင့်နေလိုက်။ ပြီးတော့ သန်ဘက်ခါ ကျွန်တော်ပြန်ရောက်မယ့်အကြောင်း အဘွားကို ပြောပြမထားနဲ့နော်။ အဘွားအံ့သြသွားအောင် လုပ်မလို့။ ဟဲဟဲ။”

အမေက သဘောကျစွာရယ်လိုက်ပြီးခါမှ “ဟုတ်ပါပြီ။ မပြောပါဘူး”ဟု ဆိုသည်။

“အဘွားကလေ ရွာထဲကနေ ဘယ်မှမရောက်တော့ဘူးလို့ ထင်ထားတာ။ တကယ်လည်းဒီအသက်၊ ဒီအရွယ်ထိ မြို့ဆိုတာကိုကြားဖူးရုံပဲ။ တစ်ခါမျှမရောက်ဖူးဘူး။ စေတီပုထိုးတွေကိုလည်း တီဗွီကနေ ဖူးမြော်နေရတာကိုပဲ ကျေနပ်နေမိတာလေ။ ခုလိုမြေးလေးတို့လိုက်ပို့တော့ မျက်ဝါးထင်ထင်ဖူးမြော်ခွင့်ရတယ်။ ပိုပြီးတော့လည်း ကြည်ညိုဖို့ကောင်းတယ်။ ခုလိုအဘွားကို လိုက်ပို့ပေးတဲ့အတွက် မြေးလေးတို့ကို ကျေးဇူးတင်လိုက်တာကွယ်။”

ဇရာညောင်းနေပြီဖြစ်သော မျက်နှာပေါ်က အစင်းအရာများပင် မှေးမှိန်သွားသည့်တိုင် ဝမ်းသာပျော်ရွှင်စွာပြောနေသည့် မျက်စောင်းထိုးထိုင်ခုံက ထိုအဘွားကိုမြင်တော့ ကျွန်တော်လည်း ကျွန်တော့်အဘွားကို ဘုရားဖူးလိုက်ပို့ပေးချင်မိသည်။ တောရပ်ရွာမှာ ကြီးပြင်းလာခဲ့ရသည့် ကျွန်တော့်အနေဖြင့် တောသူတောင်သားတို့၏ ဘဝလေ့ကို သိထားပြီးဖြစ်သောကြောင့် ကျွန်တော့်အဘွားလည်း ထိုအဘွားလိုပင် ရွာထဲမှတစ်ပါး ဘယ်မြို့ကြီးပြကြီးကိုမျှ ရောက်ဖူးလိမ့်မည်မဟုတ်ပေ။ ဒုတိယနှစ်ပြန်တက်သည့်အချိန် တပ်ပြင်ထွက်ခွင့်ရသည့် တနင်္ဂနွေတစ်ရက်ရက်တွင် အဘွားအား ပြင်ဦးလွင်ရှိဘုရားများ ဖူးမြော်ရန် လိုက်ပို့ပေးမည်ဟု ဆုံးဖြတ်လိုက်သည်။ ကျွန်တော်စီးနင်းလာသည့် စွယ်တော်ဖူးမှန်လုံကားလေးက ပြင်ဦးလွင် တောင်တက်တောင်ဆင်း၊ အကွေ့အကောက်လမ်းများကို ကျော်လွန်ပြီးနောက် မန္တလေးမြို့အဝင်သို့ပင် ရောက်ရှိလာခဲ့ပြီ။

ကားပေါ်မှာ ခရီးသည်အားလုံး အိပ်မောကျနေပေမယ့် ကျွန်တော့်မှာတော့ အိပ်မပျော်နိုင်။ တစ်နှစ်တာမျှခွဲခွာခဲ့ရပြီး မျှော်လင့်ခဲ့ရသည့် ဤအိမ်ပြန်ချိန်သည် အိပ်စက်ခြင်းထက်ပို၍ အပန်းပြေစေသည်။ အဘွားသည် ကျွန်တော့်အား နို့ချိုတိုက်ကျွေးခြင်းမရှိသည်မှလွဲ၍ ကျန်တာအားလုံး အမေတစ်ယောက်ကဲ့သို့ပင်။ မိုးလင်းမှမိုးချုပ် ယာထဲမှာသာ အလုပ်ရှုပ်နေတတ်သည့် အမေ့အစား အဘွားရင်ခွင်မှာသာ ပို၍ပျော်မွေ့ခဲ့ရသည်။

“လူလေးရယ်” မင်းအဘွားကတော့လေ၊ လူကသာ ခါးတွေကုန်း၊ မျက်စိတွေမှုန်ပြီး အိုစာနေတာ။ လူလေးဆီကို သူပါလိုက်မယ် လုပ်လို့ မနည်းချော့မော့ပြီးထားခဲ့ရတယ်။”

ဗိုလ်လောင်း အဆောင်အယောင်တပ်ဆင်ပွဲအခမ်းအနားသို့ အဖေနှင့်အမေ တက်ရောက်လာစဉ်က အမေပြောခဲ့သော စကားကြောင့် ကျွန်တော့်မှာ သဘောကျစွာ ရယ်လိုက်မိသေးသည်။ အဘွားဆီကို ချက်ချင်းဖုန်းခေါ်ပြီး နှစ်သိမ့်စကားပြောဆိုခဲ့သော်လည်း အဘွားမှာ အကြားအာရုံချို့တဲ့နေသောကြောင့် “ယူနီဖောင်းနဲ့ ဓာတ်ပုံတွေအများကြီးရိုက်ပေးလိုက်နော် မြေးလေး”ဟူသည့် သူပြောလိုသည့်စကားကိုသာ အပ်ကြောင်းထပ်စွာ ပြန်ပြောသည်။

ဗိုလ်လောင်း အဆောင်အယောင်တပ်ဆင်ပွဲပြီးလို့ အဖေနှင့်အမေပြန်သွားပြီးနောက် အမေကလေလှိုင်းပေါ်ကနေ ရယ်ရယ်မောမောပြောသည်။ အဘွားနှင့်ဖုန်းပြောလိုသော်လည်း အဘွား၏ အကြားအာရုံချို့တဲ့မှုက ပို၍ ပို၍ဆိုးလာသောကြောင့် ဖုန်းပြော၍ အဆင်မပြေ။ “ဘာမှပြောစရာမရှိပါဘူးအေ။ နေကောင်းပါတယ်။မြေးလေးသာ ကျန်းမာရေးဂရုစိုက်”ဟု အမေ့အား တစ်ဆင့်ပြောကာ ကျွန်တော်၏ ဖုန်းပြောလိုမှုကို ငြင်းဆိုလာခဲ့သည်။

“ငါ့တူ ဝအောင်စားနော်။ ကုန်ရင်ထပ်ထည့်ဦး။”

“စားမှာ စားမှာ အရီးလေးရေ၊ စိတ်ချ။ ကောက်ညှင်းပေါင်းမစားရတာ ကြာနေပြီ။”

မကွေးမြို့ကိုရောက်တော့ မနက်ဝေလီဝေလင်းသာရှိသေးတာကြောင့် အရီးလေးထွေးရီအိမ်ဝင်နေလိုက်သည်။ မနက် ၈ နာရီလောက်မှပဲ နတ်မောက်ကို ခရီးဆက်တော့မည်။ အရီးလေးက ကောက်ညှင်းပေါင်း ပူပူလေးနှင့် အကြော်ပူပူလေးကိုဝယ်ကာ နံနက်စာအဖြစ် ကျွေးသည်။

“ဒါနဲ့ အရီးလေး ရွာဘက်ရောက်သေးလား”

“ပြီးခဲ့တဲ့လကပဲ ရွာမှာအလှူရှိလို့ အရီးလေး သွားလိုက်သေးတယ်”

“အဘွားရော နေကောင်းတယ်မလား”

“ကောင်းပါတယ် ငါ့တူရဲ့။ အရင်တလောကတော့ ကိုယ်တွေဖောရောင်လာသေးတယ်။ ခုတော့ပြန်ကောင်းသွားပါပြီ” ဟူး အမလေး ပူလိုက်တာ။

“အဲဒီရေနွေးပန်းကန်က ပူနေသေးတယ် အရီးလေး။ ဒီပန်းကန်ထဲက ရေနွေးလေး သောက်လိုက်။”

နံနက်စာစားပြီးတော့ အရီးလေးကို ပါလာသည့် မုန့်ထုပ်ကလေးနှင့် ကန်တော့၊ နှုတ်ဆက်ခဲ့ပြီး နတ်မောက်ကိုခရီးဆက်ခဲ့သည်။ လမ်းတစ်လျှောက် အဘွားပုံရိပ်တွေက ကျွန်တော့်ကို လွှမ်းမိုးနေသည်။ ကားရပ်လိုက်သည်နှင့် ကားပေါ်မှဆင်းခဲ့လိုက်သည်။ ခြေလှမ်းတွေက တက်ကြွလန်းဆန်းနေသည်။

ကားအောက်ရောက်တော့ ခရီးသည်နားနေဆောင်ထဲမှထွက်လာသော တစ်ရွာတည်းနေ ဒေါ်လေးမိုးယုတို့သားအမိအား တွေ့လိုက်ရသည်။ ဈေးမှပြန်လာသည့်ပုံရသည် (သန့်ပြန့်နေသော အဝတ်အစားကို ကြည့်ခြင်းအားဖြင့်)။ ဒေါ်လေးမိုးယုက ကျွန်တော့်အား စိုက်ကြည့်နေပြီး အံ့သြသွားပုံရသည်။ (နှုတ်ဆက်စကားလေးပင် ပြောမထွက်နိုင်သည်အထိ)။ ကျွန်တော်ကပင် စတင်၍. . . .

“ဒေါ်လေးဘာတွေ စိုက်ကြည့်နေတာလဲဗျ။ ကျွန်တော်မိုးဝင်းလေဗျာ။ မမှတ်မိဘူးလား။”

“အမလေး မိုးဝင်းလားဟဲ့။ မှတ်တောင်မမှတ်မိဘူး။ တော်တော်ပြောင်းလဲသွားတာပဲ။”

“ဟားဟား ဖြစ်ရလေ ဒေါ်လေးရယ်။ မပြောင်းလဲပါဘူးဗျ။ နဂိုအတိုင်း မည်းမည်းသဲသဲမီးသွေးခဲပါပဲ ဟဲဟဲ။ ဒါနဲ့ဒေါ်လေးက ဈေးကပြန်လာတာလား။”

“ဟုတ်တယ်ငါ့တူ။ လာလေကွာ ခဏနားဦး။ ဒေါ်လေး လှည်းကြိုမှာထားတယ်။ လှည်းကြိုရောက်မှပဲ တူတူပြန်ကြတာပေါ့။”

“ဒေါ်လေး လှည်းကြိုလာမှာဆိုတော့ အတော်ပဲဗျ။ ကျွန်တော်ဒီအိတ်ကလေးထားခဲ့ဦးမယ်။ ဒေါ်လေးယူခဲ့ပေးပါဦး။ လှည်းရောက်အောင် ကျွန်တော်မစောင့်တော့ဘူး။ ပြန်နှင့်တော့မယ်။ ကျွန်တော်အဘွားနဲ့ တွေ့ချင်လှပြီဗျ။”

ဒေါ်လေးမိုးယုရှေ့ လက်ဆွဲအိတ်ကိုချခဲ့လိုက်သည်။

“မင်းအဘွား”

“ဟုတ်တယ်လေ ဒေါ်လေး။ ကျွန်တော့်အဘွား၊ ကျွန်တော့်အဘွား ဘာဖြစ်လို့လဲဗျ။”

ဒေါ်လေးမိုးယုထံမှ တုံ့ပြန်စကားပြန်မလာခင်

“ဟာကိုကြီးကလည်း ကိုကြီးအဘွား ဆုံးသွားတာဖြင့် ကြာနေပေါ့။ကိုကြီးမသိဘူးလား။”

“ဟဲ့ သမီးဘာတွေလျှောက်ပြောနေတာလဲ

ကျွန်တော့်ထံမှ “ဗျာ”ဟူသည့် အာမေဍိတ်သံပင် ထွက်ကျမလာသည်အထိ ဆွံ့အသွားခဲ့သည်။ ပျော်ရွှင်မှုတွေက ထိုစကားလုံးတွေကြား ပျောက်ကွယ်သွားပြီး ဝင်သက်ထွက်သက်တို့ မွန်းကျပ်လာသည်။ ဒေါ်လေးမိုးယုတို့သားအမိကိုကျောခိုင်းကာ ရွာဘက်သို့သုတ်ခြေတင်မိတော့၏။ နားထဲမှာ ပဲ့တင်ထပ်နေသည်က “ကိုကြီးအဘွားဆုံးသွားတာဖြင့် ကြာနေပေါ့။ ကိုကြီးမသိဘူးလား” ဟူသည့် ဒေါ်လေးမိုးယုသမီး စကား။ “မင်းအဘွားက နေကောင်းပါ့တော်၊ ဖျားတာ၊ နာတာတောင်မရှိဘူးရယ်”ဟူသည့် တနင်္ဂနွေနေ့တိုင်း ကြားနေရသည့် အမေ့စကားသံတွေက ပျက်ရယ်ပြုနေသလို။ စီးကျလာသည့် မျက်ရည်တွေကို သုတ်ဖို့ ကျွန်တော့်မှာ ခွန်အားမရှိတော့။ “အမေညာတယ်”ဟူသည့် ရင်ထဲကစကားသံတွေက ကမ္ဘာကြီးကိုပင် တုန်လှုပ်သွားစေလောက်သည်။ အမေ့ကို နာကြည်းမိသည်။ အမေ့ရှေ့မှာ ပေါက်ကွဲချင်မိသည်။

ကျွန်တော်သည် အရူးတစ်ပိုင်းဖြစ်နေပြီ။ ရင်ထဲမှာ ပိတ်ဆို့နေသော အလုံးကြီးတစ်လုံး လျော့ကျသွားစေဖို့ “အမေညာတယ်”ဟူသည့် စကားလုံးကို နှုတ်ထွက်အော်ဟစ်မိသည်။ နောက်ဘက်ကမ်းပါးမှ ပြန်ထွက်လာသည့် ပဲ့တင်သံက ကျွန်တော့်ရင်အစုံကို ရိုက်ခတ်သွားသည်။ ကျီးကန်းတစ်ကောင်သည် အသံစူးစူးအော်ဟစ်ကာ မျက်နှာရှေ့မှ ဝဲပျံသွား၏။ “အဘွား”ဟု ရုတ်တရက်အသံထွက်ခေါ်မိသည်။ လမ်းလျှောက်နေသော ခြေထောက်တစ်စုံသည် ကျွန်တော်၏ဒေါသအဟုန်ကြောင့် အရှိန်ပြင်းစွာ ပြေးထွက်သွား၏။

“အမေညာတယ်။”

“အမေကျွန်တော့်ကို ညာတယ်။”

“ကျွန်တော့်ကို ဒီအချိန်ထိ ဘာလို့ဖုံးကွယ်ထားရတာလဲ။”

“ကျွန်တော်သိပ်ချစ်တဲ့ အဘွားရဲ့နောက်ဆုံးထွက်သက် အချိန်လေးတောင် ကျွန်တော့်ကို ပေးမသိရလောက်အောင် အမေလုပ်ရက်တယ်။ အမေ ရက်စက်တယ်။ အမေမတရားဘူး။”

ချွေးစက်တို့သည် ထိုစကားလုံးများ၏ ထပ်ခါထပ်ခါ ရွတ်ဆိုမှုတွေကြောင့် ပျောက်ကွယ်သွား၏။ လက်ချောင်းတို့သည် ဆိုင်းမဆင့်၊ ဗုံမဆင့် ဆုပ်မိသွား၏။ အမေ့အပေါ် နာကြည်းမှုအဟုန်သည် မြင့်သထက်မြင့်လာပြီ။ ပြင်းသထက် ပြင်းလာပြီ။ အိမ်အဝင်ဝသည် ကျွန်တော့်ကို ရှေ့ဆက်မတိုးဝံ့အောင် တားဆီးထားသလို။ ခြေလှမ်းတို့သည် တုံ့ခနဲရပ်တန့်သွား၏။ အဖေနှင့်အမေသည် အိမ်အောက်မှအဆင်သင့် စောင့်နေသလိုပင် ထွက်လာကြသည်။ အမေသည် ကျွန်တော့်ကို ကြည့်လိုက်ပြီး အလုံးစုံသိနေသလိုပင်။

“လူလေးက အကြောင်းစုံ သိပြီးသွားပြီထင်တယ်။ လူလေး ပညာသင်နေတဲ့အချိန် စိတ်အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ အမေမပြောခဲ့တာပါ လူလေးရယ်။”

အမေပြောလိုက်သော စကားတစ်ခွန်းသည် ကျွန်တော်၏ နာကြည်းစိတ်တွေကို ပြေပျောက်မသွားစေနိုင်။ ဘာပဲဖြစ်ဖြစ် အကျိုးအကြောင်းလေးတော့ ပြောပြသင့်တာပေါ့။ ကျွန်တော်သည် စက်ရုပ်တစ်ရုပ်ပမာငြိမ်သက်နေသည်။

“လူလေးကအဘွားကို သိပ်ချစ်သလို လူလေးရဲ့အဘွားကလည်း လူလေးကိုသိပ်ချစ်တာပါကွယ်။ သူသေလုမျောပါးဖြစ်နေတဲ့အချိန်မှာတောင် အမေတို့ကို မှာသွားသေးတယ်။ သူတကယ်လို့များ ဘဝကူးသွားခဲ့ရင် မြေးလေးကို အသိမပေးပါနဲ့ဦးတဲ့။ ပညာသင်နေတဲ့ သူ့မြေးလေးစိတ်အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့တဲ့။”

စက်ရုပ်တစ်ရုပ်ပမာ ဖြစ်နေသည့် ကျွန်တော့်ကို အမေကနွေးထွေးစွာပွေ့ဖက်လိုက်သည်။ ဟုတ်ပါသည်။ အမေပြောသလိုပင် အဘွားသည် တမလွန်ဘဝရောက်သည်အထိ ကျွန်တော့်ကိုချစ်နေဆဲပင်။ ကျွန်တော့်ကို အရိပ်အယောင်ကလေးမျှပင်မပြ။ အိပ်မက်ကလေးမျှပင်မပေး။ ရောက်လေရာဘဝကနေ အဘွား သာဓုခေါ်နိုင်ဖို့ သည်ကနေ့အချိန်ထိ အမျှပေးဝေနေမိတုန်းပဲဗျာ”။ ။

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

# အလင်းရောင်တွေပိုရဖို့ တံခါးဖွင့်ကြစို့

ESfc;;0bf

တစ်လောက အွန်လိုင်းပေါ်မှာ စာတစ်ပုဒ်ဖတ်လိုက်ရတယ်။ အနောက်နိုင်ငံတချို့က ကျောင်းတွေမှာ ကျောင်းစာသင်ချိန်ဇယားထဲ စာဖတ်ချိန်ပါသတဲ့။ ကျွန်မ အတော်သဘောကျသွားတယ်။ ဒါဖြစ်သင့်တယ်လို့ ထင်တယ်။ ကျွန်မတို့နိုင်ငံမှာလည်း ဒီလိုမျိုးလေးလုပ်နိုင်ရင်ကောင်းမှာပဲလို့ (ကိုယ့်တစ်ယောက်တည်းရဲ့အမြင်နဲ့)တွေးမိတယ်။

တကယ်လို့များ အဲဒီအတွေးလေး အကောင်အထည်ဖော်နိုင်ခဲ့ရင် မြန်မာ့စာပေလောက အတော်ပြောင်းလဲသွားမယ်လို့ထင်မိတယ်။ တိုးတက်လာတဲ့နည်းပညာခေတ်ကြီးမှာ လူတွေ စာဖတ်အားတွေနည်းလာပြီး စာပေလောကလည်း အကျဘက်ကို ဦးတည်လာတယ်။ ရပ်ဆိုင်းလိုက်ရတဲ့ စာစောင်၊ မဂ္ဂဇင်းတွေ ရှိသလို လမ်းဘေးစာအုပ်ဆိုင်တွေဟာလည်း မရှိသလောက်နီးနီးကို ကွယ်ပျောက်နေခဲ့ပါပြီ။

ပြီးတော့ လူငယ်တွေ ဗဟုသုတနည်းလာတာကိုလည်း ဝမ်းနည်းစရာတွေ့မြင်နေရတယ်။ ဥပမာ The money drop myanmar အစီအစဉ်ကိုကြည့်ရင် သိနိုင်ပါတယ်။ (ဘယ်သူ့ကိုမှ ထိခိုက်စေလိုသော သဘောမရှိပါ။ အပြုသဘောမျှထောက်ပြခြင်းဖြစ်ပါတယ်။)

ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမေကိုတောင် မှန်အောင် မဖြေတတ်တော့သလို မြန်မာစာပေမှာ ရသဘယ်နှပါးရှိမှန်းလည်း သေချာမသိကြတော့ပါဘူး။ ဒါဟာ ကျွန်မတို့နိုင်ငံမှာ လူငယ်တွေ စာဖတ်အားနည်းလာတာကို မီးမောင်းထိုးပြနေတာပါပဲ။

ဒီနေ့ခေတ် မြန်မာလူငယ်အတော်များများဟာ လက်ဖက်ရည်ဆိုင်၊ ဂိမ်းဆိုင်၊ ရှိုးပွဲ စတဲ့ အမျိုးစုံတဲ့ ဖျော်ဖြေရေးတွေကြားမှာပဲ အချိန်ကို ကုန်ဆုံးနေကြတယ်။ စာကြည့်တိုက်မှာ စာအုပ်ထိုင်ဖတ်နေတဲ့ လူငယ်လေးတွေကို မတွေ့ရတော့သလောက်ပါပဲ။ ခေတ်မီတိုးတက်လာတဲ့ နည်းပညာနဲ့လူမှုကွန်ရက်တွေဆီက ဘေးထွက်ဆိုးကျိုးတချို့ရဲ့ အကျိုးသက်ရောက်မှုကလည်း တစ်ခန်းတစ်ကဏ္ဍ ပါဝင်နေတယ်လို့ဆိုရမှာပါ။

ဆရာကြီးပီမိုးနင်းက ပြောခဲ့ဖူးတယ်။ "လူကို စိတ်အုပ်ချုပ်တယ်။ စိတ်ကို ပညာအုပ်ချုပ်တယ်။ ပညာကို ဗဟုသုတအုပ်ချုပ်တယ်။ ဒါကြောင့် ဗဟုသုတများအောင် စာအုပ်မျိုးစုံကို ဖတ်ရှုကြပါ" တဲ့။

စာဖတ်ပါ ဆိုတဲ့အထဲမှာ ဖတ်ရုံနဲ့ပြီးသလားဆိုရင်လည်း မဟုတ်ပါဘူး။ ဖတ်ပြီးရင် မှတ်ရပါလိမ့်မယ်။ မှတ်ထားတဲ့အတိုင်းလည်း လိုက်နာကျင့်သုံးရပါလိမ့်မယ်။

"စာဖတ်ခြင်းနဲ့ အကျိုးကျေးဇူးရချင်ရင် တစ်နာရီမှာ ဆယ့်ငါးမိနစ် စာဖတ်ပြီး လေးဆယ့်ငါးမိနစ်ကဖတ်ထားတာတွေကိုပြန်သုံးသပ်ပါ"လို့ ရစ်ချက်လီဂါလီယံက ပြောခဲ့ဖူးပါတယ်။

သမ္မတအေဘရာဟင်လင်ကွန်းကတော့ သူ စာအုပ်အများကြီးကို မဖတ်ခဲ့ဖူးပါဘူးတဲ့။ ဒါပေမယ့် သူဖတ်မိသမျှစာအုပ်တိုင်းကိုတော့ စွဲစွဲမြဲမြဲစိမ့်ဝင်နေအောင် ဖတ်ခဲ့ပါသတဲ့။ ဒီစကားအတွက် သူ့ရဲ့ ကမ္ဘာကျော်မိန့်ခွန်းတွေက သက်သေပါပဲ။ ကမ္ဘာမှာ ထိပ်တန်းစာရင်းဝင်တဲ့ ခေါင်းဆောင်တော်တော်များများဟာ စာဖတ်သူတွေဖြစ်ကြတာ ငြင်းမရပါဘူး။

ဝေးဝေးမကြည့်ပါနဲ့။ ကျွန်မတို့နိုင်ငံရဲ့ မိခင်လို့တင်စားခေါ်ဝေါ်ကြတဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမေဒေါ်အောင်ဆန်းစုကြည်ဟာလည်း စာဖတ်နာသူတစ်ယောက်ပါပဲ။ နိုင်ငံတစ်နိုင်ငံဖွံ့ ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် အဲဒီနိုင်ငံကိုစီမံခန့်ခွဲအုပ်ချုပ်သူတွေဟာ မဖြစ်မနေ စာဖတ်ဖို့လိုပါတယ်။

ဒီနေ့ ဖွံ့ဖြိုးတိုးတက်ဆုံးနိုင်ငံလို့ ဆိုနိုင်လောက်တဲ့ အမေရိကန်နိုင်ငံကို အုပ်ချုပ်သူ သမ္မတတွေဟာလည်း စာဖတ်နာခဲ့သူတွေဖြစ်ကြတာ တွေ့ရပါလိမ့်မယ်။ အမေရိကန်နိုင်ငံထဲမှာ မြို့သေးသေးလေးတွေမှာတောင်မှ စာကြည့်တိုက်တွေ အမြောက်အမြားရှိပါသတဲ့။

အမေရိကန်က နာမည်ကျော် ကွန်ဂရက်စာကြည့်တိုက် (Library of Congress)ဟာဆိုရင် ၁၈၁၄ ခုနှစ် စစ်ပွဲကာလအတွင်းမှာ ဗြိတိသျှစစ်သားတွေရဲ့ ဖျက်ဆီးခြင်းကို ခံခဲ့ရပါတယ်။ ၁၈၁၅ ခုနှစ်မှာ အမေရိကန်သမ္မတ သောမတ်စ်ဂျက်ဖာဆင်(Thomas Jefferson)က ဖျက်ဆီးခံရတဲ့ စာအုပ်တွေအစား သူ့ရဲ့ကိုယ်ပိုင်စာအုပ် ၆၄၇၈ အုပ်ကို စာကြည့်တိုက်ဆီ အစားထိုးပေးခဲ့ပါသတဲ့။ ဒီလောက်ဆိုသူ့ရဲ့စာဖတ်အားကို ခန့်မှန်းမိလောက်မှာပါ။

ဒီလိုစာဖတ်ကျင့်တွေ ရစေဖို့ဆိုရင် ကျွန်မတို့ဟာ အောက်ခြေကလေးသူငယ်တွေဆီကနေ ပြန်ပြီးစတင်ရမှာပါ။ တကယ်လို့များ ကျွန်မသာ ဖန်တီးပိုင်ခွင့်ရှိသူဖြစ်ခဲ့မယ်ဆိုရင် ကျောင်းတိုင်းမှာ စာကြည့်တိုက်တစ်ခု မဖြစ်မနေရှိစေပြီး ကျောင်းအချိန်ဇယားတွေထဲမှာ စာဖတ်ချိန်ထည့်မယ်။ ပြီးရင် ကျောင်းသားတွေကို သူ့အရွယ်နဲ့သူသင့်တော်မယ့်စာမျိုးတွေ အတန်းအလိုက် ဖတ်စေမယ်။ စာဖတ်ပြီး သူတို့ဖတ်ထားတဲ့စာတွေကို အချင်းချင်းပဲဖြစ်ဖြစ်၊ ဆရာ ဆရာမတွေနဲ့ပဲဖြစ်ဖြစ် နားလည်သလို ပြန်လည်ဆွေးနွေးစေမယ်။

ဒီလိုအကျင့်လေးတွေ အတန်းတိုင်းလုပ်သွားရင် သူတို့လေးတွေ ကျောင်းပြီးလို့ ဘွဲ့ရလုပ်ငန်းခွင် ဝင်တဲ့အချိန်မှာ အတော်လေးကိုအထောက်အကူဖြစ်မယ်လို့ ထင်မိပါတယ်။ ဘဝလမ်းထဲကို စလျှောက်ဖို့အတွက် လိုအပ်တဲ့အခြေခံလေးတွေ ထိုက်သင့်သလောက် ရရှိနေမှာပါ။ ဒီလိုသာဆိုရင် အနာဂတ်တိုင်းပြည်မှာ အရည်အချင်းပြည့်မီတဲ့ လူငယ်လေးတွေအများကြီးပေါ်ထွက်လာမယ်လို့ ယုံကြည်မိပါတယ်။

ဒါ တကယ်ပြည့်စုံပြီလားဆိုတော့လည်း မဟုတ်သေးပါဘူး။ တကယ့်လက်တွေ့ထဲမှာ ပညာဆိုတာ ဘဝဆုံးတဲ့အထိ သင်ယူမှတ်သားလို့မကုန်နိုင်တဲ့အရာပါ။ဘဝဆိုတာ သင်မကုန်နိုင်တဲ့ အတန်းမဲ့ ကျောင်းတော်ကြီးပဲ။

ကျွန်မတို့အတန်းကျောင်းတွေထဲမှာ လစစ်၊ နှစ်စစ် စာမေးပွဲတွေရှိသလို ဘဝကျောင်းကြီးမှာလည်း စိတ်ဓာတ်ခံနိုင်ရည်တွေကိုစစ်တဲ့ အခက်ခဲဆုံးစာမေးပွဲတွေ မရေမတွက်နိုင်အောင် ရှိပါတယ်။

ပြဿနာဟာပုံစံမျိုးစုံနဲ့ ကျွန်မတို့ဆီ လာစစ်ပါလိမ့်မယ်။ အဲဒီစာမေးပွဲကို ကျွန်မတို့ဘယ်လို ဖြေမလဲဆိုတာ သိပ်အရေးကြီးပါတယ်။ အတန်းကျောင်းမှာ စာကျက်မှ ဖြေနိုင်သလို ဘဝကျောင်းမှာ ဖြေနိုင်ဖို့လည်း စာဖတ်ရပါလိမ့်မယ်။

စာဆိုတဲ့နေရာမှာလည်း သုတ ရသ အစုံဖတ်ပါ။ သုတက ဦးနှောက်ကိုဖွံ့ဖြိုးစေတဲ့ အာဟာရဖြစ်သလို ရသဟာလည်း နှလုံးသားကို ဖွံ့ဖြိုးစေတဲ့ အာဟာရပါ။ စာဖတ်နာလာတဲ့အခါ ဘယ်လိုစာမျိုးကို ရွေးဖတ်ရမလဲဆိုတာ အလိုလိုခွဲတတ်လာပါလိမ့်မယ်။

စာဖတ်ပါဆိုတိုင်းလည်း စာအုပ်တွေထဲမှာနေဖို့မဆိုလိုပါဘူး။ စာအုပ်ထဲကအတိုင်း အကုန်လိုက်လုပ်ရမယ် မဆိုလိုပါဘူး။ စာအုပ်ဆိုတာ စာရေးသူရဲ့အာဘော်ပါပဲ။ စာအုပ်တွေထဲမှာ ရေးသူရဲ့အတွေးအမြင်တွေလည်း အထိုက်အလျောက် လွှမ်းမိုးပါလိမ့်မယ်။ ကျွန်မတို့တွေက စာအုပ်ထဲက အချက်အလက်တွေထဲမှာ ကိုယ့်အတွက် အကျိုးရှိစေမယ့် လိုက်နာကျင့်သုံးသင့်တဲ့ အရာတွေကိုယူပြီး မကိုက်ညီတဲ့အရာတွေ ဖယ်ရပါလိမ့်မယ်။

စာဖတ်သူဟာ သူများထက် ခေါင်းတစ်လုံးပိုမြင့်တယ်လို့ ဆိုစကားရှိပါတယ်။ ဒါဟာ သူများကြည့်မမြင်နိုင်တဲ့ အရာတွေကို ဉာဏ်နဲ့ လှမ်းကြည့်လို့မြင်နိုင်တယ်လို့ ဆိုလိုတာပါ။ ပညာရှိများ တွေးကြည့်ရင် ပြေးကြည့်တာထက် မှန်တယ်ဆိုတဲ့ စကားလည်းရှိတယ်မဟုတ်လား။

စာပေအသိဉာဏ်ဟာ အလင်းရောင်နဲ့လည်းတူပါတယ်။ အလင်းရောင်မရှိတဲ့လမ်းပေါ်ကလူဟာ ဘယ်ကိုလျှောက်လို့ ဘယ်ကိုရောက်မယ် မသိနိုင်ဘဲအမှောင်ထဲမှာ မမြင်မစမ်းဖြစ်နေရမှာပါ။

စာမဖတ်တဲ့သူဟာ အိမ်တစ်လုံးထဲမှာ ကိုယ့်ကိုယ်ကို အလုံပိတ်ထားမိသူလိုပါပဲ။ အိမ်ရဲ့အပြင်ဘက်မှာ လှပတဲ့ ရှုခင်းတွေရှိတယ်။ တေးသီနေတဲ့ကျေးငှက်တွေရှိတယ်။ စိမ်းစိုနေတဲ့ သစ်ပင်ပန်းမန်နဲ့ မြက်ခင်းပြင်ကြီးတွေ ရှိတယ်။ ဒါပေမယ့် အဲဒါတွေကို တံခါးမဖွင့်ဘဲတော့ မြင်တွေ့ခွင့်မရနိုင်ပါဘူး။။ ကိုယ်တိုင်တံခါးဖွင့်ကြည့်မှ ဒီအရာတွေကို မြင်တွေ့ခံစားခွင့်ရမှာပါ။

အဲဒီလိုပဲ။ ကျွန်မတို့တွေ မရောက်ဖူးတဲ့နေရာဒေသတွေအကြောင်း၊ ကျွန်မတို့ မသိမမီခဲ့တဲ့ ရာဇဝင်သမိုင်းတွေအကြောင်း၊ ကျွန်မတို့ အတန်းကျောင်းတွေမှာ မသင်ကြားခဲ့ရတဲ့ တခြားသော ပညာရပ်တွေအကြောင်းကို စာအုပ်တံခါးတွေဖွင့်ပြီး ကျွန်မတို့ သိမြင်ခံစားလို့ရနိုင်တယ်။ လေ့လာမှတ်သားလို့ရနိုင်တယ်။

ကျွန်မတို့တွေရဲ့ အပြင်ဘက်က ကမ္ဘာကြီးကို စာအုပ်ထဲကတစ်ဆင့် အလည်သွားလို့ရတယ်။ စာအုပ်တွေဟာ ကျွန်မတို့အတွက် တံခါးချပ်ပဲ။ အိမ်အပြင်လောကရဲ့ ရှုခင်းတွေကို တံခါးဖွင့်ကြည့်ကြသလိုမျိုး စာအုပ်တံခါးတွေကိုဖွင့်ပြီး မတူညီတဲ့ ရင်သပ်ရှုမောဖွယ်ကမ္ဘာကြီးကို ကျွန်မတို့ ကြည့်ကြမယ်။ မသိမမီခဲ့တဲ့ အတိတ်ကာလကိုလည်း အလည်သွားကြမယ်။ ကျွန်မတို့ရဲ့ဦးနှောက်တွေကိုလည်း စာပေအလင်းရောင်နဲ့ ပိုပြီးတောက်ပစေမယ်။

စာအုပ်တွေရှိရက်နဲ့ မဖတ်တဲ့သူဟာ တံခါးရှိရက် မဖွင့်တဲ့ သူနဲ့တူတယ်။ အိမ်တံခါးကိုမဖွင့်ရင် ဘာအလင်းရောင်မှ မရဘဲ အမှောင်ထဲမှာ စမ်းတဝါးဝါးဖြစ်နေလိမ့်မယ်။ ဒါကြောင့် ဖွင့်ပါ။ အိမ်တံခါးတွေကိုအကုန်ဖွင့်ပြီး အလင်းရောင်နဲ့အတူ ပိုမိုကျယ်ပြန့်တဲ့ အပြင်လောကကို မက်မက်မောမောကြည့်ပါ။ ဖွင့်ပါ။ စာအုပ်တံခါးတွေကို ဖွင့်ဖတ်ပြီး ပိုတောက်ပလာမယ့် ဉာဏ်အလင်းတွေနဲ့ပိုမိုမြင့်မားတဲ့ အနာဂတ်တွေဆီကို အရောက်သွားကြရအောင်ပါလို့ ရေးသားတိုက်တွန်းလိုက်ရပါတယ်။

■

## တန်ဆောင်တိုင်ည

ဟိုရှေ့က ဆူဆူညံ
ဘာသံလို့မေး
မေးပါနဲ့အေ
ရက်ကန်းစင် ဂျောင်ဂျင်မှတ်တယ်
လက်ခတ်သံလေး။
စင်မြင့်က ဆိုင်းဆရာ
မြိုင်ပါတဲ့တေး
လက်ခတ်သူ ပျိုတစ်သင်း
မာန်တင်းဖို့လေး။
မြတ်ပါတဲ့လှူစရာ၊ ဘယ်ဟာလဲတွေး
တန်ဆောင်မုန်းကွဲ့ လပြည့်မှာ
သက်န်းပါလေး။
မီးပုံးကြီး လွှတ်တင်ပြန်၊ ဆူညံလှသေး
တန်ဆောင်တိုင် မြိုင်ဆိုင်လွန်းတယ်
မီးထွန်းစို့လေး။
ကျိုးမနိုးပွဲ တူနွဲပျော်
လူငယ်ဖော် မှောင်ရိပ်ခင်းက
ကြက်ဟင်းနဲ့ ဘူးသီးချို၊ လွေးတော့မယ်ဆို
ကာလသားလူပျို၊ အပျော်ပိုတေးဝေးဟေး။
လတန်ဆောင် စုံနက္ခတ်
မှတ်ကြတဲ့ ရေးအစဉ်ရယ်
မဲဇလီ ခဝဲမကျန်ပါ
စိတ်ရည်သန် ချက်သုပ်စားတယ်
ချဉ်ခါးမှ ဆေးပေါင်းခသေး။

မေတ္တာမိုးနှင်း(ပဲခူး)

## စာပေတန်ဖိုး

စာအုပ် စာပေ လူ့မိတ်ဆွေ
စာဖတ်ကြမယ်လေ။
စာရိတ္တတွေ မြင့်မားဖို့
စာကြည့်တိုက်သွားစို့။
မောင်တို့မယ်တို့ စိတ်ကိုသင်
သုတ ရသ စုံစုံလင်။
အတွေးအမြင် ကောင်းပါမှ
လောက လူ့ရွာလှ။
နောင်ရေးဘဝ စိတ်အေးအောင်
ဉာဏ်ဖွင့် ဆွေးနွေးဆောင်။
အမှောင်ခွင်းတဲ့ နှလုံးသား
ပညာ့အလင်းအား။

ရိုးတံ(ပုလဲနယ်)

## ကထိန်ပွဲ

သဒ္ဓါတရားပွားများကာ
ဘုန်းကြီးကျောင်းကိုသွားကြပါ
ကုသိုလ်များများရကြဖို့
ကထိန်သင်္ကန်းကပ်လှူစို့။
တောရွာမြို့ပြ နေရာမကျန်
ပြင်ကြဆင်ကြ အချိန်မှန်
တန်ဆောင်မုန်းလ ကထိန်ပွဲ
ချမ်းမြေ့စွာဆင်နွှဲ။
သီချင်းသံများစီစီညံ
လမ်းကြိုလမ်းကြား အလှူခံ
ရပ်ကွက်လူကြီးသူမများ
တစ်အိမ်ဆင်းတစ်အိမ်တက် သူတို့သွား။
ကလေးငယ်များသိကြစေ
မြန်မာ့ရိုးရာပွဲကိုလေ
မြန်ပြည်တစ်ခွင်ခြိမ့်ခြိမ့်သဲ
ငါတို့ကထိန်ပွဲ။

လွမ်းရိပ်ဝေ( TU-မုံရွာ)

ဝတ္ထုတို

# မေတ္တာတို့ ပွဲ့တည်ရာ

ရိုးရာ(မကန)



ရေတစ်တန်၊ ကုန်းတစ်တန်ဖြင့် သည်အရပ်၊ သည်ဒေသသို့ ကျွန်မရောက်ရှိလိမ့်မည်ဟု မမျှော်လင့်ခဲ့ရိုး အမှန်ပါ။ ကျောင်းဆရာမဘဝကို ကျွန်မ မနှစ်သက်ခဲ့၍ ဆယ်တန်းအောင်သည့်တိုင် ဥပဒေဘာသာရပ်ကိုယူခဲ့သည်။ ကျောင်းဆရာမအဖြစ် ကျွန်မကိုယ်ကျွန်မ လားလားမှမတွေးမိ။ ယခု ဖခင်၏ဆန္ဒကို မလွန်ဆန်ချင်၍သာ သည်ခရီးကို ကျွန်မဆန္ဒမပါဘဲ မူလတန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်ရန် လာခဲ့ရခြင်းဖြစ်သည်။ ခရီးအဆင့်ဆင့် တောင်ပေါ်ဒေသကိုရောက်လာခဲ့သည်ဆိုပေမယ့် ဤရွာလေးမှာ ကျွန်မနေထိုင်ရာမြို့နှင့် သိပ်ပြီးဝေးကွာလှသည် မဟုတ်ပေ။ ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့နှင့် အလှမ်းဝေးကွာလှသည် မဟုတ်သော်လည်း ဤရွာလေး၏ လူနေမှုအဆင့်အတန်းသည် တိုးတက်နေပြီဖြစ်သော ခေတ်စနစ်အရ အစစအရာရာ ခေတ်နောက်ကျနေသည်ကို ကျွန်မစိတ်မကောင်းစွာမြင်လိုက်ရသည်။ သည်မိုင်းနားကျေးရွာလေးသည် မြစ်ကြီးနား-ဝိုင်းမော်-မန္တလေးကားလမ်းဘေးတွင်ရှိသော ရွာလေးဖြစ်သည်။ ယခု ကျွန်မတစ်ကိုယ်တည်း ဤရွာကလေးသို့ ရောက်ရှိခဲ့လေပြီ။

ခရီးမထွက်ခင် အဖေနှင့်စကားတွေအများကြီး ပြောခဲ့သည်။ အဖေ၏စကားများသည် နားထဲ၌ ကောင်းကောင်းမှတ်မိ၍နေသည်။ အိမ်သို့ရုံးစာရောက်သည်အထိ ဤခရီးကို ကျွန်မစိတ်မပါခဲ့ပေ။ အဖေ့ဆန္ဒအတွက် အဖေစိတ်ချမ်းသာစေရန် လေးပင်စွာ ခရီးထွက်ခဲ့ရခြင်းဖြစ်သည်။ အခုလို ကျေးလက်ဒေသတွင် မူလတန်းပြဆရာမအဖြစ် အလုပ်လုပ်ရန် နည်းနည်းမှစိတ်မကူးခဲ့။ အိပ်မက်ပင် မမက်ဖူးခဲ့ပေ။

"ဆရာမအလုပ်ဆိုတာ မိန်းကလေးတွေနဲ့ အသင့်တော်ဆုံးပဲ သမီး၊ ဂုဏ်လည်းရှိတယ်။ ကုသိုလ်လည်းရတယ်ကွဲ့။"

"မရှိတော့တဲ့ သမီးမေမေဟာလည်း ကျောင်းဆရာမလေးပဲဆိုတာ သမီးသိပါတယ်။ သမီးမေမေဟာ သူ့ဘဝကိုသူ အမြဲဂုဏ်ယူနေလေ့ရှိတယ် သမီးရဲ့။"

"သမီးအတွက် အဖေစိတ်ချနေချင်တယ် သမီး။"

"ဒီအလုပ်ကို သမီးစိတ်မပါလို့သိမ်ငယ်ရတယ်ထင်ပေမယ့် ဆရာမအလုပ်ရဲ့ ဂုဏ်ယူစရာတွေကို တစ်နေ့သမီးသိလာမှာပါ"

အဖေ့စကားသံအဆုံး တိတ်ဆိတ်မှုက နေရာယူသွားခဲ့သည်။ ကျွန်မတွင် ပြန်ပြောဖို့အားမရှိ။ ငြင်းဆန်ဖို့အားမရှိ။ အဖေသည် အရင်လိုအလုပ်မလုပ်နိုင်တော့မှန်း ကျွန်မသိသည်။ အသက်(၆၀)နား ကပ်နေပြီဖြစ်သော အဖေ့ကိုလည်း အေးအေးဆေးဆေး နားစေချင်သည်။ မဟာဘွဲ့ဆက်တက်လျှင် ကျွန်မကျောင်းစရိတ်အတွက် ခက်ခဲပေလိမ့်မည်။ မွေးချင်းမောင်နှမမရှိသည့် ကျွန်မအတွက် အားကိုးရာသည် အဖေပင်ဖြစ်သည်။ ထို့နည်းတူ အဖေ၏အားကိုးရာသည်လည်း ကျွန်မတစ်ဦးတည်းသာ ရှိမည်ထင်သည်။ အသက်အရွယ်ရလာပြီဖြစ်သည့် အဖေ့ကို ကျွန်မတစ်လှည့် ကျေးဇူးဆပ်ရန်သာ ကျန်တော့သည်။

"ဆရာမလေးဝေဇင်နွယ် တာဝန်ကျတဲ့ကျောင်းက လ(ခွဲ)မလန်းယန်ပါ။ မလန်းယန်ရွာမှာပါ"

"ဟုတ်ကဲ့"

"တစ်လောကဖြစ်သွားတဲ့စစ်ဒဏ်ကြောင့် မလန်းယန်ကျေးရွာအပြင် ရွာတော်တော်များများ ပျက်စီးသွားတယ် ဆရာမလေး"

"အို"

"ဒါပေမယ့် ဘာမှအားမငယ်ပါနဲ့ဆရာမ. .။ ဆရာမတာဝန်ကျတဲ့ လ(ခွဲ) မလန်းယန်ကျောင်းဟာ မိုင်းနားကျေးရွာ အမကကျောင်းမှာ စစ်ရှောင်ကျောင်းအနေနဲ့ တွဲဖွင့်ထားပါတယ်"။

ထိုအခါမှသာ ကျွန်မသက်ပြင်းချနိုင်တော့သည်။

"အခြေခံပညာ မူလတန်းကျောင်း၊ မိုင်းနားကျေးရွာ၊ ဝိုင်းမော်မြို့နယ်"

ကျွန်မသည် ကျောင်းဆိုင်းဘုတ်ကို မော်ကြည့်ကာ အဖြေရှာနေမိသည်။ ကျွန်မတာဝန်ကျသည့် ကျောင်းသည် ဤကျောင်းတွင် စစ်ရှောင်တွဲကျောင်းဖွင့်ထားသည်ဆို၏။ ဆိုင်းဘုတ်မရှိသည့် ကျွန်မကျောင်းလေးအတွက် ပထမဆုံး စိတ်မကောင်းဖြစ်မိသည်။

"အားရှောင်က ဒီကျောင်းကိုတာဝန်ကျလာတဲ့ ဆရာမအသစ်ထင်တယ်"

အသံဝဲဝဲလေးနှင့် ကျွန်မထက်ငယ်သည့် ဆရာမလေးတစ်ယောက်က ကျောင်းပေါက်ဝမှာလာမေးမှ အတွေးတွေရပ်မိတော့သည်။

"ဟုတ်ကဲ့ ဒီကျောင်းကို တာဝန်ကျတဲ့ ဆရာမပါ။ နာမည်က အားရှောင်မဟုတ်ပါဘူး၊ ဝေဇင်နွယ်ပါ"

"အားရှောင်ဆိုတာ ကချင်လိုအစ်မလို့ခေါ်တာပါ ဆရာမ"ဟု ပြုံးပြုံးလေး ပြောပြတော့မှ ကျွန်မအောချမိတော့သည်။

"ဆရာမကို ကျောင်းအုပ်ဆရာမကြီးဆီ လိုက်ပို့ပေးပါ့မယ်။ ဆရာမကြီးတောင် ဆရာမကို မျှော်နေတာ"

"ညီမတို့ကျောင်းက ဟိုဘက်ကကျောင်းပါ။ ဒီဘက်ကကျောင်းက ဒီရွာခံကျောင်းလေ"

သူပြရာ လိုက်ကြည့်မိလိုက်သည်။

"ညီမတို့ကျောင်းက ကျောင်းသားများတယ်။ တွဲကျောင်းမို့ ရွာစုံက ကလေးတွေ ဒီကျောင်းမှာပဲစုတာလေ။ အဲဒါကြောင့် ဆရာမအင်အားလည်း လိုအပ်တယ်ဆရာမ. ."

"ဩော်. . ."

စကားတပြောပြောနှင့် ကျောင်းအုပ်ရုံးခန်းရှေ့ရပ်မိလိုက်သည်။ ကချင်သံဝဲဝဲလေးနှင့် မြန်မာစာဖတ်သံများကို ကြားနေရသည်။

"ဝင်ပါဆရာမ. . အထဲမှာ ကျောင်းအုပ်ဆရာမကြီးရှိပါတယ်"

"ဆရာမကြီး ဆရာမ အသစ်ရောက်ပြီ"

"လာ ဆရာမ"

"ကျွန်မနာမည် ဝေဇင်နွယ်ပါဆရာမကြီး"ဟု စတင်မိတ်ဆက်လိုက်သည်။

"ဆရာမကြီးနာမည်က ဒေါ်လဖိုင်နန်ဒွဲပါ။ ခုလိုရောက်လာတဲ့အတွက် ဝမ်းသာပါတယ် ဆရာမ"ဟုဆိုကာ လက်ကမ်းပေးသည်ကို မြင်ရ၍ အလျင်အမြန်လက်ဆွဲနှုတ်ဆက်လိုက်ရသည်။ နောက်မှ သိရသည်မှာ လက်ဆွဲနှုတ်ဆက်တာဟာ သူတို့ကချင်တိုင်းရင်းသားတွေ၏ ယဉ်ကျေးမှုဖြစ်သည်ပင်။

ဆရာမကြီးက ကျွန်မကို ဒုတိယတန်း အတန်းပိုင်ခန့်သည်။ 'က' စာရင်းစာအုပ်တွင် ကျောင်းသားငါးဆယ်စာရင်းသွင်းထားသည်။ နာမည်များသည် တိုင်းရင်းသားနာမည်တွေမို့ ခေါ်ရတာခက်သည်။ ထောက်သည်ဟုထင်သည်။ ကလေးအားလုံး ကချင်စကားသာ အပြောများကြသည်။ ဗမာစကား အသုံးနည်းသည်ကို တွေ့ရသည်။ နံနက်ပိုင်း ကျောင်းတက်ချိန်တွင် ကျွန်မက 'မင်္ဂလာပါ'ဟု နှုတ်ဆက်လျှင် 'မင်္ဂလာပါ'ဟုအသံဝဲဝဲဖြင့် နှုတ်ဆက်ကြ၍ ကျေနပ်လိုက်မိသည်။

'ပူအိုက်သည်' ကို 'ပုအိုင်သည်။' 'ပစ္စည်း' ကို 'ပတ်စီး' 'အမျိုးအစား'ကို 'အမျိုအစ'။ များစွာသော အသံမပီသမှုတွေကို တွေ့ရသည်။ တစ်ခန်းလုံး မြန်မာစာကို အဆင်ပြေအောင်ဖတ်နိုင်သည်မှာ ငါးယောက်ပင်မပြည့်။ သူတို့အား စာသင်ဖို့ ဘေးတွင်ဗမာစကားသဘောပေါက်သည့် ကလေးအား စကားပြန်အဖြစ်ခေါ်ထားရသည်။ စာတစ်လုံးကို အရင်ဆုံး ကချင်ဘာသာဖြင့် အသံထွက်ကြသည်။ နောက်မှ ဗမာလိုသင်ရသည်။ အဆင့်ဆင့် သင်ကြားသော်လည်း လွယ်လွယ်နှင့် နားမလည်နိုင်ကြ။ ကျွန်မစေတနာထားသင်သော်လည်း ဆော့နေသူများက ဆော့နေကြသည်။ စကားပြောနေသူများက ပြောနေကြသည်။ အော်ငေါက်လိုက်သော်လည်း မကြောက်ကြ။ ကျွန်မစကားကို နားမလည်သလို နားမထောင်သည့်အတွက် ဝမ်းနည်းပြီး ငိုမိသည်။ ကျွန်မငိုသည်ကိုတွေ့မှ တစ်တန်းလုံး ငြိမ်သွားတော့သည်။

ကျောင်းတက်ရက်တိုင်း အတန်းတွင် ကျောင်းသားကမပြည့်။ တက်တစ်ဝက်၊ ပျက်တစ်ဝက်၊ ကျွန်မ ဘဝင်မကျလှပေ။ ဒီလိုသာရှေ့ဆက်ရင်ဟု အတွေးရောက်သည်နှင့် ကလေးတွေအတွက် ရင်မောသွားမိသည်။ သို့နှင့် ကျွန်မဆုံးဖြတ်ချက် ခိုင်မာစွာချလိုက်သည်။ ကလေးများ ကျောင်းနေပျော်ရမည်သာမက စာလည်းတော်ရမည်။ ထို့ကြောင့် ကျောင်းအုပ်ဆရာမကြီးနှင့် တိုင်ပင်၍ မြန်မာစကားပြောတတ်သည့် တပည့်မလေးကိုခေါ်ကာ ကလေးများနေသည့် စစ်ရှောင်စခန်းသို့လိုက်သွားခဲ့သည်။ ထိုသို့ရောက်သောအခါ သူတို့လေးတွေ၏ ဘဝဖြတ်သန်းပုံများနှင့် ခက်ခဲမှုတွေကို ကျွန်မမျက်ဝါးထင်ထင်မြင်လိုက်ရသည်။ စစ်ရှောင်စခန်းတွင် ကလေး၊ လူကြီး စုစုပေါင်း ထောင်ချီနေထိုင်ကာ လူနေထူထပ်မှုကြောင့် အခန်းလေးတွေ၊ မြေစိုက်တဲလေးတွေနှင့် နေထိုင်နေရသည်ကို စိတ်မချမ်းမြေ့ဖွယ် တွေ့လိုက်ရသည်။ ကလေးတော်တော်များများသည် မိဘမရှိသည့် မိဘမဲ့များဖြစ်သည်။ တချို့မိဘများမှာ မြို့တက်အလုပ်လုပ်သည်ရှိ၍ ကလေးများသည် အဘိုးအဘွား၊ အဒေါ်များ၏ အုပ်ထိန်းမှုနှင့် နေကြရသည်ကို တွေ့ရသည်။ အမြဲညစ်ထေးနေသည့်၊ သန့်ရှင်းမှုကင်းမဲ့နေသည့် ကလေးများ၏ဘဝကို ယခုမှပင် ကျွန်မကိုယ်ချင်းစာမိတော့သည်။ အလုပ်စဝင်သည့်နေ့က တစ်ကိုယ်ကောင်းဆန်ဆန် စစ်သည်ကျွန်မနှင့်မဆိုင်ဟု တွေးမိသည့်အဖြစ်ကိုတွေးကာ ကျွန်မကိုယ်ကျွန်မ အလွန်ရှက်မိသည်။ တစ်ကိုယ်ကောင်းဆန်မှုတို့သည် ကြက်ပျောက် ငှက်ပျောက်ပင်။ စစ်၏ရိုက်ခတ်မှုဒဏ်ကို ခံခဲ့ရသည့် ရွာသူ ရွာသားများနှင့် ကလေးသူငယ်များ၏အဖြစ်ကို ကြည့်ကာ ကရုဏာသက်မိတော့သည်။ စစ်ကိုပင် မုန်းမိတော့သည်။ စိတ်မကောင်းဖြစ်ကာ အတတ်နိုင်ဆုံး ကျောင်းမှန်မှန်တက်ခိုင်းရန် လူကြီးများ၊ အဘိုး အဘွား မိဘများကို မေတ္တာရပ်ခံခဲ့ရသည်။

ဆရာမလာသည်ဆို၍ စစ်ဘေးရှောင်ရှိလူများ ကျွန်မကို အံ့ဩကာ ကြည့်နေကြသည်။ ကလေးများကိုလည်း ကျောင်းမှန်မှန်တက်ရန် ကျွန်မစည်းရုံးသည်။ ကျောင်းပျက်သည့် ကလေးများ နည်းလာသည်။ အတန်းထဲတွင် ကျောင်းသားစုံသလောက်ရှိလာသည်။ ကျွန်မသည်လည်း ကလေးများ၏ဘဝကို စာနာတတ်လာသည်။ ကျွန်မသည် ကလေးမိဘများနှင့်တွေ့ကာ ကလေးတွေအခြေအနေအား ရှင်းပြသည်။ ကလေးများအား ကျောင်းမပျက်စေရန် တိုက်တွန်းမိသည်။ ထိုသို့ ကျွန်မမိဘများနှင့် တွေ့ဆုံကြိမ်များလာသည့်အတွက် မိဘများနှင့် ရင်းနှီးလာသည်။ ကလေးမိဘများ၏လေးစားခြင်းကိုခံရလေ၊ ကျောင်းဆရာမဂုဏ်ကို ကျေနပ်လေဖြစ်လာသည်။

ယခင်က မြန်မာစာသင်ရသော အချိန်များသည် စိတ်ပျက်အားငယ်ရသောအချိန်များ ဖြစ်ခဲ့သော်လည်း ယခုစိတ်မပျက်တော့။ သင်ကြားနည်းများကို ကျွန်မပြောင်းလိုက်သည်။ သင်ထောက်ကူရုပ်ပုံများသုံးကာ ရှင်းပြတတ်လာသည်။ ကလေးများစိတ်ဝင်စားအောင် ဆွဲခေါ်သင်ကြားတတ်လာသည်။ သူတို့လေးတွေ၏ စိတ်ဝင်စားမှုကို ကျွန်မနားလည်လာသည်။ ကလေးများနှင့်ကျွန်မကြား သင်ကြားသင်ယူမှု အားကောင်းလာခဲ့သည်။ သူတို့က ကချင်လိုပြော၊ ကျွန်မက မြန်မာလိုပြော၊ အချင်းချင်းရှင်းပြရင်း တဝါးဝါး တဟားဟားဖြင့် စာသင်ချိန်များသည် စိတ်ဝင်စားစရာကောင်းသလို ပျော်စရာကောင်းသည့် စာသင်ခန်းလေးဖြစ်လာသည်။ ကျောင်းပိတ်ရက်များတွင် ကချင်ဘာသာစကားကို ကျွန်မနှင့်အတူနေသော ကချင်ဆရာမလေးဆီမှ သင်သည်။ ကျွန်မတတ်သော စကားများကို သူတို့ရှေ့၌ တစ်ခါတစ်ခါပြန်ပြီး အသုံးချသည်။

"လိုင်ကာထီးတော် (စာကျက်ပါ)၊"လိုင်ကာ ကာအိုင်" (စာရေးပါ)၊ "ထီးငွတ်ဆိုင်အီး" (စာကျက်ပြီးပြီလား)

တစ်လုံးစ နှစ်လုံးစ မှတ်မိသမျှ ကချင်လိုပြောလိုက်လျှင် သူတို့လေးတွေ အံ့ဩနေကြသည်။

"ဂျိန်ဖော်ဂါကျယ်အီး" (ဆရာမ စကားပြောတတ်တာလား)တဲ့။ "ကျယ်နာအီး" (ကချင်စကား နားလည်လား)တဲ့။

သည်လောက်တော့ ကျွန်မသိနေပြီလေ။ သူတို့၏ အလုအယက်အမေးကို ကျွန်မပြုံး၍ ခေါင်းညိတ်လိုက်သည်ကိုမြင်လျှင် သူတို့ပြုံးရွှင်ကျေနပ်သွားကြသည်။

"အဝ ဂဂျာအီး"

သီတင်းကျွတ်ကျောင်းပိတ်ရက် ရောက်ပြီဖြစ်၍ အိမ်ကိုရောက်ရောက်ချင်း အဖေ့အားနှုတ်ဆက်လိုက်သည်။ အဖေကြောင်တောင်တောင်နှင့် ပြုံးကြည့်ကာ ပြန်မေးနေသည်။

"သမီး အဖေ့ကိုဘာပြောလိုက်တာလဲ"

"ကချင်လို အဖေနေကောင်းလား။ အဆင်ပြေလားမေးတာပါအဖေရဲ့"

"ဩော် . . . ငါ့သမီးလေးတောင် ကချင်စကားတွေပြောတတ်နေပါလား"

"ရောမရောက် ရောမလိုကျင့်တာပေါ့ အဖေရဲ့. . ဟိ"

အဖေ့အား နောက်လိုက်ကာ ကျွန်မ၏အတွေ့အကြုံများကို မမောနိုင် မပန်းနိုင် ဖောက်သည်ချလိုက်တော့သည်။

"ကဲ ဘယ်လိုလဲသမီး ကျောင်းဆရာမလုပ်ရတာ ပျော်နေပြီလားကွဲ့"

"မပျော်ပါဘူး အဖေရယ်" ကျွန်မညိုးငယ်စွာ ဖြေလိုက်သည်ကို အဖေအံ့ဩသွားဟန်တူသည်။

"ဟေ"ဟု ဆိုကာ ကျွန်မအား မျက်လုံးပြူးကာ ကြည့်နေသည်။

"ဟဲဟဲ သမီးက အဖေ့ကို နောက်တာပါ။ ကျောင်းဆရာမဘဝကို ပျော်တယ်ဆိုတာထက် ဂုဏ်ယူကျေနပ်တာပါ . . အဖေ. ."

"တယ် ဒီကလေးမ အဖေကို နောက်နေသေးတယ်" ဟုဆိုကာ အဖေ့မျက်နှာတစ်ခုလုံး ပီတိတွေဖြင့် ဝေနေသည်။

"အဖေပြောဖူးသလိုပဲ ကျောင်းဆရာမအလုပ်က မိန်းကလေးတွေနဲ့ သင့်လျော်တယ်၊ ဂုဏ်လည်းရှိ၊ ကုသိုလ်လည်းရတယ်ဆိုတာ သမီးလက်ခံပါပြီ အဖေ. .။ သမီး ဆရာမကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါ့မယ်လို့ အဖေ့ကိုကတိပေးပါတယ်"

"ငါ့သမီးတော့ ဆေးမိသွားပြီဟေ့" ဟုဆိုကာ အဖေပြုံးနေတော့သည်။

"ငါ့သမီးကို ခုလိုမြင်ရတာ သွားနှင့်ပြီဖြစ်တဲ့ သမီးအမေကိုတောင် သတိရမိတယ်။ သူသာ သူ့သမီးကိုမြင်ရင် ကျေနပ်မဆုံး ဖြစ်နေမှာအမှန်ပဲ"ဟု ရီဝေစွာဖြင့် အဖေပြောနေသည်။

"အဖေ အမေတို့သမီးဖြစ်ရတာ သမီး ဂုဏ်ယူမဆုံးပါဘူး အဖေရယ်"ဟုဆိုကာ သားအဖနှစ်ယောက် ဝမ်းနည်းမှုကြီးကို လက်စသတ်လိုက်ကြသည်။

"သမီးပြန်ရင် သမီးတို့ရွာကို အဖေလိုက်ခဲ့ရမယ်နော်။ ခုတော့ သမီးရဲ့လုပ်အားခလေးနဲ့ အဖေ့ကို ကန်တော့ပါရစေ"

"အေးကွဲ့ သာဓု သာဓု သာဓု။ ငါ့သမီးလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ နိုင်ငံ့သားကောင်း သမီးကောင်းတွေကို မွေးထုတ်ပေးနိုင်တဲ့ ဥယျာဉ်မှူးကောင်းဖြစ်ပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ရပါစေ အဖေ"

အဖေ၏ ဆုပေးသံအား ကျေနပ်စွာခံယူလျက် အဖေ့အား ရိုသေစွာကန်တော့လိုက်တော့သည်။

aqmifyg;

# မေတ္တာအစစ်နဲ့တကယ်ချစ်ပါမှ

## ရေတော်သား

တစ်ဦးကိုတစ်ဦး ချစ်ခင်ကြခြင်းဟာ မင်္ဂလာတစ်ပါးပါ။ သို့ပေမယ့် အဲ့ဒီချစ်ခြင်းတွေမှာ အပြစ်ကင်းစင်ကြဖို့၊ မေတ္တာအစစ်တွေနဲ့ ချစ်ခင်တတ်ကြဖို့ လိုပါလိမ့်မယ်။ သူတစ်ထူး၏အကျိုးကျေးဇူးကို လိုလားစွာချစ်တတ်ခြင်းသဘောရှိပြီး ဗြဟ္မစိုရ်တရားလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော မေတ္တာတရားဟာ ထေရဝါဒဗုဒ္ဓသာသနာထွန်းကားတဲ့ ကျွန်တော်တို့မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေနဲ့တော့မစိမ်းပါဘူး။ ကျွန်တော်တို့ အမိမြန်မာနိုင်ငံသားတိုင်းရဲ့ အိမ်ဦးခန်းတိုင်းလိုလိုဟာ အရုဏ်ဦးအလင်းရောင်တွေနဲ့အတူ မေတ္တာပို့သပြီး နေ့သစ်ကို ဖွင့်လှစ်တတ်ခဲ့ကြပါတယ်။ နေရောင်ကွယ်ပျောက်လို့ ညအမှောင်ရောက်ပြန်ရင်လည်း သုံးဆယ့်တစ်ပုံမှ ဘဝအစုံစုံကို မေတ္တာပို့သအမျှဝေပြီးမှ အိပ်စက်အနားယူလေ့ရှိခဲ့ကြပါတယ်။ ပြောင်းလဲလာတဲ့ ခေတ်ရေစီးကြောင်းအောက်မှာ ဘာသာရေးအသိတရားတွေ တဖြည်းဖြည်းအားနည်းလာပြီး မေတ္တာဆိုတဲ့ တရားဟာ မြန်မာနိုင်ငံသားတို့ရဲ့ နှလုံးစိတ်ဝမ်းမှာ ခန်းခြောက်စပြုလာနေခဲ့ပါပြီ။

အရင်းနှီးဆုံးသူတွေဖြစ်တဲ့ လင်နဲ့မယားကြားမှာလည်း အတ္တတွေကိုယ်စီ ရှေ့တန်းတင်ကြရင်း အကွဲအပြဲဇာတ်လမ်းတွေဟာ နေ့စဉ်နဲ့အမျှ ကြားသိနေရသလို ဆရာနဲ့တပည့်ကြားမှာလည်း အသပြာမွေ့နှောက်လိုက်တော့ ဆရာတချို့ငွေနောက်လိုက်ရင်း တပည့်များကို ပြန်ကြောက်နေရတဲ့ ခေတ်ကိုရောက်နေပါပြီ။ အခုခေတ် တပည့်များကလည်း ဆရာများကို ရိုသေလေးစားကြရမယ့်အစား ငွေပေးခိုင်းထားတဲ့ အလုပ်သမားလောက်ပဲ အသိမှတ်ပြုလာတာတွေလည်း မြင်တွေ့နေရပါတယ်။ အဆိုးဆုံးနဲ့ မရိုးဆုံးသောမိဘနဲ့ သားသမီးတွေကြားက ပြဿနာတွေဟာလည်း ပိုမိုဆိုးရွားသထက် ဆိုးရွားလာနေပါပြီ။ မိဘတွေဟာ သားသမီးတွေကို ကောင်းစားစေချင်လွန်းကြတဲ့ မေတ္တာတရားနောက်မှာ အတ္တတွေထည့်ပြီး ပြောဆိုဆုံးမလာကြသလို သားသမီးတွေကလည်း မိမိဆန္ဒနောက်မှာ မာနကလေးတွေ ပေါင်းလိုက်ကြတော့ သားသမီးနဲ့မိဘ၊ မိဘနဲ့သားသမီး မခေါ်နိုင်၊ မပြောနိုင်တွေဖြစ်လာပြီး မေတ္တာတွေအရောင်မှိန်ကာ မိသားစုတွင်းမှာ နှောင်ချိမ်ချပွဲတွေလည်း တစ်နေ့တခြား တိုးပွားလာကြတာဟာလည်း ပြောမဆုံးနိုင်တဲ့ ဇာတ်လမ်းတွေပါပဲ။ ဒါတွေဟာ ရောထွေးယှက်နွှယ်လာတဲ့ ယဉ်ကျေးမှုတွေနောက်ကို အပြေးအလွှားလိုက်ကြပြီး မိမိရိုးရာယဉ်ကျေးမှုအမွေတွေနဲ့ မိမိတို့ရဲ့ ဘာသာတရားကို မေ့ဖျောက်ထားကြခြင်းရဲ့ဆိုးကျိုးတွေပဲဖြစ်ပါတယ်။

ခေတ်စနစ်တွေကြောင့် ကျပ်တည်းလာတဲ့ စားဝတ်နေရေးဆိုတဲ့ခေါင်းစဉ်ကြီးအောက်မှာ ရုန်းကြကန်ကြရင်း မိမိရပ်တည်နိုင်ရေးအတွက် ဦးစားပေးလွန်းတဲ့ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ စိတ်ထားနဲ့လူအများလည်း အမိမြန်မာနိုင်ငံတစ်လွှားမှာ ပေါများလာခဲ့ပါတယ်။ တစ်ဦးချင်း တစ်ယောက်ချင်းစီတိုင်းရဲ့ အတ္တတွေ၊ မာနတွေ ထောင်လွှားလာတာနဲ့အမျှ ကျွန်တော်တို့နိုင်ငံကြီးလည်း ပြာပုံထဲက ထနိုင်မှာမဟုတ်ပါဘူး။ ကမ္ဘာပေါ်မှာ သဘာဝအမွေ ပေါကြွယ်ဝတဲ့နိုင်ငံကြီးဖြစ်ပေမယ့် ဆင်းရဲတွင်းနက်ထဲက မတက်နိုင်သေးတာဟာ နိုင်ငံတော်ကြီးအပေါ်မှာထားတဲ့ မေတ္တာတရားတွေ နည်းပါးနေကြလို့သာဖြစ်ပါတယ်။ ငါနဲ့မတူ ငါ့ရန်သူဆိုပြီး တစ်နိုင်ငံတည်းသားအချင်းချင်း လက်နက်စွဲကိုင် တိုက်ပွဲဝင်နေကြတာဟာလည်း နှစ်ပေါင်း ၇၀ ကျော်လွန်လာပါတော့မယ်။ အဲ့ဒီစစ်ပွဲတွေကြောင့် တိုင်းပြည်ကြီး မွဲသထက်မွဲလာသလို စစ်ပွဲဖြစ်ပွားရာဒေသက အပြစ်မဲ့အမိနိုင်ငံသားတွေရဲ့ စည်းစိမ်ဥစ္စာ အိုးအိမ်တွေ၊ ပညာရေးတွေ၊ ကျန်းမာရေးတွေ၊ အသက်တွေ၊ အနာဂတ်ကြယ်ပွင့်လေးတွေရဲ့ ဘဝတွေ ပေးဆပ်ခဲ့ကြရတယ်မဟုတ်ပါလား။ ပြည်သူလူထုတစ်ရပ်လုံးက ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးလို့ ဘယ်လိုပဲအော်တောင်းတောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ဘယ်လိုပဲကျင်းပကျင်းပ လက်နက်စွဲကိုင်ထားကြတဲ့ ကာယကံရှင်တွေရဲ့ နှလုံးစိတ်ဝမ်းထဲမှာ ငါတို့နိုင်ငံသားတွေ အေးချမ်းငြိမ်းချမ်းစွာနေထိုင်ပြီး ငါတို့တိုင်းပြည်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုတဲ့ မှန်ကန်တဲ့မေတ္တာတရားတွေ မထားနိုင်သရွေ့ ပြည်တွင်းစစ်ပွဲတွေကလည်း ပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး။ တစ်ဦးတစ်ယောက် တစ်သင်းတစ်ဖွဲ့အတွက်နဲ့ ကျွန်တော်တို့ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ မာနတံခွန်မလဲဖို့ အတ္တတွေကိုင်စွဲရမယ့်အချိန်လည်း မဟုတ်တော့ပါဘူး။

ရှေးအစဉ်အဆက်ကတည်းက ဥမကွဲသိုက်မပျက်ဘဲ အတူတကွ အေးအတူပူအမျှနဲ့ နေခဲ့ကြတဲ့ ကျွန်တော်တို့နိုင်ငံကြီးဟာ မေတ္တာတရားကင်းမဲ့တဲ့ ပြည်တွင်းစစ်ပွဲတွေအောက်မှာ အဘက်ဘက်က နောက်ကျကျန်လို့နေပါပြီ။ အသင်းစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲမထားကြဘဲ မိမိနိုင်ငံတော်ကြီးအတွက် မေတ္တာအစစ်နဲ့ အမှန်တကယ်ချစ်ကြပါလို့လည်း တိုက်တွန်းလိုပါတယ်။ ကျွန်တော်တို့နိုင်ငံသားတွေ တစ်ဦးချင်းစီတိုင်းက အစပြုလို့ မိမိတို့ရဲ့အတ္တ၊ မိမိတို့ရဲ့မာနတွေကို ခဝါချလို့ မေတ္တာတရား အစစ်အမှန်များဖြင့် ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သာယာဖို့ ဝိုင်းဝန်းကြိုးစားကြပါစို့ . . . အမိမြန်မာနိုင်ငံသူမြန်မာနိုင်ငံသားအပေါင်းတို့။

aqmifyg;

# ကြိုးစားမှုသည် အကောင်းဆုံးဖြတ်လမ်း

## အလင်းသစ်(ရွှေဆည်မြေ)

လွန်ခဲ့သော နှစ်လ၊ သုံးလလောက်ကဖြစ်မည်။ စာရေးသူ၏ အစ်ကိုများနှင့်သိကျွမ်းသော ဗေဒင်ဆရာတစ်ဦးရှိသည်။ ဗေဒင်ဟောအလွန်ကောင်းလေ၏။ စာရေးသူသည် ကိုယ်ဝါသနာပါသောစာရေးခြင်းဖြင့် အောင်မြင်နိုင်၏၊ မအောင်မြင်နိုင်၏ စသည့်အဖြေများအား ဗေဒင်ဆရာထံမေးမည်ဟု အကြံရမိသည်။ ဗေဒင်ဆရာထံဖုန်းဆက်၍ မေးမိ၏။ မွေးသက္ကရာဇ်နှင့် မွေးဖွားသည့်ရက်ကို ဗေဒင်ဆရာက ပြန်လည်တောင်းလေသည်။ သို့ပေမယ့် စာရေးသူမပေးဖြစ်ခဲ့ပါ။ အမှန်ကတော့ သွားနေတဲ့ခရီးရှည်ကြီးကို အမြန်ရောက်စေရန် ဖြတ်လမ်းလိုက်၍ သွားလိုသည့်သဘောသက်ရောက်သည်ဟု တွေးမိ၍မမေးဖြစ်ခဲ့ခြင်းဖြစ်သည်။

ခရီးသွားတို့မည်သည်ကား လိုရာခရီးကို လျင်မြန်စွာရောက်ရှိရန် ဖြတ်လမ်းရှာကြသည်မှာ မဆန်းပေ။ အချို့က ပိုက်ဆံအလွယ်တကူရစေမည့်နည်းများဖြင့် အောင်မြင်မှုအတွက် အလွယ်တကူဖြတ်လမ်းရှာကြ၏။ လိုရာခရီးကို မိမိတို့အားသန်ရာ ဖြတ်လမ်းများမှ ကူးလူးလှုပ်ရှားကြ၊ သွားလာကြလေသည်။ တချို့က လောင်းကစားဆိုသည့် တစ်လုံး၊ နှစ်လုံး၊ သုံးလုံး စသည့် ကစားနည်းများဖြင့် ဖြတ်လမ်းလိုက်ကြသလို တချို့က လုယက်မှု၊ ခိုးမှုဝှက်မှုများဖြင့် မှားယွင်းသောဖြတ်လမ်းများနောက်ကို လွယ်လွယ်လိုက်တတ်ကြလေသည်။ ထိုလောင်းကစားများ မသမာသောနည်းများဖြင့် ဘဝရပ်တည်နေခြင်းသည် ဖြတ်လမ်းလိုက်နေခြင်းမဟုတ်ပါလား။

တစ်နေ့ မန္တလေးဘုရားကြီးတိုက် မင်္ဂလာအုဌ်ကျောင်းသို့ စာရေးသူရောက်ခဲ့သည်။ သတင်းစာတွေအပုံလိုက်ကြီး တွေ့ရသည်မို့ ဆောင်းပါးတွေဖတ်ချင်၍ အနည်းငယ်တောင်းပြီး ယူလာခဲ့သည်။ ထိုသတင်းစာများသည် ကြေးမုံသတင်းစာ၊ စံတော်ချိန်၊ မြန်မာတိုင်းမ်၊ ရတနာပုံ။ ထိုအထဲမှ ဆောင်းပါးများကိုသာ အလေးပေးရှာဖွေဖတ်ရှုသည်။ တစ်ခါတစ်ရံ ကဗျာများကိုလည်း ဖတ်သည်။ စာပေသူငယ်ချင်းများ၏ ဆောင်းပါးများလည်း ကြေးမုံ၊ ရတနာပုံ၊ စံတော်ချိန်သတင်းစာများတွင် တွေ့ရသည်။ အရင်က စာဖတ်အားနည်းခဲ့သော မိမိအဖို့ အတိုးချကာ ဖတ်မှတ်လေ့လာရမည်မှာ မိမိအလုပ်တစ်ခုဖြစ်၏။

ခရီးတစ်ခုကို လျှောက်လှမ်းခြင်းသည် မိမိဆန္ဒပါရှိမှ ကြိုးစားအားထုတ်မှုမှ အဆက်မပြတ် မှန်မှန်လျှောက်လှမ်းပါမှဖြစ်ပေမည်။ ထို့ကြောင့်လည်း ကိုယ်ဝါသနာပါရာ စာပေရေးသားခြင်းအတွက် စာပေများ အတို၊ အရှည်မရွေး ဖတ်ရှုလေ့လာဖြစ်သည်။ ဖတ်ရှုပြီးသောစာများကို ထပ်ကာထပ်ကာဖတ်ဖြစ်၏။ စာပေရေးသားခြင်းသည် စာပေဝမ်းစာပြည့်ဝရန်လိုသည်မဟုတ်ပါလား။ ဆရာကြီးလယ်တွင်းသားစောချစ်၏ ကလောင်သွေး၍ စာရေးလိုလျှင် စာအုပ်ထဲမှ "ဝမ်းစာပြည့်အောင် စာဖတ်ပါ"ဆိုသည့် ခေါင်းစဉ်အောက်တွင် စာရေးဆရာဖြစ်ချင်လျှင် စာအများကြီးဖတ်ရမည်။ အများကြီးဖတ်မှ စာရေးဆရာ ဝမ်းစာပြည့်မည်။ စာမရေးမီ ကြိုတင်ဖြည့်ဆည်းထားရမည့် အရေးကြီးလိုအပ်ချက်ဖြစ်သည်။ ရသစာရေးဆရာဖြစ်စေ၊ သုတစာရေးဆရာဖြစ်စေ၊ ဘာသာပြန်စာရေးဆရာဖြစ်စေ စာရေးဆရာဖြစ်လိုသူတိုင်း စာအများကြီးဖတ်ရမည်။ ကိုယ်ရေးချင်သော စာအမျိုးအစားကိုတော့ ပိုပြီးဖတ်ရမည်။ ကဗျာရေးချင်သူက ကဗျာကိုပိုဖတ်ရမည်။ ဝတ္ထုတို၊ ဝတ္ထုရှည်ရေးလိုသူက ဝတ္ထုတို၊ ဝတ္ထုရှည် ပိုဖတ်ရမည်။ သုတစာပေနှင့် သတင်းရေးသားရန် ဝါသနာပါသူက သုတစာပေနှင့် သတင်းအရေးအသားများ များများပိုဖတ်ရမည် အစရှိသော ဆိုင်ရာဆိုင်ရာ ဝါသနာပါသည့် စာအမျိုးအစားများကို ဖတ်မှတ်လေ့လာဖို့ ဆရာကြီးက တိုက်တွန်းထားသည်။ ထို့ကြောင့်လည်း ခုတစ်လော စာရေးသူသည် ဆောင်းပါးများကိုသာ ပိုမိုအသားပေးကာ ဖတ်ရှုဖြစ်သည်။

စာရေးသူ၏ နေရာဒေသသည် တိတ်ဆိတ်ငြိမ်သက်သည်ကားအမှန်ပင်။ သို့သော် အပတ်စဉ်ထုတ်ဂျာနယ်၊ နေ့စဉ်ထုတ်သတင်းစာ ပုံမှန်ဝယ်ကြည့်မည့်သူကားမရှိ။ ထို့အတူ စာပေလေ့လာလိုက်စားသူလည်း သိပ်မရှိပေ။ ထို့ကြောင့်ဖြစ်မည်ထင်သည်၊ စာရေးသူတို့ရွာတွင် စာကြည့်တိုက်သို့ စာပေများ ဝင်ရောက်ဖတ်ရှုသူမရှိပေ။ ရုံးခန်းနှင့်တွဲထားသော စာကြည့်တိုက်သည်ကား ဟန်ပြသက်သက်သာဖြစ်၍ အမြဲတမ်းလော့ချထားသည်သာမြင်ရ၏။ အခွင့်ကြုံလျှင် ဓမ္မစကြာဝတ်အသင်းမှ ညီမလေး၊ တူမလေးများကို စာရေးသူ၏အနားတွင်ရှိသော စာအုပ်လေးများကို နှစ်သက်ရာယူစေ၍ စာအုပ်များကို ခဏတာပေးဖတ်လေ့ရှိသည်။ သို့ပေမယ့် စာအုပ်ဟာ စုံစုံလင်လင်မရှိ။ ထို့ကြောင့် သူတို့၏စာဖတ်ချင်စိတ်ကို ဖမ်းစားနိုင်ခြင်းသိပ်မရှိလှပေ။ ဘာပဲဖြစ်ဖြစ် စာကြည့်တိုက်ခေါင်းစဉ်မတပ်သော မိမိ၏အခန်းလေးထဲမှ စာအုပ်လေးများအား တတ်အားသရွေ့ ဖတ်ဖြစ်မှတ်ဖြစ်အောင် ကြိုးစားရပါသည်။ ထိုအမည်မရှိသော စာကြည့်တိုက်၏ စာကြည့်တိုက်မှူးသည်မိမိ၊ စာဖတ်သူသည် မိမိ၊ စာအုပ်များ၊ သတင်းစာများ၊ ဂျာနယ်၊ မဂ္ဂဇင်းဖြင့် အဖော်လုပ်၍ စာဖတ်၊ စာရေး၍ နေခြင်းကြောင့် ထိုအမည်မရှိ ဖတ်သူနည်းသည့်စာကြည့်တိုက်လေးကား နားရက်မရှိ၊ ပိတ်ရက်လည်းမရှိခဲ့ပေ။

စာပေဟောပြောပွဲတစ်ခုတွင် ဆရာမောင်သာချိုပြောသလို "ကျွန်တော်တို့ဟာ လမ်းတွေခေါ်ဆောင်ရာနောက်ကို လိုက်နေရတယ်"ဟုတ်ပါသည်။ ဆရာပြောသလို လမ်းတွေခေါ်ဆောင်ရာကို ကျွန်တော်တို့လိုက်ကြရသည်။ တချို့ဆိုလျှင် ဝါသနာပါရာထက် ကြီးပွားရေး စီးပွားရေးလမ်းပေါ်နောက်ကို လိုက်ကြသည်။ တချို့က ဝါသနာအရင်းခံ၍ ကိုယ်နှင့်အံဝင်မည့်အလုပ်ဟူသည့် လမ်းနောက်ကိုလိုက်ကြသည်။ ဘယ်လမ်းကိုပဲလျှောက်လျှောက် ခရီးမြန်မြန်လျှောက်ချင်ကြ၊ ခရီးမြန်မြန်ရောက်ဖို့ရန် ဖြတ်လမ်းကိုတော့ အနည်းနဲ့အများ ရှာဖွေကြသည်။ ဖြတ်လမ်းဟူသည်ကား မကောင်းဟုမဆိုလို ကောင်းပါ၏။ သို့မှသာ လိုရာခရီးကို လျင်လျင်မြန်ရောက်မည်ဖြစ်သည်။ သို့ပေမယ့် ဖြတ်လမ်းတိုင်းလမ်းသာမည်၊ အချိန်ကုန် လူပင်ပန်းသက်သာမည်ဟု တထစ်ချတွက်၍မရပေ။ လမ်းကြမ်းချင်ကြမ်းနေမည်၊ ခလုတ်ဆူးငြောင့်တွေ များချင်များနေမည်။ ထိုသို့ကြမ်းတမ်းနေသော ဖြတ်လမ်းမျိုးကို ရွေးချယ်မိပါက မိမိသွားလိုသောခရီးသည် နှောင့်နှေးကြန့်ကြာနေမည်။ ထို့အတူ မိမိလျှောက်သော ဘဝခရီးလမ်းတွင် လိုရာခရီးရောက်ဖို့ရန်မှာ လူတိုင်း၏ဆန္ဒဖြစ်သည်။ ထိုသို့ရောက်ရှိဖို့ဆိုလျှင် ဖြတ်လမ်းကောင်းလေးတစ်ခုတော့ လိုအပ်ပေမည်။ ထိုဖြတ်လမ်းလေးဟူသည် မိမိ၏ ကြိုးစားအားထုတ်မှုဖြစ်သည်။ ထိုကြိုးစားအားထုတ်မှုဖြင့် လိုရာခရီးကို မှန်မှန်လျှောက်လှမ်းရင်း ဘဝခရီးရှည်ကြီးကို အဆင်ပြေချောမွေ့စွာ လျှောက်လှမ်းနိုင်ကြပါစေလို့ ဆန္ဒပြုပါသည်။ ။

## ပျား

သရက်မှာစွဲ၍
သကာထက်ချို၏။
တမာမှာစွဲလည်း
သကာထက်ချိုမြဲပင်။
ထိုနည်းတူစွာ လူ့ကမ္ဘာ၌
မကောင်းသူပယ် ကောင်းသူဆယ်က
ဘယ်မှာပေါင်းစရာကျန်မည်နည်း။
အို ◦ ◦ ◦ လူ့ဘဝ
ရေစက်ပါလို့ ဆုံလာကြပြီ
လူဆိုးနှင့်ပေါင်း ငါလူကောင်း
လူကောင်းနှင့်ပေါင်း ငါလူကောင်း
မည်သူ့အကျင့်ပျက်ပျက်
ငါအကျင့်မြတ်ထိုက်စေမည်
ငါသည် ပျားလိုလူပါတည်း။ ။

မြခက်လွှာ

## မြတ်ကထိန်ပွဲ ခြိမ့်ခြိမ့်သဲ

တို့မြန်မာ ပြည်တစ်လွှား
သဒ္ဓါအား ခိုင်ညီ။
ပဒေသာပင် ကုသိုလ်ထူးနဲ့
မြူး မြူးကြသည် ။
နိဗ္ဗာန်သို့ မျှော်မှန်းရည်
ဆင်နွှဲပြီ ကထိန်ပွဲ။
စည်ပြောသံ အတီး အကတွေက
မငြီးလှစွာ ပြည်တစ်ဝှမ်းမှာဖြင့်
ရှင်လန်းကာ ဘဝင်စိမ့်ရတယ်
ခြိမ့်ခြိမ့်ပျံ့ဝဲ။ ။

ဖျာပုံမောင်သုည

## ရွှေမင်းဝံ

တောင်တရိုး
မြူခိုးတွေက တဝေဝေ◦◦◦။
တောင်ခြေမှာ ယာစဉ်တန်းနဲ့
စိမ်းလန်းလို့နေ◦◦◦။
ထုံးဖြူဖြူလေး မပြေ့တပြေ
စေတီရယ်နဲ့ တောင်တော်ဦး။
မြတ်အာရုံ
လက်ကြာငုံ ဦးတင်သလို
မြင်ရကြည်နူး။

မှူးခက်သင်(သခွတ်မြေ)

